
www.burmeseclassic.com
BURMESE CLASSIC .com
တက္ကသိုလ်
ငှက်ပင်းဝံ့ဒေါင်
နယ်ချုပ်လုလင်
ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## နယ်ရှပ်လှုလင်

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ထူးဆန်းသူ

တစ်ဆောင်းသစ်ပြန်ချေပြီ။

သစ်ပင်ပေါ်မှ ဆီးသီးများလည်း တဖြည်းဖြည်း မှည့်လာသည်။ ချူးလုစန်းက နောက်ထပ်သီးပွင့်လာသည့် ဆီးသီးများကို မစားလိုတော့ပေ။

အဘယ်ကြောင့်ဆိုသော် ဤနေရာတွင် ဆက်လက်နေထိုင်သွားလိုသောဆန္ဒ မရှိသောကြောင့် ဖြစ်၏။

တစ်နေ့ ချူးလုစန်းက သူ့စိတ်ကူးကို ကြူးယွင်နှင့် ရှောင်ဝှားတို့အား ဖွင့်ပြောလိုက်သည်။

"အစ်ကိုက ဒီနေရာမှာ ဆက်မနေချင်လည်း မနက်ဖြန်ဘဲ ခရီးစထွက်ကြတာပေါ့။ ဒါနဲ့ ဘယ်နေရာကို သွားမလဲလို့ စိတ်ကူးထားသလဲ"

ကြူးယွင်က ချူးလုစန်း၏ သဘောထားကို မေးရင်း လောဆော်လိုက်၏။ ချင်းလုစန်းက ...

"နီပြာမြို့ကို သွားမလားလို့ စဉ်းစားတာပဲ ညီမ"

www.burmeseclassic.com

www.burmeseclassic.com



ကြူးယွင်က မျက်မှောင်ကြုတ်လျက် ချူးလုစန်း၏မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။

"ခိုပြာမြို့က ဘယ်နေရာမှာရှိသလဲ"

"အဲဒီမြို့က အစ်ကိုယ့်ရဲ့မြို့ပဲ"

"ဇာတိလား"

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... အစ်ကို့ရဲ့ဇာတိပဲ၊ အစ်ကို့ရဲ့မိဘတွေက ငယ်ငယ်ကတည်းက ဆုံးသွားခဲ့တယ်၊ အဒေါ်ရဲ့လက်အောက်မှာပဲ ကြီးပြင်းလာခဲ့ရတယ်၊ ဒါကြောင့် အစ်ကို့အနေနဲ့ အဒေါ်အပေါ် ကျေးဇူးမဆပ်နိုင်သေးပေမယ့် တစ်ခေါက်တော့ သွားကြည့်ချင်သေးတယ်၊ ခိုပြာမြို့က မြို့သာဆိုတယ် ရွာကြီးတစ်ရွာနဲ့မခြားပါဘူး"

"ကောင်းပြီလေ ... ကျွန်မတို့လည်း အစ်ကိုအဒေါ်နဲ့ မိတ်ဆွေဖွဲ့ခွင့်ရတော့ ဟန်ကျတာပေါ့၊ ခိုပြာမြို့ကိုပဲ သွားကြမယ်"

ကြူးယွင်သည် ချူးလုစန်း၏ဆန္ဒအတိုင်း ချက်ချင်းပင် သဘောတူလိုက်သည်။

ဤသို့ဖြင့် တစ်နှစ်နီးပါး ဇာတ်မြှုပ်နေခဲ့သော တောင်ပေါ်ကျောင်းအိုကြီးကို ကျောခိုင်းထွက်လာခဲ့ကြလေသည်။

✱



အင်းဝူးမြို့ ...

အင်းဝူးမြို့သည် ထူးခြားသော မြို့တစ်မြို့ ဖြစ်သည်ဟု ဆိုရပေမည်။

ထိုမြို့၏အရှေ့ဘက်မြို့တံခါးအပြင်ဘက်တွင် ဈေးဆိုင်အများအပြား ခင်းကျင်းရောင်းချနေခြင်းပင် ဖြစ်သည်။

သို့သော် အဓိကအားဖြင့် တည်းခိုရိပ်သာ၊ စားသောက်ဆိုင်နှင့် လှည်းယာဉ်အရောင်းဆိုင်များ ဖြစ်သည်။

တစ်နည်းဆိုသော် ခရီး သွားများအတွက် ဖွင့်လှစ်သော ဈေးဆိုင်များသာ ဖြစ်သည်။

တည်းခိုလိုသူများအဖို့ မြို့တွင်းသို့ ဝင်စရာမလိုဘဲ မြို့ပြင်တွင် တည်းခိုစားသောက်ပြီး ခရီးဆက်နိုင်ကြသည်။

အင်းဝူးမြို့ပြင်ဈေးကွက်သည် ညနေစောင်းချိန်မှ အစပြု၍ စည်ကားတတ်သည်။

ညနေစာစားပြီးချိန်ရောက်သောအခါတွင်မှ အထူးပင် စည်စည်ကားကားရှိတတ်သည်။ စားသောက်ဆိုင်တိုင်းလိုလို ပြည့်ကျပ်နေစမြဲ ဖြစ်သည်။

ယခုအချိန်မှာ ညနေစောင်းအချိန်ဖြစ်သည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ယင်းဈေးဆိုင်များရှိရာ ပတ်ဝန်းကျင်တစ်လျှောက်တွင် ခရီးသွားဧည့်သည်များဖြင့် လှုပ်ရှားစည်ကားနေသည်။

သို့သော် တစ်ခုသောစားသောက်ဆိုင်မှာမူ စားသောက်သူနည်းပါးပြီး ခြောက်ကပ်တိတ်ဆိတ်ငြိမ်သက်နေသည်။

ထူးခြားမှု တစ်ရပ်ပင်လော။

အကြောင်းမှာ ထိုစားသောက်ဆိုင်တွင် ထူးခြားသောလူငါးယောက် ရောက်နေခြင်းကြောင့်ဖြစ်သည်။

ထူးခြားသောလူငါးဦးစလုံးမှာ အသက်သုံးဆယ်ပတ်ဝန်းကျင်တွင်ရှိပြီး အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသည်။

ခေါင်းတွင်လည်း အဖြူရောင်ကြိုးစတစ်စစီ ချည်ထား၏။

ထို့ပြင် အားလုံးသည် ဓားရှည်တစ်လက်စီ လွယ်ပိုးထားပြီး အနက်ရောင် အထုပ်အပိုးတစ်ခုစီလည်း ရှိကြသည်။

သူတို့၏မျက်နှာမှာ နေရောင်နှင့် အချိန်ကြာမြင့်စွာ ကင်းကွာနေသည့်အလား ဖြူဖပ်ဖြူရော်နှင့် ဖြစ်နေကြသည်။

ယင်းအချက်မှာပင် မြင်ရသူအဖို့ စိတ်မချမ်းမြေ့ဖွယ် ဖြစ်နေသည်။

ထို့ပြင် သူတို့၏မျက်နှာပေါ်တွင် အန္တရာယ်အငွေ့အသက်များ လွှမ်းခြုံလျက် ရစ်သိုင်းသည်ကို အထင်းသား ပေါ်လွင်နေ၏။



ခရီးသွားတိုင်းလိုလိုပင် လုံခြုံမှုနှင့် စိတ်ချမ်းသာမှုကို တောင့်တကြသည်။

ထို့ကြောင့် ယင်းကဲ့သို့ ဆိုးသွမ်းမိုက်မဲသော ဟန်ပန်ပေါက်နေသည့် လူတစ်စုကို ခပ်ဝေးဝေးက ရှောင်ဖယ်သွားကြမည်မှာ ဓမ္မတာပင် ဖြစ်၏။

ယင်းကြောင့်ပင် ထိုစားသောက်ဆိုင်သည် တခြားစားသောက်ဆိုင်များ ကြိတ်ကြိတ်တိုး စည်ကားချိန်တွင် ကျက်သရေကင်းမဲ့သော ဝတ်စုံနက်ငါးယောက်သာ ရှိနေခြင်းဖြစ်ပေသည်။

✲

လောကတွင် လူအမျိုးမျိုးရှိသလို စိတ်ထားအမျိုးမျိုး ရှိကြသည်။ အထူးသဖြင့် သိုင်းလောကတွင် တချို့ဆိုလျှင် ဘေးအန္တရာယ်ကို မြင်လျက်နှင့် ဝင်တိုးတတ်သည်။

တချို့ကလည်း ပတ်ဝန်းကျင်ကို ဂရုမစိုက် ကိုယ့်ဆန္ဒအလျောက်သာ ပြုမူလှုပ်ရှားတတ်ကြစမြဲ ဖြစ်သည်။

ထိုကဲ့သို့သောလူမျိုးသည် နေရာအနှံ့တွင် တွေ့မြင်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ထိုလူစားမျိုး သုံးယောက်ရှိသည်။

သူတို့သုံးယောက်ထဲတွင် နှစ်ယောက်မှာ ငယ်ရွယ်သော မိန်းကလေးဖြစ်ပြီး ကျန်တစ်ယောက်မှာ အမျိုးသားဖြစ်လေသည်။

လူရွယ်၏အသက်မှာ နှစ်ဆယ့်ငါးနှစ်ပတ်ဝန်းကျင်မျှသာ ရှိ၏။

ယင်းလူရွယ်မှာ ယောကျ်ားပီသသောရုပ်သွင်ကို ပိုင်ဆိုင်ထားပြီး အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

မိန်းကလေးနှစ်ယောက်မှာလည်း နုနယ်ပျိုမျစ်ပြီး ချောမောလှပသည်။

မြင်သူတကာ ငေးမောကြည့်ရလောက်အောင် လှပကြော့ရှင်းသည်။

သူတို့သုံးယောက်သည် ညစာစားသောက်ရန် ရောက်လာခြင်း ဖြစ်သည်။

တခြားဆိုင်တွင် လူများ ပြွတ်သိပ်နေ၍ လူရှင်းသော ဤဆိုင်သို့ ရောက်လာခြင်းဖြစ်ဟန်တူသည်။

သူတို့သည် ပြတင်းပေါက်နှင့်နီးသော စားပွဲတစ်လုံးတွင် ဝင်ထိုင်ကြ၏။

စားပွဲထိုးတစ်ယောက်သည် သူတို့ထံ ရောက်လာသော အချိန်တွင် လူရွယ်က သူ့နံဘေးမှထိုင်နေသော မိန်းကလေးဘက်သို့



လှည့်၍ မေးလိုက်၏။

"ဘာစားချင်သလဲ ညီမ … ကြိုက်တာမှာလေ"

အဖြူရောင်ဝတ်စုံနှင့် မိန်းကလေးက ချစ်ချင်စဖွယ် ပြုံးလိုက်ပြီး …

"ဟင့်အင်း … ကျွန်မက စားပဲစားတတ်တယ်၊ ဘာစားရမလဲဆိုတာ မရွေးတတ်ဘူး၊ ရှောင်ဝှားကိုပဲ ရွေးခိုင်းလိုက်ပါ"

ဟု ပြောလိုက်သည်။

သူတို့သုံးယောက်သည် အခြားသူများ မဟုတ်ပါ။

မရဏာမီးပုံးအဖွဲ့မှ ချူးလုစန်း၊ ကျူးယွင်နှင့် ရှောင်ဝှား ဖြစ်သည်။

ရှောင်ဝှားက နွတ်သွက်လျှာသွက်ဖြင့် ဟင်းလျာလေးမျိုး၊ ဟင်းချိုတစ်မျိုးနှင့် အရက်တစ်မျိုး မှာလိုက်သည်။

မကြာမီ စားသောက်ဖွယ်ရာများ ရောက်လာ၍ သုံးယောက်သား အားပါးတရ စားသောက်လိုက်ကြသည်။

သုံးယောက်စလုံး၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ပြေးနေကြသည်။ ကြည်နူးဖွယ်ရာစကားသံများ ဝေစီသွားတော့သည်။

သို့သော် သူတို့၏ပျော်ရွှင်မှုများ ကြာရှည်မခံပါ။

ထုံးစံအတိုင်း အနှောင့်အယှက် အဖျက်အဆီးက ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာရှာသူမှာ စောစောကတည်းက ဆိုင်ထဲသို့ရောက်နှင့်နေသော ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသော လူငယ်တစ်ယောက် ဖြစ်၏။

တိတိကျကျပြောရလျှင် ထိုငါးယောက်ထဲမှ တစ်ယောက်က ပြဿနာရှာလိုက်ခြင်းဖြစ်သည်။

"ဟိတ် မိန်းကလေးတို့ ... တို့နဲ့ အဖော်လာလုပ်ပါလား"

ရှောင်ဗှားဒေါပွသွားသည်။

မိန်းကလေးဆို၍ ဤစားသောက်ဆိုင်တွင် သူမနှင့်ကြုံးယှဉ်သာ ရှိပေသည်။

ရှောင်ဗှားက မျက်နှာထားတင်းတင်းဖြင့် ...

"ရှင် ဘာစကားပြောတာလဲ"

ရန်စလာသော ဝတ်ရုံနက်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ဝတ်စုံနက်ငါးယောက်ထဲတွင် သူက ခေါင်းဆောင်ဖြစ်ဟန်တူသည်။

ခေါင်းဆောင်ဖြစ်သူက ရှောင်ဗှားအား စေ့စေ့ကြည့်ကာ ...

"ဟဲ ဟဲ ... မိန်းကလေးတွေကတော့ ဒီလိုပါပဲ၊ ပထမတော့ မူတာတ်ကြတယ်၊ နောက်တော့လည်း လိုက်လျောကြတာပါပဲ ..အင့်"

သူ စကားဆုံးအောင် မပြောနိုင်ဘဲ မျက်နှာရှုံ့မဲ့သွားပြီး



အော်ဟစ်ညည်းညူလိုက်လေသည်။

ကျန်လေးဦး အံ့ဩသင့်သွားကာ ခေါင်းဆောင်ဖြစ်သူကို ကြည့်လိုက်သည်။

အစားအစာကို ညှပ်သော ဝါးတူတစ်ချောင်းက ထိုလူ၏ ရှေ့သွားနှစ်ချောင်းကို ချိုးပစ်လိုက်သည်။

ထို့ပြင် ကျိုးသွားသော ရှေ့သွားနှစ်ချောင်းက အာခေါင်အထက်သို့ စူးဝင်သွားသည်။

ဒဏ်ရာက သေလောက်သည့်ဒဏ်ရာ မဟုတ်သော်လည်း အတော်ပင် အခံရခက်ပေသည်။

ရှောင်ဗှား၏လက်ချက်ဖြစ်ကြောင်း သိသာသည်။

အဘယ်ကြောင့်ဆိုသော် ယခုအချိန်တွင် သူမက တခြားဝါးတူတစ်ချောင်းကို လက်ထဲတွင် ဆော့ကစားနေသောကြောင့် ဖြစ်သည်။

ရှောင်ဗှားက ခေါင်းဆောင်ဖြစ်သူကို ပညာသားပါပါ ဆုံးမလိုက်ခြင်းဖြစ်သည်။

ဤတွင် ဝတ်ရုံနက်၏တပည့်လေးယောက်စလုံး ပြိုင်တူလိုလိုပင် နေရာမှ ဝုန်းခနဲထကာ ဓားရှည်ကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။

'ဝှီး ဝှီး'

www.burmeseclassic.com

www.burmeseclassic.com



လေတိုးသံများ ပဲ့တင်ထပ်သွားသည်။

ထိုလူသုံးယောက်က ရှောင်ဗှားထံ ချဉ်းကပ်သွားသည်။

ဤတွင် ရှောင်ဗှား၊ ချူးလုစန်းနှင့် ကြူးယွင်တို့လည်း ပြိုင်တူထရပ်လိုက်ကြသည်။

သူတို့သုံးယောက်လည်း ဓားကိုယ်စီဆွဲထုတ်လျက် ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။

✵

ရှောင်ဗှား၏ လှုပ်ရှားမှုက မြန်ဆန်လွန်းသည့်အတွက် ဝတ်စုံနက်တို့၏ ခေါင်းဆောင် ခံလိုက်ရခြင်းဖြစ်သည်။

အခြေအနေတင်းမာနေသောကြောင့် စားပွဲထိုးက ကြောက်ကြောက်လန့်လန့်နှင့် လှမ်း၍ တောင်းပန်လိုက်သည်။

"တောင်းပန်ပါတယ်၊ ရန်မဖြစ်ကြပါနဲ့၊ တော်ကြာ တစ်ဆိုင်လုံး ပျက်စီးသွားပါဦးမယ်"

ချူးလုစန်းက ဝတ်ရုံနက်လေးဦးကို စူးစူးရဲရဲ ကြည့်လိုက်သည်။

"ဆိုင်ထဲမှာနေရာကျဉ်းပါတယ် အပြင်ကို သွားကြရအောင်"



ချူးလုစန်းသည် အပိုစကား မပြောတော့ဘဲ ရှောင်ဗှား၊ ကြူးယွင်တို့နှင့်အတူ ဆိုင်အပြင်သို့ ချက်ချင်းပြေးထွက်သွားကြလေသည်။

ကိုယ်ကျပ်အင်္ကျီနှင့် လူလေးဦးကလည်း ဆိုင်အပြင်သို့ ပြေးလိုက်သွားကြသည်။

ဆိုင်အပြင်တွင် မြေကွက်လပ်တစ်ခု ရှိသည်။

တိုက်ခိုက်ယှဉ်ပြိုင်ရန် အကောင်းဆုံးနေရာတစ်ခု ဖြစ်နေသည်။

သို့သော် ချူးလုစန်းသည် ရန်ဖြစ်ချင်စိတ် အလျဉ်းမရှိပါ။

အနက်ရောင်ဝတ်စုံရှင်တို့နှင့် မျက်နှာချင်းဆိုင်ကာ ပြေရာပြေကြောင်း စကားဆိုလိုက်သည်။

"ဒီမှာမိတ်ဆွေတို့ ... ခုဖြစ်တဲ့ကိစ္စက နှစ်ဖက်စလုံး အမှားရှိပါတယ်၊ အကယ်၍ ခင်ဗျားတို့ဘက်က ကျေအေးနိုင်မယ်ဆိုရင် ဆေးဖိုးဝါးခ ကျွန်တော်ကပဲ တာဝန်ယူပေးပါ့မယ်"

ထိုအခါ ဝတ်စုံနက်လေးယောက်ထဲက ပိန်ပိန်ရှည်ရှည်လူက ပြက်ချော်ချော် ဝင်လော်သည်။

"ကောင်းတာပေါ့၊ ဒါပေမဲ့ ဆေးဖိုးဝါးခက သိပ်မြင့်တော့ ခင်ဗျားတို့ တာဝန်ယူနိုင်မှာ မဟုတ်ဘူး"

"ဘယ်လောက်များ လိုချင်လို့လဲမိတ်ဆွေ၊ ပြောကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်းက အားတက်သရော မေးမြန်းလိုက်သည်။

ဝိန်ဝိန်ရှည်ရှည်လူက ဟားတိုက်ရယမောလိုက်ပြီးမှ ပြောလိုက်သည်။

"များများစားစားတော့ မဟုတ်ပါဘူး၊ ဒီကောင်မလေး နှစ်ယောက်ကို တို့ခေါ်သွားမယ်၊ ပြီးတော့ မင်းရဲ့ ခေါင်းကို အဲဆစ်ထည့်ပေးလိုက်ရမယ်"

ချူးလုစန်း သက်ပြင်းချလိုက်သည်။

"ကျုပ်က လူတစ်ဖက်သားကို အကြောင်းမဲ့ ထိခိုက်အောင်မတိုက်ခိုက်ချင်ပါဘူး၊ ခင်ဗျားတို့က သိပ်ပြီး ရန်လိုနေတယ်၊ ဒီတော့တိုက်ခိုက်ရုံအပြင် ဘယ်လိုမှ မတတ်နိုင်တော့ပါဘူး"

ပြောပြီးသည်နှင့် သူ၏ညာလက်က ဓားရိုးကိုဆုပ်ကိုင်ထားလိုက်လေသည်။

ဓားရိုးကို ဆုပ်ကိုင်လိုက်သည်နှင့် သူ၏မျက်နှာမှာ ချက်ချင်းပင် ခက်ထန်တင်းမာသွားလေသည်။

ရုတ်ခြည်းပြောင်းလဲသွားသော ချူးလုစန်း၏ကြောက်မက်ဖွယ်ရာပြောင်းလဲမှုကြောင့် တိုက်ခိုက်ရန်ဟန်ပြင်နေသော ကိုဝိန်ရှည် တစ်ချက်တွန့်ခနဲ ဖြစ်သွားသည်။

မိမိရင်ဆိုင်မိသောလူမှာ ထိပ်သီးသိုင်းသမားတစ်ဦးဖြစ်ကြောင်း ချက်ချင်းရိပ်စားမိသွားသည်။



ယင်းကြောင့်ပင် သူသည် ရုတ်တရက် ဝင်ရောက် တိုက်ခိုက်ခြင်းမပြုဘဲ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

ဤတွင် တခြားအနက်ရောင်ဝတ်စုံရှင်က ကိုဝိန်ရှည်ကို ကူရန် ရှေ့သို့တိုးလာ၏။

ထို့နောက် လူချင်းခွဲကာ ချူးလုစန်းအား ဝဲယာညှပ်၍ တိုက်ခိုက်လိုက်ကြလေတော့သည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

## ပြဿနာအစ

တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာသည်။

ဝတ်စုံနက်နှစ်ဦးသည် ချူးလုစန်းအား ဝဲယာညှပ်၍ တိုက်ခိုက်လိုက်ကြ၏။

ကျန်နှစ်ဦးကလည်း ငြိမ်မနေဘဲ ရှောင်ဗွားနှင့်ကြူးယွင်တို့အား တိုက်ခိုက်လိုက်ကြလေသည်။

သူတို့၏လှုပ်ရှားမှုက လျင်မြန်လှ၍ မည်သို့မည်ပုံ တိုက်ခိုက်နေမှန်းပင် မသိရချေ။

လျှပ်လက်သလို ဓားရောင်မှာ ဝင်းခနဲ လက်ခနဲကြားမှ လေတိုးသံနှင့် ဓားချင်းထိခိုက်သံများ အဆက်မပြတ် ထွက်ပေါ်နေ၏။

'ဂိုး ဂိုး ဂိုး'

ယင်းအချိန်တွင် တိုက်ပွဲကို လာရောက်ကြည့်ရှုသော ပရိသတ် လူတော်တော်များများ ဝိုင်းအုံနေကြ၏။

သို့သော် ... တိုက်ပွဲက ပြင်းထန်သည်နှင့်အမျှ အချိန်က



တိုတောင်းလှသည်။

ရုတ်ခြည်းဆိုသလို ပြိုးပြက်သောဓားရောင်နှင့် လေတိုးသံများ ပျောက်ကွယ်သွားပြီး ညည်းညူသံများ အဆက်မပြတ် ပေါ်ထွက်လာသည်။

တိုတောင်းသောအချိန်တွင်း တိုက်ပွဲသည် လျင်မြန်စွာ ပြီးဆုံးသွား၏။

အနီးရှိပွဲကြည့်သူများ အလိုလိုပင် ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြ၏။

အဘယ်ကြောင့်မူ ဝတ်စုံနက်လေးဦး၏ကံကြမ္မာ ဆိုးလှပေသည်။

လေးယောက်စလုံး ဓားကိုင်လက်များပြတ်လျက် မြေကွက်လပ်ထဲတွင် မချိမဆံ့ လူးလိမ့်နေကြသည်။

ချူးလုစန်းသည် ဓားရှည်ကို ပြန်လည်သိမ်းဆည်းလိုက်သည်။

ထို့နောက် ပွဲကြည့်ပရိသတ်များကို တည်ငြိမ်သောအသံဖြင့် ရှင်းပြလိုက်၏။

"ဒီလူတွေက ကျွန်တော် ပညာသင်ဘက်ညီမနှစ်ယောက်ကို စော်ကားမော်ကားလုပ်လို့ ခုလို ဖြစ်ရတာပါ။ ကျွန်တော်တို့က အတတ်နိုင်ဆုံး ရှောင်ရှားပေမယ့် မရတဲ့အဆုံး ပြန်ပြီး တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



ရတာပါ၊ ကျွန်တော်တို့အပေါ် အထင်မလွဲပါနဲ့"

မည်သူကမျှ ချူးလုစန်း၏စကားကို တုံ့ပြန်ပြောဆိုခြင်း မပြုပါ။

သို့သော် အလွန်တိုးညင်းသောအသံတစ်ခုက ချူးလုစန်း၏ နားထဲသို့ တိုးဝင်လာ၏။

"ဒီလူတွေ သေသင့်တယ်ဆိုပေမယ့် အခုလိုလုပ်မိတဲ့အတွက် မင်းတို့အဖို့ အန္တရာယ်မကင်းဘူး၊ ငါ နည်းလမ်းတစ်ခုပေးမယ် ... ဘယ်လိုသဘောရလဲ"

အသံမှာ တိုးညင်းသော်လည်း ကြည်လင်ပြတ်သားသည်။

ချင်းလုစန်းက ဘေးဘီသို့ လှည့်ပတ်ကြည့်လိုက်၏။

ပိန်ပိန်သွယ်သွယ် ကိုယ်ဟန်ရှိသော လူတစ်ယောက်က သူ့ကို ပြုံးပြနေသည်ကို တွေ့လိုက်ရသည်။

သူ့ပုံဟန်မှာ အသံပို့နည်းကို အသုံးပြုကာ ချူးလုစန်းအား သတိပေးပြောကြားလိုက်ခြင်းဖြစ်၏။

ချူးလုစန်းကလည်း ထိုသူကို ပြန်လည်ပြုံးပြလိုက်၏။

ထို့နောက် ထိုလူအသုံးပြုသော နည်းစနစ်အတိုင်းပင် ချူးလုစန်းက တုံ့ပြန်လိုက်၏။

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ ဘယ်နေရာမှာ တွေ့ကြမလဲ"



ထိုလူက ...

"ညသန်းခေါင်အချိန်ကျမှ အေးအေးဆေးဆေး တွေ့ကြတာပေါ့"

ဟု ပြောပြီးသည်နှင့် ချာခနဲ လှည့်ထွက်သွားသည်။

ချူးလုစန်းကလည်း ကြူးယွင်၊ ရှောင်ဗှားတို့နှင့်အတူ စားသောက်ဆိုင်ထဲသို့ ပြန်ဝင်သွားသည်။

ကျသင့်ငွေများကိုပေးကာ အခန်းနှစ်ခု ငှားလိုက်၏။

ချူးလုစန်းသည် ဤနေရာတွင်ပင် တစ်ညတာ တည်းခိုရန် ဆုံးဖြတ်လိုက်၏။

သူ၏ဆုံးဖြတ်ချက်ကို ကြူးယွင်ကလည်း လက်ခံလိုက်သည်။

သို့သော် ရှောင်ဗှားက စောဒကတက်လိုက်သေး၏။

"အစ်ကို ကျွန်မတို့ ဒီမှာပဲ တည်းကြမယ် ... ဟုတ်လား"

ချူးလုစန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... လူတစ်ယောက်က ငါနဲ့စကားပြောဖို့ ချိန်းထားတယ်"

"ဟို စာပေသမားပုံ ပေါက်နေတဲ့လူလား"

"ဟုတ်တယ် ... မင်းလည်း ရိပ်မိတယ် မဟုတ်လား"

"ကျွန်မက အ,အမှ မဟုတ်တာဘဲ၊ မရိပ်မိဘဲ နေပါ့မလား၊

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ သူ ဘာတွေပြောသွားတာလဲ"

"တို့တစ်တွေ အန္တရာယ်ကျတော့မယ်၊ လွတ်မြောက်ဖို့ နည်းလမ်းပြမယ်လို့ ပြောတာပဲ"

"အပိုတွေပါ၊ ကျွန်မတို့ကို ရန်ရှာဝံ့တဲ့လူ ရှိမှာမဟုတ်ဘူး"

"ကိုယ့်ကိုယ်ကိုယ် သိပ်အထင်မကြီးပါနဲ့၊ ကိုယ်က ဘယ်လောက်ပဲတော်တော် ကိုယ့်ထက်သာတဲ့လူ ရှိစမြဲပဲ၊ ဘာပဲဖြစ်ဖြစ် သတိထားတာ မမှားပါဘူး"

"ဒါဆိုရင် ကျွန်မမှားတယ်လို့ ဝန်ခံရမှာပေါ့၊ သိုင်းလောကဆိုတာ အင်မတန် ကြောက်စရာကောင်းတယ်၊ လူလိမ်တွေကလည်း များတယ်၊ လူတိုင်းရဲ့စကားကို မယုံမိဖို့ အရေးကြီးတယ်၊ ဒီလိုလုပ်ရင် မကောင်းဘူးလား၊ တစ်ခုခုဆိုရင် ကျွန်မတို့ ဝင်ကူညီမယ်"

"ကောင်းတော့ သိပ်ကောင်းတယ်၊ မင်းသိပ်ပင်ပန်းသွားမှာကိုတော့ အားနာတယ်"

ကြူးယွင် ရှက်ပြုံးပြုံးလိုက်ပြီး ...

"အစ်ကိုကလည်း အခုထိ ဒီစကားမျိုးပြောနေရသေးလား" ဟု ပြောလိုက်လေသည်။

✸



ညဉ့်နက်ပြီဖြစ်သည်။

အေးစိမ့်သော ညဉ့်လေသည် တဟူးဟူး တိုက်ခတ်နေ၏။

အပြင်ဘက်တွင် အအေးဓာတ်လွန်ကဲမှုကြောင့် မည်သူမျှ မထွက်ကြဘဲ တိတ်ဆိတ်ငြိမ်သက်နေကြသည်။

ထိုစဉ်မှာပင် သစ်ရွက်နင်းသံလိုလို နားအတွင်းသို့ ဝင်ရောက်လာ၏။

ချူးလုစန်း ချက်ချင်းဆိုသလို အသံပြုလိုက်၏။

"ကျေးဇူးပြုပြီး ဝင်လာပါ မိတ်ဆွေ"

"နားတော်တော်ပါးတာပဲ"

တုံ့ပြန်သံ ချက်ချင်း ထွက်ပေါ်လာသည်။

စကားသံ တိတ်သွားလျှင် လူရိပ်သဏ္ဍာန်တစ်ခုက ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ ပေါ့ပါးစွာခုန်ဝင်လာသည်။

ဝင်ရောက်လာသူမှာ ချူးလုစန်းနှင့် အချိန်းအချက်ပြုလုပ်ထားသော ဝိန်ဝိန်ရှည်ရှည် စာပေသမားပင် ဖြစ်သည်။

စာပေသမားက ချူးလုစန်းကို အပြုံးဖြင့် နှုတ်ဆက်လိုက်သည်။

"ဝါနာမည်က ယို့မင်း၊ လူတွေကတော့ စာပေရူးယို့မင်းလို့ ကင်ပွန်းတပ်ကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် သူ့ဂုဏ်ပုဒ်ကို ထုတ်ဖော်ပြီး မိတ်ဆက်လိုက်၏။

ချူးလုစန်းက ...

"လက်စသတ်တော့ နာမည်ကြီး စာပေသမားပဲကိုး၊ ကျွန်တော် အခုမှ သဘောပေါက်တော့တယ်"

စာပေရူးယို့မင်းမှာ သိုင်းလောက၏ လူထူးလူဆန်း တစ်ယောက်ဖြစ်သည်။

သူသည် အလွန်စပ်စုသည့်အလျောက် သူတစ်ပါး ကိစ္စထဲ ဝင်စွက်သည့် ဝါသနာရှိသည်။

ယင်းကြောင့် ချူးလုစန်းက ယခုမှ သဘောပေါက်သွားကြောင်း ပြောဆိုလိုက်ခြင်းဖြစ်၏။

ယို့မင်းသည် အားမနာတတ်ပေ။

တွေ့ရာထိုင်ခုံတွင် ဇွတ်ခနဲ ဝင်ထိုင်လိုက်သည်။

ထိုအချိန်တွင် ရှောင်ဟွာက အရက်တစ်အိုးနှင့် ဟင်းလျာတချို့ကို လင်ပန်းနှင့် ထည့်ယူလာသည်။

ချူးလုစန်းက သူနှင့်ယို့မင်းကို မိတ်ဆက်ပေးလိုက်သည်။

"ဒါက သိုင်းလောကရဲ့ နာမည်ကြီးစာပေသမား ယို့မင်းဆိုတာပဲ၊ ဟောဒီက မိန်းကလေးကတော့ ကျွန်တော့်ပညာသင်ဘက် ညီမရှောင်ဟွားလို့ခေါ်တယ်"



ယို့မင်းက ထိုင်ရာမှ ထ၍ ရိုသေမှုကို ပြလိုက်သည်။

"အရှိန်မတော် အနှောင့်အယှက်လာပေးမိတဲ့အတွက် ခွင့်လွှတ်စေချင်ပါတယ်"

စာပေရူးယို့မင်းက သိမ်မွေ့စွာ တောင်းပန်လိုက်လေသည်။ ရှောင်ဟွားက အလိုက်အထိုက် ပြုံးပြလိုက်၏။

"ဒီလို မပြောပါနဲ့ ... ကျွန်မတို့က ထွေထွေထူးထူး ကျွေးစရာ မရှိပါဘူး၊ အချမ်းပြေ အရက်သောက်ကြပေါ့ရှင်"

ရှောင်ဟွားသည် ပြောပြီးသည်နှင့် အပြင်သို့ ပြန်လည်ထွက်သွားသည်။

ရှောင်ဟွားသည် ယို့မင်းကိုမတွေ့ဖူးပါသော်လည်း ယို့မင်းအကြောင်းကိုတော့ ကြားဖူးနားဝ ရှိသည်။

ယို့မင်းသည် စေတနာအလွန်ကောင်းသူ ဖြစ်သည်။

ကိုယ်နှင့်မဆိုင်သောကိစ္စဖြစ်နေကာမူ ဝင်ရောက်ကူညီတတ်သည်။

ထိုကဲ့သို့သောလူမျိုးသည် လူတစ်ဖက်သားအပေါ် ဘယ်သို့လျှင် ဒုက္ခပေးပါမည်နည်း။

ယင်းကြောင့် ရှောင်ဟွားသည် အခန်းထဲတွင် ဆက်မနေတော့ဘဲ စိတ်ချလက်ချဖြင့် ပြန်ထွက်သွားခြင်းဖြစ်သည်။

ချူးလုစန်းသည် အရက်ခွက်ထဲသို့ အရက်ဖြည့်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် စကားစလိုက်၏။

"ကဲ မိတ်ဆွေကြီး ... ကျွန်တော်တို့ အရက်သောက်ရင်း ပြောကြတာပေါ့။ သုံးဆောင်ပါဦး"

ယို့မင်းသည် ဖွင့်လင်းသူဗီဗီ အားမနာတမ်း အရက်ခွက်ကို ကောက်ယူပြီး မော့ချလိုက်၏။ ပြီးမှ စကားစတော့သည်။

"ဇွဲညီနဲ့ တိုက်ခိုက်တဲ့ ဟိုလူတွေဟာ ဘယ်သူဘယ်ဝါဆိုတာ သိရဲ့လား"

ချူးလုစန်း ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

ယို့မင်းက ...

"ဒီခြောက်လအတွင်း သိုင်းလောကမှာ အရေးကြီးတဲ့ကိစ္စတွေ ဖြစ်ပျက်ခဲ့တယ်"

ချူးလုစန်းက ...

"ကျွန်တော် ဘာဆိုဘာမှ မသိဘူး၊ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်က အတွင်းဒဏ်ရာရထားလို့"

ယို့မင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ ချူးလုစန်းက စကားဆက်လိုက်သည်။

"အဲဒါနဲ့ တစ်နှစ်လုံးလုံး ပညာသင်ဘက်ညီမနှစ်ယောက်နဲ့ တောင်ပေါ်မှာနေလာခဲ့တယ်၊ အခု တောင်ပေါ်က ဆင်းလာတာ



တစ်လတောင် မပြည့်သေးဘူး။ ဒီတော့ သိုင်းလောကနဲ့ အဆက်ပြတ်ပြီး ဘယ်သိနိုင်မှာလဲ"

"ဒီခြောက်လအတွင်း သိုင်းလောကမှာ ဘာများဖြစ်ခဲ့သလဲ"

ချူးလုစန်းက သိချင်ဇောဖြင့် အလောတကြီး မေးမြန်းလိုက်သည်။

ယို့မင်းက ...

"ပထမကိစ္စက သွေးစက်ဖိတ်စာပဲကွ"

"သွေးစက်ဖိတ်စာဆိုတာ ဘာလဲ"

"တိတိကျကျ ပြောပြရရင် ဒီဖိတ်စာဟာ အမိန့်တော် တစ်ရပ်၊ ဒါမှမဟုတ် တစ်နည်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် ရောင်းစားတဲ့ စာချုပ်လို့လည်း ဆိုရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖိတ်စာပေါ်မှာ လက်မှတ်ရေးထိုးလိုက်တာနဲ့ ရက်ပေါင်းသုံးဆယ်အတွင်း လျှို့ဝှက်အဖွဲ့အစည်းတစ်ခုထဲ ဝင်ရတယ်"

"တကယ်လို့ လက်မှတ်မထိုးဘူးဆိုရင်ကော"

ချူးလုစန်း စောဒကတက်လိုက်၏။

ယို့မင်း ပြုံးလိုက်၏။

"သုံးဆယ်ရက်ပြည့်တဲ့နေ့ နေ့ဝက်တစ်နေ့မှာပဲ သက်ဖြူဆံထိုး ရောက်လာတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် အဲဒီဆံထိုးက သွေးစက်ဖိတ်စာနဲ့ ဆက်စပ်နေမှာပေါ့"

ချူးလုစန်းက ထင်မြင်ချက်ပေးလိုက်သည်။ စာပေရှူးယို့မင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ လျှို့ဝှက်အဖွဲ့ထဲ မဝင်ချင်လို့ ဖိတ်စာမှာ လက်မှတ်မထိုးတဲ့လူဟာ ရက်သုံးဆယ်ပြည့်တဲ့ နောက်တစ်နေ့မှာပဲ အဲဒီဆံထိုး ရလိမ့်မယ်"

ယို့မင်းက ဆက်ပြောလိုက်သည်။

"တကယ်လို့ ဆံထိုးရပြီး သုံးရက်အတွင်းမှာ အဖွဲ့ဝင်ဖို့ ငြင်းဆန်နေရင် ဒုက္ခလှလှကြီးတွေ့မှာ သေချာတယ်"

"တကယ်လို့ လက်ခံလိုက်ရင်ကော"

"လွယ်ပါတယ်၊ ဗံခါးဘောင်မှာ ဗိတ်စဖြူတစ်စ ချိတ်လိုက်ရုံပဲ"

"နောက်ပိုင်းရော"

"နောက်ပိုင်း ဘာတွေဖြစ်လာမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် လက်မှတ်ထိုးတဲ့လူက အဲဒီအချိန်ကစပြီး အစအနရှာမရအောင် ပျောက်သွားမှာပဲ"

"တယ်ကြောက်စရာကောင်းပါလားဗျ၊ ဘယ်သူတွေက အဲဒီသွေးစက်ဖိတ်စာကို ရလိုက်လို့ ခုလို ခရေစေ့တွင်းကျ သိခွင့်ရတာလဲ"



"ခြောက်လအတွင်းမှာ လူပေါင်းနှစ်ဆယ်ကျော်ဟာ သွေးစက်ဖိတ်စာ လက်ခံရရှိခဲ့တယ်၊ နှစ်ယောက်လောက်ပဲ သတ္တိရှိရှိနဲ့ ဖိတ်စာပေါ်မှာ လက်မှတ်မထိုးဘဲ တင်းခံခဲ့တယ်၊ ကျန်တဲ့လူတွေကတော့ အဲဒီ လျှို့ဝှက်အဖွဲ့ထဲ ဝင်သွားကြတယ်"

ချူးလုစန်း သက်ပြင်းချလိုက်သည်။

"အခုခေတ်မှာ ဒီလို သတ္တိရှိတဲ့ပုဂ္ဂိုလ်မျိုးကတော့ တော်တော့်ကို ရှားတယ်၊ ဖိတ်စာပေါ်မှာ လက်မှတ်မထိုးတဲ့ပုဂ္ဂိုလ် နှစ်ယောက်က ကိုးနဝင်း ချိုဖုန်းနဲ့ ကြယ်ပျံစီးဖိုးပဲ မဟုတ်လား"

ချူးလုစန်းက ထင်ကြေးပေးလိုက်၏။ ယို့မင်းက ပြုံးလိုက်သည်။

"ဒီပုဂ္ဂိုလ်နှစ်ဦးက နာမည်ကြီးတယ်၊ ဂုဏ်သိက္ခာလည်း ရှိတယ်၊ ငါဆိုလည်း သူတို့ပဲလို့ ယူဆနေမှာပဲ၊ ဒါပေမဲ့"

"ကျွန်တော် ထင်ကြေးပေးတာ လွဲသွားလို့လား"

"ဟုတ်တယ် ... လွဲသွားတယ်၊ သတ္တိရှိရှိနဲ့ ငြင်းဆန်ခဲ့တာက လိပ်ပြာမယ်တို့ လင်မယားနဲ့ ကျားစံအိမ်က မိသားစုတွေပဲ၊ ကျားစံအိမ်ထဲမှာ လူပေါင်းရှစ်ဆယ်ကျော် ရှိတယ်"

ချူးလုစန်းက မယုံကြည်နိုင်ဟန်ဖြင့် ခေါင်းကိုတွင်တွင်ခါယမ်းလိုက်၏။

"ဒီပုဂ္ဂိုလ်တွေက အားလုံးလိုလို သိုင်းပညာကို အ[illegible]ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တတ်ထားကြတာပဲ၊ သူတို့ရဲ့ အသက်ကိုတောင် ရန်ရှာရဲတယ် ဆိုတော့ ဒီကိစ္စဟာ တကယ့်ကို ကြောက်စရာကောင်းနေပြီပေါ့"

"ဒါကြောင့်လည်း မင်းအတွက် ဘေးအန္တရာယ်များနေပြီလို့ ငါသတင်းဝင်ပေးရတာပေါ့ကွာ"

ချူးလုစန်း၏ မျက်လုံးအစုံ ပြူးကျယ်သွား၏။

"ကျွန်တော်ရှင်းပစ်လိုက်တဲ့ ဟိုအနက်ရောင်ဝတ်ထားတဲ့ လူတွေက မိတ်ဆွေကြီးပြောတဲ့ လျှို့ဝှက်အဖွဲ့နဲ့ ပတ်သက်နေလို့လား ဟင်"

ယို့မင်း ခေါင်းညိတ်လိုက်သည်။

"သွေးစက်ဖိတ်စာထွက်လာတဲ့ နေရာပတ်ဝန်းကျင်မှာ ဒီလိုပဲ ထူးဆန်းတဲ့လူရမ်းကားတွေ ပေါ်လာတတ်တယ်၊ ဒါကြောင့် ဒီလူတွေက အဲဒီလျှို့ဝှက်အဖွဲ့က လွှတ်လိုက်တဲ့သူတွေ ဆိုရမှာပေါ့"

"သူတို့ကို ရင်ဆိုင်ရဲတဲ့လူ မရှိတော့ဘူးလား"

"ရှိတော့ရှိတာပေါ့၊ ဒါပေမဲ့ အမြင်မတော်လို့ သူတို့ကို အံတုဝံ့တဲ့လူဟာ အနိုင်ရတယ်ပဲဖြစ်ဖြစ် ရှုံးတယ်ပဲဖြစ်ဖြစ် နောက်ဆုံးတော့ ကံဆိုးမိုးမှောင်ကျသွားတာချည်းပဲကွ"

"ဒီလူတွေက ဘယ်လိုဖြစ်သွားနိုင်သလဲ"

"သူတို့ကို အာခံတဲ့လူမှန်သမျှ မိသားစုတစ်ယောက်မကျန် အသတ်ခံရတယ်၊ ဒါကြောင့်"



"ဒါကြောင့် ... သူတို့ကို ဘယ်သူမှ အံမတုဘူးဆိုပါတော့၊ ကျွန်တော်ကတော့ သူတို့ကို ခပ်ပြတ်ပြတ်လုပ်တယ်၊ ကျွန်တော်လည်း ကံဆိုးမိုးမှောင်ကျသွားနိုင်တယ်လို့ ဆိုလိုတာ မဟုတ်ဘူးလား"

ချူးလုစန်းက သဘောပေါက်သွားဟန်ဖြင့် ကြားဖြတ်မေးလိုက်သည်။

ယို့မင်းက ပြုံးလိုက်သည်။

"မင်းက အသက်ငယ်ငယ်ပဲ ရှိသေးတယ်၊ ပြီးတော့ မိန်းကလေး အဖော်နှစ်ယောက်လည်းရှိနေတယ်၊ တကယ်လို့ ဒီအတိုင်း ရေတိမ်နစ်သွားရင် သိပ်နှမြောစရာ ဖြစ်နေမှာပေါ့"

ချူးလုစန်းက ...

"ဒါဖြင့် ခင်ဗျားက ဘယ်လိုနည်းလမ်းကောင်းများ ရှိသလဲ၊ အကြံရှိရင်လည်း ပေးဖို့ တိုက်တွန်းပါရစေ"

ယို့မင်းက ...

"မင်း ဒဏ်ရာရတုန်းကနေခဲ့တဲ့နေရာ တော်တော် စိတ်ချရတယ်၊ ဟုတ်တယ်မဟုတ်လား"

ယို့မင်း၏စကားကြောင့် ချူးလုစန်းမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဘာလဲ ... ကျွန်တော်တို့တောင်ပေါ်မှာပဲ တစ်သက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ပုန်းနေဖို့ အကြံပြုချင်မို့လား"

"မဟုတ်ပါဘူး၊ ငါက လူတစ်ဖက်သားအပေါ် ဘယ်တော့မှ အတင်းအဓမ္မ မတိုက်တွန်းပါဘူး၊ မင်းရဲ့အသက်လုံခြုံရေးအတွက် စေတနာနဲ့ အကြံပေးနေတာပါ"

"ခင်ဗျားရဲ့စေတနာကို ကျွန်တော် တန်ဖိုးထားပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်"

ချူးလုစန်းက ခဏနားပြီး စကားဆက်လိုက်၏။

"ကျွန်တော် တစ်ခုစဉ်းစားလို့ မရတာက ခင်ဗျား အခုလို ကျွန်တော်နဲ့ ဆက်ဆံနေတာကိုပဲ၊ အဲဒီ လျှို့ဝှက်အဖွဲ့က သိသွားရင် ဘယ့်နှယ်လုပ်မလဲ၊ ခင်ဗျားလည်း အချောင်သက်သက် ဒုက္ခရောက်သွားမှာကို ခင်ဗျား နည်းနည်းမှ မစိုးရိမ်မိဘူးလား"

သူတို့သည် အစပထမက တစ်ယောက်နှင့်တစ်ယောက် အဆင်ပြေစွာ ဆက်ဆံပြောဆိုနိုင်သော်လည်း နောက်ပိုင်းတွင် တစ်ယောက်နှင့်တစ်ယောက် အပေါက်အလမ်းမတည့် ဖြစ်လာကြသည်။

ယခုလည်း ချူးလုစန်းက စိတ်ပေါက်ပေါက်ဖြင့် ဘုဆတ်ဆတ်မေးလိုက်ခြင်းဖြစ်၍ ယို့မင်းက ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေတော့သည်။



ယို့မင်းသည် စားပွဲပေါ်ရှိ အရက်ခွက်ထဲမှ အရက်ကို လက်ဖြင့် တို့ကာ စားပွဲပေါ်တွင် ဝါးရွက်တစ်ရွက် ဆွဲပြလိုက်သည်။ ချူးလုစန်း အံ့အားသင့်သွားလေတော့သည်။

"ခင် ... ခင်ဗျား"

ချူးလုစန်းသည် ဝါးရွက်ပုံသဏ္ဌာန် ရေးဆွဲပြသည်ကို မြင်တော့မှ တစ်စုံတစ်ရာကို ပြေး၍ သတိရမိသည်။

ချူးလုစန်းက တစ်စုံတစ်ရာ မေးမြန်းမည်ပြုသော်လည်း ယို့မင်းက လက်ဟန်ဖြင့် ဟန့်တားလိုက်၏။

"ငါ စေတနာနဲ့ပြောနေတာပါ ... ငါ့အပေါ် အထင်မလွဲပါနဲ့"

ယို့မင်းက ပါးစပ်ကပြောရင်းပင် အရက်ကိုတို့ကာ အောက်ပါစာတစ်ကြောင်းကို ရေးပြသည်။

"မင်းတို့ရဲ့အခြေအနေကတော့ တကယ်ကိုဆိုးနေပြီ၊ အကယ်၍ မင်းရဲ့ပညာသင်ဘက် ညီမက မကူညီဘူးဆိုရင် မင်းက သူတို့ကို အနိုင်တိုက်နိုင်မှာ မဟုတ်ဘူး"

ချူးလုစန်းကလည်း အရက်ကို လက်ဖြင့် တို့ကာ အောက်ပါ အတိုင်း ရေးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ပညာသင်ဘက်ညီမက ကျွန်တော့အပေါ် အင်မတန် ကောင်းပါတယ်၊ ကူညီမှာပါ၊ ပြီးတော့ ... ခင်ဗျားနဲ့ ခုလို ဆွေးနွေးတာကို သူတို့ကို ဖုံးထားစရာ မလိုပါဘူး"

ယို့မင်းက ...

"ချူးလုစန်း ... မင်းပခုံးပေါ်မှာ ကျနေတဲ့ ဝန်ထုပ်က အင်မတန်ကြီးလေးတယ်၊ ရှင်းရှင်းပြောရရင် သိုင်းလောကရဲ့ ကံကြမ္မာနဲ့ သက်ဆိုင်နေတယ်၊ သူတို့က မင်းနဲ့ ဘယ်လောက်ရင်းနှီးပါစေ မင်းရဲ့ အတွင်းရေးကို ဖွင့်မပြောတာဘဲ ကောင်းတယ်"

ချူးလုစန်းက တွေဝေစွာဖြင့် ...

"ဒါဆိုလည်း ကျွန်တော်တို့ကို ပြောမပြတော့ပါဘူး၊ တစ်ခုတော့ ရှိတယ်၊ အခုဆိုရင် ကျွန်တော်က မရဏာမီးပုံးအဖွဲ့ရဲ့ သိုင်းပညာကို စုံအောင်သင်ခဲ့ပြီးပြီ၊ ကျွန်တော်တို့သုံးယောက် တက်ညီလက်ညီနဲ့ ရင်ဆိုင်မယ်ဆိုရင် ဘာပြဿနာမှ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်၊ ဒါဖြင့် ဘာမှာစရာရှိလဲ"

ယို့မင်းက ...

"အခုဆိုရင် ရှောင်လင်ကျောင်းထိုင်၊ ပြီးတော့ ရှောင်လင်ဘုန်းတော်ကြီး ကုချိတို့လည်း သွေးစက်ဖိတ်စာကို ရထားတယ်လို့ သတင်းကြားတယ်၊ သိုင်းလောကရဲ့ အကျိုးကို တစ်ဖက်တစ်လမ်းက ဖြေရှင်းပေးနိုင်မယ်ဆိုရင် ပိုကောင်းတာပေါ့"



ချူးလုစန်းက ...

"ရှောင်လင်အဖွဲ့က အင်အားကောင်းပါတယ်၊ ဒါကြောင့် သူတို့က ကျွန်တော့်အကူအညီကို လိုချင်မှလိုမယ့်အပြင် လူဝင်စွက်တာကိုလည်း သူတို့က ကြိုက်ချင်မှလည်း ကြိုက်မယ်"

ယို့မင်းက စာရေး၍ ပြောလိုက်ပြန်သည်။

"ခက်တာက ရှောင်လင်အဖွဲ့ထဲမှာ သစ္စာဖောက်ရှိနေတယ်၊ တတ်နိုင်တဲ့ဘက်က ဝင်ကူပေးဖို့ တိုက်တွန်းပါရစေ"

"ဒါဆိုရင်လည်း ... ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

သူတို့နှစ်ယောက်သည် အပြင်လူကြားသွားမည်စိုး၍ အထက်ပါအတိုင်း အရက်ကိုတို့ကာ အပြန်အလှန်ရေးပြနေခြင်း ဖြစ်သည်။

ထိုသို့ရေးရာမှ တစ်ယောက်နှင့်တစ်ယောက် သဘောပေါက်သွားပြီး စာရေးခြင်းကို အဆုံးသတ်လိုက်ကြသည်။

ထိုအခါ ယို့မင်းက ထရပ်လိုက်သည်။

"ကဲ ... ဒီညတော့ ရေချိန်ကိုက်သွားပြီ၊ မနက်ဖြန်ကျရင် ကျုပ် ဒကာခံပါ့မယ်၊ သွားမယ်နော် ချူးလုစန်း"

ယို့မင်းက နှုတ်ဆက်စကားဆိုလိုက်ရာ ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ကျွန်တော်လိုက်ပို့တော့ဘူးနော်"

သို့ဖြင့် ...

ယို့မင်းသည် ပြတင်းပေါက်မှ ပြန်လည်ခုန်ထွက်သွားလေတော့သည်။

✿ ✿ ✿



## လျှို့ဝှက်ရန်သူ

စာပေရှူးယို့မင်း ထွက်ခွာသွားပြီးနောက် ကြူးယွင်နှင့် ရှောင်ဝှားတို့က အခန်းထဲသို့ အလျှင်စလိုပင် ဝင်လာကြသည်။ ချူးလုစန်းအား ပြုံး၍ ပြောလိုက်သည်။

"ဒီလူက တစ်မျိုးပဲ၊ အစ်ကို့ကို သိုင်းလောကက အပြီးထွက်သွားဖို့ ပြောနေတယ်"

ရှောင်ဝှားက နှုတ်ခမ်းမဲ့လိုက်သည်။

"အလကားလူပါ၊ ကျွန်မတို့ကို ဘာများ အောက်မေ့နေလဲ မသိဘူး"

ကြူးယွင်က ချင့်ချင့်ချိန်ချိန်ဖြင့် ဝေဖန်သည်။

"အဲဒီလို မပြောနဲ့လေ၊ ဘာပဲဖြစ်ဖြစ် သူက စေတနာနဲ့ ပြောတာပဲ၊ အပြစ်တင်ဖို့ မကောင်းပါဘူး"

ချူးကုစန်းက ...

"ကြူးယွင်၊ မင်းသဘောက ဘယ်လိုလဲ၊ သူပြောတဲ့အတိုင်း သိုင်းလောက ကနေ စွန့်ခွာသွားရမလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ရာ ကြူးယွင်က ပျာပျာသလဲ ခေါင်းခါသည်။

"ဘာဖြစ်လို့ စွန့်ခွာသွားရမှာလဲ၊ ကျွန်မတို့က လူတစ်ဖက်သားကို စပြီး ရန်မရှာဘူး၊ ကျွန်မတို့ကို အခဲမကြေလို့ ရန်ရှာလာရင်လည်း ပြတ်ပြတ်သားသား ရင်ဆိုင်ရုံပဲ ရှိတယ်"

ချူးလုစန်းက ကျေနပ်သွားဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"သိုင်းလောက,က ဒီအတိုင်းပါပဲ၊ အားကောင်းတဲ့လူက အားနည်းတဲ့လူကို အနိုင်ကျင့်ဖို့ပဲ စိတ်ကူးတယ်၊ သည်းခံနေရင်လည်း ကြောက်တယ်ထင်ပြီး တစ်ဆင့်တက်လာတယ်၊ နဂါးမှန်းသိအောင် အမောက်ထောင်ပြမှ ဖြစ်မယ်"

ရှောင်ဝှားက ဝင်၍ ထောက်ခံသည်။

"ဟုတ်တာပေါ့၊ ဒီကနေ့ကစပြီး ကျွန်မကို ရန်ရှာချင်တဲ့လူကို အပြတ်ရှင်းပစ်ရမှာပဲ"

ချူးလုစန်းက အသံထွက်အောင် ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

"သိပ်လည်း လေလုံးထွားမနေနဲ့ဦး၊ တို့ကို ကြောက်သွားတဲ့လူ ရှိတာတောင် မင်းက ဘာများ ပြန်လုပ်နိုင်လို့လဲ"

ရှောင်ဝှားမျက်လုံး ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်သည်။

"သံမဏိတောင်ဝှေးကုချိပဲပေါ့၊ ဒီဘုန်းကြီးရဲ့ လက်ချက်နဲ့ ငါ မသေတာ ကံကောင်းတယ်၊ အကြောင်းနည်းနည်း ပြန်ပြမှ



ဖြစ်မယ်၊ နို့မို့ဆို ငါ စိတ်ထဲမှာ အောင့်သက်သက်ကြီးနဲ့ ခံရခက်တယ်"

ရှောင်ဝှား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရှောင်လင်ကျောင်းက သိပ်မဝေးပါဘူး၊ မနက်ဖြန်ကျရင် ရှောင်လင်ကို သွားမွှေရအောင်"

ကြူးယွင်ကမူ ခေါင်းခါသည်။

"ရှောင်လင်အဖွဲ့ တည်ထောင်လာတာ နှစ်တွေ ရာချီနေပြီ၊ ဘယ်သိုင်းအဖွဲ့ကမှ ရှောင်လင်ကို အံတုလို့ မရဘူး၊ အဖွဲ့ထဲမှာ ထိပ်သီးပညာရှင်တွေ အများကြီးရှိတယ်၊ အင်အားကြီးလည်း ကြီးမားတယ်၊ တို့သုံးယောက်တည်းသွားရင် မိုက်မဲရာကျမှာပေါ့"

ချူးလုစန်း၏မျက်နှာ ရုတ်ခြည်း ညှိုးရော်သွားသည်။

"ဒီလိုဆိုရင် ဖြစ်ခဲ့တာတွေကို ဒီအတိုင်းမေ့ပစ်ရမယ် ဆိုပါတော့"

ကြူးယွင်က ခေါင်းခါယမ်းလိုက်သည်။

"မေ့ပစ်လို့တော့ ဘယ်ဖြစ်မလဲ၊ ကျွန်မ သဘောက သံမဏိတောင်ဝှေးကုချိကိုပဲ ရှာမယ်၊ ပြဿနာပိုကြီးသွားအောင် မချဲ့သင့်ဘူး"

ကြူးယွင်၏စကားက မှန်သည်။ ချူးလုစန်းကလည်း သဘောပေါက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒီအတိုင်းပဲ လုပ်ကြတာပေါ့၊ ကဲ မင်းတို့ နှစ်ယောက်လည်း အနားယူလိုက်ကြတော့"

ကြူးယွင်နှင့်ရှောင်ဗုအားတို့နှစ်ယောက် ပြန်ထွက်သွားပြီးနောက် ချူးလုစန်းက ချက်ချင်းပင် အိပ်ရာဝင်လိုက်လေတော့သည်။

ညဥ့်နက်ပြီ ဖြစ်သည်။

သို့သော် ချူးလုစန်း မည်သို့မျှ အိပ်၍မရပါ။

သူ၏ဦးနှောက်အတွင်းသို့ အတွေးပေါင်းစုံ အလိုအလျောက် အစီအရီ ဝင်လာသည်။

ရှောင်လင်ကျောင်းတော်သို့ သွားရမည့်ကိစ္စမှာ သူ့အဖို့ တာဝန်ကြီးလေးသည်မှာ အမှန်ဖြစ်သည်။

ချူးလုစန်းသည် ရှောင်လင်ကျောင်းတော်သို့ ကလဲ့စားချေရန် သွားရောက်လိုခြင်း မဟုတ်ပေ။

ရှောင်လင်အဖွဲ့ကြီးအား ဘေးအန္တရာယ်အတွင်းမှ ကယ်တင်လိုခြင်း ဖြစ်သည်။

ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေသော ရှောင်လင်အဖွဲ့ကို ကယ်တင်လိုပါက အဖွဲ့တွင်ပုန်းအောင်းနေသော သစ္စာဖောက်ကို ဖယ်ရှားရေးမှာ လွန်စွာပင် ခဲယဉ်းသည့်ကိစ္စရပ်သာ ဖြစ်သည်။

အထူးသဖြင့် ချူးလုစန်းကဲ့သို့သော အပြင်လူတစ်ယောက်အဖို့ ပို၍ခက်ခဲနေ၏။



ချူးလုစန်းသည် အမျိုးမျိုးအဖုံဖုံ တွေးတောကြံဆသော်လည်း ရေရာတိကျသည့် အဖြေကို ရှာမရချေ။ မတတ်နိုင်တော့ပြီ။

ရှောင်လင်ကျောင်းရောက်သောအခါ မီးစဥ်ကြည့်က ရတော့မည်။

ချူးလုစန်းသည် အတွေးစကိုဖျောက်၍ စိတ်တုံးတုံးချပြီး အိပ်ပျော်အောင် အိပ်ချလိုက်လေတော့သည်။

✡

နောက်တစ်နေ့ ...

ချူးလုစန်းတို့သည် မိုးလင်းသည်နှင့် အင်းဝူးမြို့ကို ကျောနိုင်းထွက်ခွာလာခဲ့သည်။

ထိုနေ့ညရောက်သော် ထိန်ဖုံးမြို့တွင် တစ်ညဝင်တည်းကြလေ၏။

ဒုတိယနေ့တွင် ရှောင်လင်ကျောင်းတော်ကြီးရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့လေတော့သည်။

✡

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်ကျောင်းတော် ...

ချူးလုစန်း၊ ကြူးယွင်နှင့် ရှောင်ဗှားတို့သုံးဦးစလုံး ရှောင်လင်ကျောင်းတော်ကြီးကို မြင်လိုက်ရသည်နှင့် ရင်ထဲ ထင့်ခနဲ ဖြစ်သွားသည်။

ကျောင်းဝင်းအနီးသို့ ချဉ်းကပ်သွားရုံ ရှိသေးသည်။

ဟန့်တားသံ ရုတ်တရက် ထွက်ပေါ်လာသည်။

ထို့ကြောင့် သုံးဦးသား ခြေလှမ်းများ တုံ့ခနဲ ရပ်သွားကြသည်။

"ဒကာလေးနဲ့ ဒကာမလေးတို့ ရပ်လိုက်ကြစမ်း"

ဘုန်းတော်ကြီးတစ်ပါးက အရေးတကြီးလေသံဖြင့် လှမ်း၍ ဟန့်တားလိုက်ခြင်းဖြစ်၏။

ရှောင်ဗှားရင်ထဲ မကြည်မလင် ဖြစ်သွားသဖြင့် နှုတ်ခမ်းကို မဲ့ရွဲ့ပြလိုက်သည်။

"အလို ... တယ်လည်းထူးဆန်းပါလား၊ ရှောင်လင်ကျောင်းက ဘုရားဖူးဧည့်သည်တွေကို လက်သင့်မခံဘူးလား၊ ခေတ်တွေပြောင်းကုန်ပြီနဲ့ တူတယ်"

ဘုန်းတော်ကြီးက ...



"ဘုရားတရားကြည်ညိုချင်လို့လား၊ ကိုယ့်အိမ်မှာနေပြီး ဘုရားရှိခိုးကြရင်လည်း ကုသိုလ်ရတာပဲ၊ ကဲ ... အားလုံးလာလမ်းအတိုင်း ပြန်သွားကြပါ"

"အရှင်ဘုရားက တပည့်တော်မတို့ကို သက်သက်မဲ့ နှင်ယုတ်နေသလို ဖြစ်မနေဘူးလား"

ရှောင်ဗှားသည် အလွယ်တကူ အလျှော့မပေးဘဲ စောဒကတက်လိုက်ရာ ဘုန်းတော်ကြီးက ခပ်ပြတ်ပြတ် ရှင်းပြလိုက်လေသည်။

"ကျုပ် ရှင်းရှင်းပဲပြောမယ်၊ ရှောင်လင်ကျောင်းက အမျိုးသမီးဆိုရင် ဘယ်လိုနည်းနဲ့မှ ဝင်ခွင့်ပြုနိုင်မှာမဟုတ်ဘူး"

ချူးလုစန်းသည် မနေသာတော့ဘဲ ကြားဝင် လျှောက်တင်လိုက်သည်။

"တပည့်တော် လျှောက်တင်ပါရစေ ဘုရား၊ ကျောင်းကန်ဘုရားဆိုတာ အမျိုးသားရော အမျိုးသမီးရော ဖူးခွင့်ရှိတာပဲ၊ ရှောင်လင်ကျောင်းက ဘာဖြစ်လို့ ခုလို ကန့်ကွက်ရတာလဲ"

ဘုန်းတော်ကြီးသည် တစ်ချက်တွေဝေသွားပြီးမှ ကောက်ကာငင်ကာ ဖြေကြားလိုက်၏။

"ဒါက ကျုပ်တို့ရှောင်လင်အဖွဲ့အစည်းရဲ့ စည်းကမ်းချက်၊ ကျုပ်က ဝတ္တရားအရ ပြောနေတာပါ။ စိတ်မရှိပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်း သက်ပြင်းချလိုက်၏။

"ဒီလိုဆိုလည်း တပည့်တော်တို့ ကျောင်းထဲမဝင်တော့ပါဘူး။ ဒါပေမဲ့ ... တပည့်တော်က ဆရာတော်ကုချိန့် တွေ့ဖို့လာတာကို ကျေးဇူးပြုပြီး အကြောင်းကြားပေးပါ"

ဘုန်းတော်ကြီးက ...

"ဒကာလေးက ဆရာတော်ကုချိန့် သိနေပါလား"

"တင်ပါ့ဘုရား"

"နာမည်က ဘယ်လိုခေါ်သလဲ"

ချူးလုစန်းသည် အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ဝူးလောက်ကွမ်းတို့ကလာတဲ့ မိတ်ဆွေဟောင်းလို့ ပြောရင် ဆရာတော် သဘောပေါက်မှာပါ"

ဘုန်းတော်ကြီးက ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်လိုက်သည်။

"ဒါဆိုရင် ကျုပ် အကြောင်းကြားပေးပါ့မယ်၊ ဒကာလေးတို့ ဒီမှာ နေရာကပဲ စောင့်ကြပါ"

ဟု ပြောပြီး ကျောင်းဝင်းအတွင်းသို့ ဝင်သွားလိုက်လေသည်။

✲ ✲ ✲



## ရန်ငြိုး

မကြာပါချေ ...

ရှောင်လင်ဘုန်းကြီးတစ်စု ကျောင်းထဲမှ ထွက်လာကြလေသည်။

ရှေ့ဆုံးမှ ဦးဆောင်ထွက်လာသော ဘုန်းကြီးမှာ သံမဏိတောင်ဝှေးဟု အမည်တွင်သော ဆရာတော်ကုချိုင် ဖြစ်လေသည်။

ကုချိုသည် ရှောင်လင်အဖွဲ့၏ ဝါစဉ်ကြီးပုဂ္ဂိုလ်များထဲတွင် တစ်ပါးအပါအဝင် ဖြစ်သည်။

သူသည် လက်ရှိ ရှောင်လင်ဂိုဏ်းချုပ်ထက် ဝါစဉ်ကြီးနေသေးသည်။

"ဒကာလေး တော်တော်အသက်ပြင်းပါလား၊ ကြည့်ရတာ အသက်ရှည်မယ့်ပုံပဲ"

ကုချိုက ချူးလုစန်းကို မြင်လျှင်မြင်ချင်း ချက်ချင်းမှတ်မိသွားပြီး ပြက်ချော်ချော်စကား ဆိုလိုက်ခြင်းဖြစ်သည်။

ချူးလုစန်းက ဒေါသကို ချုပ်တီးရင်း အေးဆေးစွာ

www.burmeseclassic.com

www.burmeseclassic.com



လေသံဖြင့် ပြန်လည်လျှောက်တင်လိုက်သည်။

"ဆရာတော်က လူသတ်တဲ့အလုပ်ကို ဝါသနာပါတာမို့ တပည့်တော်က လာတွေ့တာပါ"

ချူးလုစန်း၏ ငေါ့တော့တော့လေသံကြောင့် ကုရှိုမှာ မျက်လုံးပြူးသွားသည်။

"ဘုရားရေ ... ငါ့လို တရားဘောင်ထဲကပုဂ္ဂိုလ်ကိုတောင် ဒီလိုစကားမျိုးပြောရသလား။ ကျုပ်က မတရားလုပ်တဲ့လူဆိုးတွေကို မုန်းတီးပေမယ့် ကောင်းတဲ့လူဆိုရင် ဘယ်တော့မှ ရန်မလုပ်တတ်ဘူး ကွယ့်"

ကုရှို၏စကားက ချူးလုစန်းကို တိုက်ရိုက်စော်ကား ပြောလိုက်သလို ဖြစ်သွား၏။

"ဒါဆို ဆရာတော်က တပည့်တော်ကို လူဆိုးလို့ ထင်မှတ်နေတယ်ပေ့ါ။ တပည့်တော်က မဟုတ်တာ ဘာလုပ်ခဲ့လို့လဲ"

ကုရှိုက ...

"ဒကာလေးက သူတစ်ပါးရဲ့ပစ္စည်းကို အပိုင်ကြံခဲ့လို့ ဒကာလေးကြောင့် ဒကာလေးရဲ့ဆရာသမားတွေ ဒုက္ခရောက်သွားတယ်၊ ကျုပ်ပြောတာ မဟုတ်ဘူးလား"

ချူးလုစန်း အကြီးအကျယ် စိတ်ပျက်သွားသည်။ သူသည် ခေါင်းခါယမ်းပြနေ၏။



"တပည့်တော်က ဒီလိုမဟုတ်တာလုပ်နေရင် ထောင်ထဲမှာပဲ ဆက်နေရမှာပေ့ါ၊ တပည့်တော်က တကယ်ပဲ ပြစ်မှုကျူးလွန်ခဲ့ရင်လည်း တရားဥပဒေအရ အရေးယူခံရမှာပဲ၊ ဆရာတော်ဘုရားက တရားဘောင်ထဲဝင်ပြီးပြီပဲ၊ ဒီကိစ္စမျိုးကို ဝင်စွက်နေစရာ ဘာလို့လဲ"

ချူးလုစန်းသည် အခြေအနေကို တစ်ချက်အကဲခတ်ပြီးမှ စကားဆက်လိုက်၏။

"အခုတော့ တပည့်တော်ကို ချောက်ကမ်းပါးထဲ ကျသွားအောင် တောင်ဝှေးနဲ့ ရိုက်ချခဲ့တယ်၊ တပည့်တော် ကံကောင်းလို့ အသက်မသေဘဲ ရှင်ကျန်ရစ်ခဲ့တယ်၊ အသက်ရှင်နေမှတော့ သိုင်းလောကရဲ့ ထုံးစံအတိုင်း အရှင်ဘုရားနဲ့ စာရင်းရှင်းရတော့မှာပဲ"

ကုရှိုက ...

"ဒကာလေးက ကျုပ်နဲ့ သိုင်းစွမ်းရည် ပြိုင်ချင်လို့လား၊ နောက်ထပ်တစ်ကြိမ် သေချင်သေးရင်လည်း ကျုပ်က ဆန္ဒပြည့်ပေးရတော့မှာပေ့ါ၊ ကဲ ကြာတယ်၊ ဒကာလေးပဲ အရင်စတိုက်"

ဆရာတော်ကုရှိုသည် စကားဖြင့် အနိုင်ပြော၍ မရမှန်း သိနေသဖြင့် အကြမ်းဖက်ရန် ချူးလုစန်းကို စိန်ခေါ်လိုက်သည်။

ချူးလုစန်းသည် ကုရှိုအား ရင်ဆိုင်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ...

"ရပ်လိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဟန့်တားသံတစ်ချက် ပျံ့လွင့်လာသည်။

ဟန့်တားသံမှာ အောင်မြင်ခန့်ညား၍ ဩဇာညောင်းသော အသံပင် ဖြစ်သည်။

ဟန့်တားသံကို ကြားလျှင် ချုံးလုစန်းက လုံးဝတုန့်လှုပ်ခြင်း မရှိသော်လည်း ဆရာတော်ကုရှိမှာမူ မျက်နှာချက်ချင်းပျက်သွားသည်။

ဟန့်တားလာသူမှာ ရှောင်လင်ဂိုဏ်းချုပ်ဖြစ်ပါသည်။

ရှောင်လင်ကျောင်းထိုင်ကလွဲလျှင် မည်သူကမျှ ဆရာတော်ကုရှိလို ဝါစဉ်ကြီးပုဂ္ဂိုလ်တစ်ပါးကို ယခုကဲ့သို့ တားဆီးဝံ့ပါမည်နည်း။

ရှောင်လင်ကျောင်းထိုင်ဝါးထိုသည် ရန်ပွဲကို အချိန်မီတားဆီးနိုင်သဖြင့် စိတ်သက်သာရာ ရသွားသည်။

ဆရာတော်ကုရှိသည် စိတ်ထဲတွင် ကသိကအောင့်ဖြစ်သွားသည့်တိုင် ကျောင်းထိုင်ကို မလွန်ဆန်ဝံ့ပေ။

ကုရှိသည် ကျောင်းထိုင်ဘက်သို့လှည့်ကာ အရိုအသေပြုလိုက်သည်။

ရှောင်လင်ကျောင်းထိုင် ဝါးထိုက တည်ငြိမ်သော လေသံဖြင့် ပြောလိုက်၏။

"ဆရာတော်ကုရှိ ခဏရှောင်ပေးပါ၊ ကျုပ် ဒကာလေးနဲ့ စကားနည်းနည်း ပြောချင်သေးတယ်"



"ဒီဒကာလေးက ငရဲခေါ်ဆယ့်နှစ်ကွက် ဓားသိုင်းကို တတ်ထားတယ်၊ ဒီပညာမျိုးက အမှောင်လောကရဲ့ သိုင်းပညာပဲ၊ ဒါကြောင့် အမှောင်အဖွဲ့နဲ့ ဆက်စပ်နေမှာပဲ၊ ဂိုဏ်းချုပ်ကြီးက သူနဲ့ စကားပြောမယ်ဆိုရင် သိက္ခာကျစရာ ဖြစ်နေမှာပေါ့"

ကုရှိက ပြန်ပြောလိုက်ရာ ဂိုဏ်းချုပ်ကြီးဝါးထိုက ဖြည်းလေးစွာ ခေါင်းခါသည်။

"ဆရာတော် မှားနေပြီ၊ ဒီဒကာလေးက ရုပ်ဆင်းအင်္ဂါရော စိတ်သဘောထားပါ ဖြောင့်မတ်ပုံရတယ်၊ အမှောင်လောကသား လုံးဝမဖြစ်နိုင်ဘူး၊ အကယ်၍ စိတ်နေသဘောထား ဖြောင့်မယ်ဆိုရင် ငရဲခေါ်ဆယ့်နှစ်ကွက်ဓားသိုင်းကို တတ်ထားလည်း ဘာမှ အပြစ်ဆိုစရာ မရှိပါဘူး"

ရှောင်လင်ကျောင်းထိုင်ဆရာတော် ဝါးထို၏ မိန့်ခွန်းစကားကြောင့် ကုရှိသည် စိတ်ထဲ၌ မချိမဆံ့ ဖြစ်သွားသည်။

သို့သော် မျက်နှာမပျက်အောင် ထိန်းကာ ဆရာတော်ဝါးထို၏ဘေးမှ ရှောင်ထွက်သွား၏။

ထိုအခါကျမှ ရှောင်လင်ကျောင်းထိုင်ဆရာတော်ဝါးထိုက ချုံးလုစန်းကို အကဲခတ်ကြည့်လိုက်၏။

ချုံးလုစန်းက ရှေ့သို့တိုးပြီး ဆရာတော်ကြီးကို ကန်တော့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်နဲ့ တပည့်တော်ရဲ့ ပညာသင်ညီမတို့ ခုလို အနှောင့်အယှက်ပေးမိတာ တောင်းပန်ပါတယ်"

ဆရာတော်ဝါးထိုကို အားတုံ့အားနာအသံဖြင့် တောင်းပန်စကား လျှောက်တင်လိုက်၏။

ဆရာတော် ဝါးထိုက ...

"ဆရာတော်ကုချီက ဒကာလေးအပေါ် အထင်အမြင်မှားသွားလို့ပါ၊ အခုလိုဖြစ်သွားတဲ့အတွက် ကျုပ်အနေနဲ့ တောင်းပန်ရမှာပါ"

ချူးလုစန်းက ဝမ်းသာစွာဖြင့် ...

"ဆရာတော်ကြီး အခုလို စိတ်သဘောထားကြီးကြီးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အမှန်ဆိုရင် ဆရာတော် အခုလောက်ပြောရုံနဲ့ ကျေနပ်သွားသင့်ပါတယ်၊ ဒါပေမဲ့ တပည့်တော်က နာမည်ပျက်နဲ့တင် မကဘူး အတွင်းဒဏ်ရာလည်း ရခဲ့ပါတယ်"

ချူးလုစန်းသည် ခဏနားပြီးမှ ဆရာတော်ကိုလျှောက်တင်လိုက်သည်။

"အကယ်၍ တပည့်တော်က နည်းနည်းပါးပါးမှ ဖြေရှင်းခွင့်မရဘူးဆိုရင် တပည့်တော်ရဲ့ စိတ်ထဲမှာ ဘယ်နည်းနဲ့မှ ကျေအေးသွားနိုင်မှာ မဟုတ်ဘူး၊ တပည့်တော် တစ်ခုခု ပြစ်မှားမိရင် ကြိုတင်တောင်းပန်ပါတယ်"



ချူးလုစန်းသည် ကုချီအပေါ် ဖြစ်ပေါ်နေသော မကျေနပ်မှုကို ယဉ်ကျေးသိမ်မွေ့စွာဖြင့် ဆရာတော်ဝါးထိုအား လျှောက်တင်လိုက်ခြင်းဖြစ်၏။ ဆရာတော်ဝါးထိုက ခေါင်းတစ်ချက် ဆတ်ပြလိုက်၏။

"ဒကာလေးအပေါ် ကျုပ် ကိုယ်ချင်းစာမိပါတယ်၊ ဒါပေမဲ့ ဘယ်ကိစ္စမဆို ဆင်ဆင်ခြင်ခြင်နဲ့ လုပ်သင့်တယ်လို့ ကျုပ်ယူဆတယ်၊ ဒကာလေးကော ဘယ်လိုသဘောရသလဲ"

"ဆရာတော်က ပြဿနာကို ရပ်တန်းက ရပ်စေချင်တယ်ဆို တပည့်တော် နည်းနည်းတောင်းဆိုချင်ပါတယ်"

ဆရာတော်ဝါးထိုက အနည်းငယ် စဉ်းစားရင်း ...

"ကောင်းပြီ ပြောပါ"

"တပည့်တော်က တောင်ဓားတစ်ချက် အရိုက်ခံရပေမယ့် ကလဲ့စား ပြန်မချေတော့ပါဘူး။ ဒါပေမဲ့ ဆရာတော်ကုချီနဲ့ သိုင်းပညာချင်း ဖလှယ်ချင်တယ်"

"ကောင်းပြီ ကျုပ်ခွင့်ပြုတယ်"

အဆောင်မှူး ဟုအိမ်းသည် ဝင်၍ ရှင်းပြလိုက်သည်။

"ကျုပ်တို့အဖွဲ့က မကြာခင် ကျောင်းဆောင်ကို ပိတ်ထားတော့မယ်"

"ချူးလုစန်းက ရှောင်လင်ကျောင်းဟာ အင်မတန် ဝေးစား

www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုခံရတဲ့ ကျောင်းတစ်ကျောင်းပဲ၊ ဘုရားဆောင်ကို ပိတ်ထားလိုက်မယ်ဆိုရင် အရပ်ရပ်က ဒကာတွေ ဒကာမတွေ စိတ်ပျက်သွားမှာပေါ့ ဘုရား"

ဆရာတော်ဟုအိမ်း၏မျက်နှာ တင်းမာ၍ ခက်ထန်သွားသည်။

ဟုအိမ်းသည် ချူးလုစန်းကို စိမ်းစိမ်းကြည့်လိုက်၏။

"ဒါက ကျုပ်တို့အဖွဲ့ရဲ့ အတွင်းရေးကိစ္စပါ၊ အပြင်လူ ဝင်စွက်ခွင့် မရှိပါဘူး။ ဒကာလေးက အခြားတောင်းဆိုစရာ မရှိဘူးဆိုရင် ဆရာတော်ကုန်းနဲ့ သိုင်းပညာဖလှယ်လို့ ရပါပြီ"

ချူးလုစန်းသည် သက်ပြင်းတစ်ချက် ချလိုက်၏။

"ဘာဖြစ်လို့ အခုလို ပိတ်ထားချင်ရတာလဲ"

ဆရာတော် ဝါးထိုက မနေသာတော့ဘဲ အရိပ်အမြွက်မျှ ပြောပြလိုက်ရတော့၏။

"ကျုပ်တို့အဖွဲ့က လူဆိုးတွေ အန္တရာယ်နဲ့ ရင်ဆိုင်နေရလို့ အခုလို မလွှဲမရှောင်သာ လုပ်ရတာပေါ့"

ချူးလုစန်းသည် မယုံကြည်နိုင်ဟန်ဖြင့် ယဲ့ယဲ့ပြုံးလိုက်သည်။

"ရှောင်လင်လို ကြီးကျယ်တဲ့ အဖွဲ့ကြီးက အန္တရာယ်နဲ့ ရင်ဆိုင်နေရတယ် ဟုတ်လား၊ တကယ့်ကို မယုံကြည်နိုင်စရာပါဘဲ"



ဤတစ်ကြိမ် သက်ပြင်းချရသူသည် ဆရာတော်ဟုအိမ်းပင် ဖြစ်သည်။

"သွေးစက်ပိတ်စာအကြောင်း လူတိုင်းသိတယ်၊ သိုင်းလောကတစ်ခုလုံးလည်း ဒီပိတ်စာကြောင့် ကျီးလန့်စာစား ဖြစ်နေရတယ်"

ချူးလုစန်း ချက်ချင်း ခေါင်းခါပြ၏။

"တပည့်တော် အတွင်းဒဏ်ရာကုရင်း တောင်ပေါ်မှာ တစ်နှစ်နီးပါး နေခဲ့ရတယ်၊ သိုင်းလောကကို ပြန်ရောက်လာတာ တစ်လတောင် မပြည့်သေးပါဘူး၊ ဆရာတော်က ဘာကြောင့် တပည့်တော်အပေါ် အပြစ်တင်နေရတာလဲ"

ဆရာတော်ဟုအိမ်းသည် ချူးလုစန်း၏အဖြစ်ကို မသိပါ။

ယင်းကြောင့် မည်သို့ပြန်ပြောရမည် မသိအောင် ဖြစ်သွားသည်။

ချူးလုစန်းသည် ဟုအိမ်းကို ဂရုမစိုက်ဘဲ ကျောင်းထိုင်ဆရာတော်ဝါးထိုဘက်သို့လှည့်ကာ လျှောက်ထားလိုက်၏။

"တပည့်တော်က ကံဆိုးတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကြုံဆုံရတယ် ယူဆရမှာပဲ၊ ဘာပဲဖြစ်ဖြစ် တပည့်တော်ရဲ့ ဒုတိယ တောင်းဆိုချက်ကို လိုက်လျောဖို့ တောင်းပန်ပါတယ်"

ချူးလုစန်းသည် ထိုသို့ပြောပြီးမှ အတွင်းအား အသံနှင့်ညည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဆရာတော်ဝါးထိုကို ဆက်လက်ပြောပြန်သည်။

"ဆရာတော်တို့အဖွဲ့ရဲ့ အင်အားနဲ့ဆိုရင် ဘယ်လူဆိုးအဖွဲ့ကိုမှ မှုစရာမလိုပါဘူး၊ တစ်ခုပြောစရာရှိတာက အဖွဲ့ထဲမှာ ရန်သူရဲ့ သူလျှိုဝင်နေရင်တော့ ဘယ်လိုမှ မတာတ်နိုင်ဘူးပေါ့"

ဆရာတော်ဝါးထိုသည် ဘာမှ ပြန်မပြောဘဲ မျက်မှောင်တစ်ချက် ကြုတ်လိုက်၏။

ဆရာတော်သည် ချူးလုစန်း၏စကားကို အလွန်အလေးထားကြောင်း သိသာနေ၏။

ချူးလုစန်းသည် အချိန်မဖြုန်းတော့ပါ။ ဆရာတော် ကုရှိဘက်သို့ လှည့်ကာ ...

"ဒါဆိုရင် လုပ်ငန်းစကြရအောင် ကျေးဇူးပြုပြီး ခွင့်ပြုပေးပါ"

ချူးလုစန်းသည် ပြောပြောဆိုဆို ဓားရှည်ကို ဆွဲချွတ်ပြီး ဟန်ရေးပြလိုက်၏။

ထိုအခါ ရှောင်လင်ဘုန်းကြီးတို့သည် အားလုံးလိုလိုပင် မျက်နှာတစ်ချက် ပျက်သွား၏။

အဘယ်ကြောင့်ဆိုသော် ချူးလုစန်း၏ဟန်ပန်ကို ကြည့်ရုံဖြင့် မရဏာမီးပုံးအဖွဲ့၏ဓားရေးဖြစ် ကြောင်း ရိပ်မိလိုက်သောကြောင့် ဖြစ်၏။



လက်ရှိသိုင်းလောကတွင် အထက်မြက်ဆုံး ဓားပညာတစ်မျိုးတည်းသာ ရှိ၏။

ယင်းတစ်မျိုးတည်းသော ဓားပညာမှ မရဏာမီးပုံး၏ မူပိုင်သိုင်းပညာထဲမှ ဝက်ပါလျှပ်စီးဓားသိုင်း ဖြစ်သည်။

ဝက်ပါလျှပ်စီးဓားသိုင်းကို အံတုနိုင်သူ လက်ရှိသိုင်းလောကသားတိုင်းတွင် မပေါ်သေးပေ။

ယင်းကြောင့် မရဏာမီးပုံးမိသားစုကို သိုင်းလောကသားတိုင်းက ဖိမ့်ဖိမ့်တုန်အောင် ကြောက်လန့်နေကြခြင်းဖြစ်သည်။

မရဏာမီးပုံး၏ဓားချက်အောက်တွင် ဇီဝိန်ကြွေခဲ့ရသည့် သိုင်းသမားများ အတော်များ၏။

သို့သော် မရဏာမီးပုံးအဖွဲ့က လူတွေကို အကြောင်းမဲ့ ရန်မရှာပေ။

သူတို့အား လာရောက်ရန်မူသူကိုသာလျှင် ထိရောက်စွာ လက်တုံ့ပြန်လေ့ရှိ၏။

ထို့ကြောင့် ဝက်ပါလျှပ်စီးဓားသိုင်းက အင်မတန် ကြောက်မက်ဖွယ်ကောင်းသည်။

ယင်းဓားသိုင်းကို ပိုင်ဆိုင်သော မရဏာမီးပုံးမိသားစုကို လူဆိုးအဖွဲ့ဟု မသတ်မှတ်ကြပါ။

မည်သို့ဆိုစေ ဝက်ပါလျှပ်စီးဓားသိုင်းကို လူတိုင်း ကြောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်မှာ အမှန်ပင်ဖြစ်၏။

သို့သော် ယင်းဓားသိုင်းက သိုင်းလောကတွင် ပေါ်ခဲလှသည်။

ထို့ကြောင့် သိုင်းလောကသားတိုင်းတို့ ကြီးကြီးကျယ်ကျယ် စိတ်အနှောင့်အယှက် မဖြစ်ခဲ့ပေ။

သို့သော် ဝက်ပါလျှပ်စီးဓားသိုင်း၏ပုံသဏ္ဍာန်ကို မူလအတိုင်းလိုလို သိထားကြ၏။

ယင်းကြောင့် ချူးလုစန်းက ဟန်ရေးပြလိုက်ရုံဖြင့် ရှောင်လင်အဖွဲ့မှ ပုဂ္ဂိုလ်တွေက ဝက်ပါလျှပ်စီးဓားသိုင်းမှန်း ချက်ချင်း ရိပ်စားမိသွား၏။

ယခု ဓားပညာကို ချူးလုစန်းက တတ်မြောက်ထားပြီး ဖြစ်သည်။

ရှောင်လင်းဘုန်းတော်ကြီးတို့သည် အဘယ်သို့လျှင် မအံ့ဩဘဲ နေနိုင်ပါမည်နည်း။

ရှောင်လင်အဖွဲ့၏အင်အားများ တောင့်တင်းလှသည်မှာ မှန်သည်။

သို့သော် သွေးစက်ဖိတ်စာကြောင့် ဘုရားဆောင်ကိုပင် ပိတ်ပင်ရမည့် ကိန်းဆိုက်နေ၏။

အကယ်၍ ...



မရဏာမီးပုံးလို ရန်သူမျိုးတိုးလာပါက ရှောင်လင်အဖွဲ့၏ အခြေအနေမှာ ပို၍ ဆိုးရွားသွားမည်သာ ဖြစ်သည်။

ထို့ကြောင့် သူတို့သည် မရဏာမီးပုံးနှင့် ရန်သူမဖြစ်လိုကြပေ။

ဆရာတော်ကုချိုက စိုးရိမ်မကင်း ဖြစ်သွား၏။ ထို့ကြောင့် မအောင့်အည်းနိုင်ဘဲ ဖွင့်၍မေးလိုက်သည်။

"ဒကာလေးက စွန်ရဲသိုင်းကို တတ်ထားတာ မဟုတ်လား။ အခု ဘယ်လိုကြောင့် ဒီဓားသိုင်းမျိုး တတ်နေတာလဲ"

ချူးလုစန်းက ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

"ဟဲ ဟဲ ... တပည့်တော်က စွန်ရဲအဖွဲ့ကပါ၊ ဒါပေမဲ့ မရဏာမီးပုံးအဖွဲ့ရဲ့ တပည့်လောင်းဖြစ်နေပါတယ်၊ ဒါကြောင့်မို့ ဝက်ပါလျှပ်စီးဓားသိုင်းပညာကိုလည်း တတ်မြောက်ပါတယ်၊ ဒါပေမဲ့ တပည့်တော်က အခြေခံသဘောလောက်ပဲ နားလည်တယ်၊ ဒီအတွက် ဘာမှ မစိုးရိမ်ပါနဲ့"

ချူးလုစန်း၏ လျှောက်ထားသည့်လေသံက အန္တရာယ်အရိပ်အငွေ့ကင်းသည်။ ဆရာတော် ကုချို၏ မျက်နှာထား တည်လိုက်၏။

"ကျုပ်က ဒကာလေးရဲ့ ဝက်ပါလျှပ်စီးဓားသိုင်းကို ကြောက်နေရင် ရှောင်လင်အဖွဲ့သားတွေက သိုင်းလောကထဲမှာ ခြေချစရာ

www.burmeseclassic.com

www.burmeseclassic.com



တောင် ရှိမှာမဟုတ်ဘူး၊ ကဲ ပြောနေကြာတယ်၊ စမယ်ဟာ စလိုက်ပါ"

"ကောင်းပါပြီ အရှင်"

ချူးကုစန်းသည် ပြောပြောဆိုဆို ဆရာတော်ကုချိုကို ဓားဖြင့် တိုက်ခိုက်လိုက်၏။

ဓားချက် မယုံကြည်နိုင်လောက်အောင် ပြင်းထန်လှသည်။

သို့သော် ဆရာတော်ကုချိုသည် သံမဏိတောင်ဝှေးဖြင့် ဆီး၍ ခုခံလိုက်သဖြင့် ချူးလုစန်း၏ဓားချက်က အချည်းအနှီး ဖြစ်သွား၏။

ဤအချက်ကို ကြည့်ရုံဖြင့် ဆရာတော်ကုချို၏အရည်အချင်းကို ခန့်မှန်းနိုင်သည်။

သို့သော် ဝက်ပါလျှပ်စီးဓားသိုင်းကို ခုခံကာကွယ်ဖြင့် ဂုဏ်သိက္ခာဆည်နိုင်သည်ဟု မဆိုသာပေ။

ဆရာတော်ကုချိုသည် ဝါရင့်သိုင်းပညာရှင်တစ်ဦးဖြစ်သည့်အလျောက် နှစ်ပေါင်းသုံး ဆယ်အတွင်း အောင်ပွဲအလီလီခံခဲ့သည်။

အမှန်ဆိုလျှင် သူ၏ဂုဏ်ရှိန်မှာ မရဏာမီးပုံးထက် မနိမ့်ကျပေ။

ယခု သူသည် ဝက်ပါလျှပ်စီးဓားသိုင်းကို ခုခံကာကွယ်သော်လည်း ယင်းသိုင်းကွက်ဖြင့် တိုက်ခိုက်လာသူမှာ မရဏာမီးပုံးပိုင်ရှင်၏



တပည့်လောင်းမျှသာ ဖြစ်၏။

ထို့ကြောင့် သူသည် ဂုဏ်သိက္ခာမဆည်နိုင်ရုံမျှမက သိက္ခာကျစရာပင် ဖြစ်သွားနိုင်သည်။

ဆရာတော်ကုချိုသည် အနိုင်မခံ၊ အရှုံးမပေးဟူသော ဖွဲ့သတ္တိရှိသော ဆရာတော်တစ်ပါးဖြစ်၏။

အမှန်ဆိုလျှင် သိုင်းလောကတွင် လှုပ်ရှားလာသောဘဝတစ်လျှောက်တွင် ကုချိုက အရှုံးပေးရသောအဖြစ်မျိုးနှင့် တစ်ကြိမ်တစ်ခါမှ ကြုံတွေ့ခြင်း မရှိပေ။

ယခု ဆရာတော်ကုချို မရှုံးပေ။

သို့သော် စိတ်အနှောင့်အယှက်များစွာ ဖြစ်သွား၏။

ဆရာတော်ကုချိုသည် မာန်သွင်းသံ တစ်ချက်ပြုပြီး သံမဏိတောင်ဝှေးဖြင့် ချူးလုစန်းကို လက်တုံ့ပြန်လိုက်သည်။

တောင်ဝှေးရိုက်ချက် ပြင်းထန်လှ၏။ အားမာန်အပြည့်ဖြင့် ရိုက်လိုက်ခြင်းဖြစ်၍ ဝက်ပါလျှပ်စီးဓားသိုင်းကဲ့သို့ပင် ကြောက်မက်ဖွယ်ကောင်းလှသည်။

ဆရာတော်ကုချိုသည် ချူးလုစန်းကို နောက်တစ်ကြိမ် ရှုံးနိမ့်စေချင်သည်။

ထို့ကြောင့် ရှိသမျှခွန်အားကို အသုံးပြုကာ တိုက်ကွက်ဆင်လိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမှန်းချက်မှာ လက်တွေ့ဖြစ်ရပ်နှင့် မကိုက်ညီပါပေ။

တောင်ဝှေးဖြင့် ရိုက်ချလိုက်သည့်အချိန်မှာပင် ဆရာတော်၏မျက်လုံး ပြာခနဲဖြစ်သွား၏။

တစ်ဆက်တည်း ပြင်းထန်သော အားမာန်တစ်ခု သူ့ပခုံးရှိ ကျွန်းကျင်းသွေးကြောသို့ ဆောင့်ဝင်လာသည်ကို ခံစားလိုက်ရသည်။

ထိုသို့ဖြစ်လာမည်ကို လုံးဝမျှော်လင့်မထားသဖြင့် ဆရာတော်ကုချို၏ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

သို့သော် ဆရာတော်ကုချိုသည် ဝါရင့်သိုင်းပညာရှင် တစ်ယောက်ပီပီ အတွေ့အကြုံရှိသည်။ သိုင်းပညာ အရည်အချင်း ပြည့်ဝ၏။ မြန်လည်း မြန်သည်။

သူသည် ကိုယ်ကိုလှည့်ရင်း တောင်ဝှေးကို ပြန်ရုပ်လိုက်လေသည်။

တစ်ဆက်တည်းပင် တစ်ဖက်လူ၏တိုက်ကွက်ကို ချေဖျက်ရန် တောင်ဝှေးကို ဝှေ့ယမ်းလိုက်သည်။

ယင်းသို့ လျင်မြန်စွာ လက်တုံ့ပြန်နိုင်သဖြင့် ဆရာတော်ကုချိုသည် အန္တရာယ် ဘေးမှ ကင်းလွတ်သွားခဲ့သည်။

မည်သို့ဆိုစေ ဆရာတော်ကုချိုအဖို့ အခြေအနေကောင်းသည်ဟု ပြောရန် ခဲယဉ်း၏။



အဘယ်ကြောင့်ဆိုသော် သူသည် သိုင်းပညာအရည်အချင်း ပြည့်ဝသော ဆရာတော်တစ်ပါး ဖြစ်သော်လည်း တိုက်ပွဲစလျှင်စချင်းပင် အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။

ထို့အပြင် ဆရာတော်၏ရှစ်ပေရှည်သောသံမဏိ တောင်ဝှေးမှာ အရာမရောက်သည့်အပြင် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်နေတော့သည်။

အမှန်ဆိုလျှင် ကိုယ်ထည်ရှည်သော လက်နက်သည် ရန်သူနှင့် တိုက်ခိုက်ရာတွင် တစ်ဖန်သာနေသည်။

ရန်သူကို မိမိအနားသို့ ကပ်မလာနိုင်အောင် တားဆီးနိုင်သောကြောင့် ဖြစ်၏။

လက်နက်ရှည် ကိုင်ဆောင်ထားသူအဖို့ အစိုးရိမ်ဆုံးမှာ သူ့ထံသို့ ရန်သူ အနီးကပ်လာသောအချက်ပင်ဖြစ်သည်။

ထိုအခါ လက်နက်ရှည်ကိုင်ဆောင်ထားသူသည် တစ်ဖက်လူအပေါ် တိုက်ကွက်ဆင်ရန် ခက်ခဲသည်။

ထို့အပြင် မိမိကိုင်ဆောင်ထားသော လက်နက်ပင်လျှင် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေတတ်သည်။

ယခု ဆရာတော်ကုချိုသည် ယင်းအဖြစ်မျိုးနှင့် ကြုံတွေ့နေရခြင်းဖြစ်သည်။

အကြောင်းမှာ ချူးလုစန်းသည် သူနှင့် သုံးပေခန့်အကွာသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိနေပြီဖြစ်သည်။

✿

ကြယ်တံခွန်ခြေလှမ်းဆိုသည်မှာ မရဏာမီးပုံးအဖွဲ့၏ ကိုယ်ဖော့ပညာတစ်မျိုးဖြစ်သည်။

သိုင်းလောကသားများက ၎င်းပညာ "အရိပ်ပမာ" ဟုခေါ်တွင်သည်။

အကြောင်းမှာ သင်သည် ကြယ်တံ ခွန်ခြေလှမ်းဖြင့် ရင်ဆိုင်မိပါက ကိုယ်ဖော့ပညာရပ် မည်မျှပင်တော်ပါစေ၊ သိုင်းပညာမည်မျှပင် ကျွမ်းကျင်ပါစေ၊ တစ်ဖက်လူကို ထိခိုက်အောင် လုပ်နိုင်မည် မဟုတ်သောကြောင့် ဖြစ်သည်။

ထို့အတူ တစ် ဖက်လူ၏လက်အတွင်းမှ ရုန်းထွက်နိုင်မည် မဟုတ်ပေ။

တစ်ဖက်လူသည် အရိပ်ပမာ တကောက်ကောက် ကပ်လာမည်သာ ဖြစ်သည်။

ယခု ချူးလုစန်းသည် အရိပ်ပမာ ကိုယ်ဖော့ပညာကို အသုံးပြုနေခြင်း ဖြစ်သည်။



ပို၍ အံ့ဖွယ်ကောင်းနေသည်မှာ သူသည် ဓားရှည်ကို သိမ်းလိုက်ပြီး လက်ချည်းသက်သက်ဖြင့် တောင်ဝှေးကိုင်ထားသော ဆရာတော်ကုချိန့်နှင့် လုံးထွေးသတ်ပုတ်နေသည်။

ချူးလုစန်းသည် လောကကြီးကို ငြီးငွေ့၍ လက်ချည်းသက်သက်ဖြင့် ရင်ဆိုင်နေခြင်းလော မဟုတ်ပေ။ ယင်းသို့မဖြစ်နိုင်။

သူသည် ဒေသချာပေါက်နိုင်မည်ဟု အဓိုင်တွက်ထားသောကြောင့်ပင် ဖြစ်သည်။

သူ့အာရုံထဲတွင် ဘုန်းတော်ကြီးသည် ကြောင်ရိုင်းတစ်ကောင်ရှေ့ရောက်နေသော ကြွက်သူငယ်သာ ဖြစ်နေလေသည်။

အဘယ်ကြောင့်ဆိုသော် ချူးလုစန်းသည် ကြယ်တံခွန်ခြေလှမ်းနှင့်ပင် ဆရာတော်ကြီးနှင့် လက်ရည်တူ ယှဉ်ပြိုင်နိုင်ပြီဖြစ်သည်။

တစ်ဖန် နဂါးဖမ်းသိုင်းကွက်ဖြင့် တွဲဖက်တိုက်ခိုက်လိုက်သောအခါ ဆရာတော်ကုချိကာ သူပြုသမျှ နာရမည့်ကိန်းသို့ ဆိုက်ရောက်လာတော့သည်။

သို့သော် ချူးလုစန်း စိတ်သဘောထား ပြည့်ဝသူပီပီ သိုင်းလောက၏ဝါစဉ်ကြီးပုဂ္ဂိုလ်တစ်ယောက် သိက္ခာကျသွားသော အဖြစ်မျိုး မကြည့်ရက်ပေ။

ဤသည်မှာ ချူးလုစန်း၏ အရိုးခံစေတနာပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် ဆရာတော်ကြီး၏သွေးကြောကို နှစ်ကြိမ်တိုင်တိုင် ထိုးနှက်ခွင့်ရသော်လည်း ထိရုံကလေးမျှသာ ထိုးခဲ့သည်။

ယင်းသို့ လက်ဆကိုထိန်းခြင်းမှာ အကြောင်းမဲ့မဟုတ်။

ဆရာတော်ကြီးအနေဖြင့် ကိုယ့်အခြေအနေကိုယ်သိပြီး ရပ်တန်းက ရပ်သွားစေရန် သတိပေးသည့် အရိပ်လက္ခဏာတစ်ရပ်ပင်ဖြစ်သည်။

ဆရာတော်ကုရှိုကလည်း ချူးလုစန်း၏ရည်ရွယ်ချက်ကို ကောင်းစွာရိပ်စားမိသည်။

သို့သော် ရထားသည့် နာမည်တစ်လုံးကို ထိပါးသွားမည်ကို ကုရှိုသည် သေမလောက်ပင် ကြောက်နေသည်။

အထူးသဖြင့် နောက်ပေါက်လူငယ်၏လက်ချက်ဖြင့် ရှုံးနိမ့်ရမည်ကိုတွေးရင်း ရှက်နေမိသည်။

ထို့ကြောင့် ဆရာတော်ကြီးကုရှိုသည် တောင်ဝှေးကို ပစ်ချပြီး မာန်ဖီသံတစ်ချက် ပြုလိုက်သည်။

ထို့နောက် ရှောင်လင်အဖွဲ့၏လျှို့ဝှက်ဆန်းကြယ်သော သိုင်းပညာတစ်မျိုးဖြင့် လက်တုံ့ပြန်လိုက်သည်။

ကုရှိုအသုံးပြုသော သိုင်းပညာမှာ ရဟန်းသိုင်းပညာပင်ဖြစ်သည်။



ရှောင်လင်အဖွဲ့တွင် လျှို့ဝှက်ဆန်းကြယ်သော သိုင်းပညာ (၇) မျိုးရှိ၏။

ရဟန်းသိုင်းပညာမှာ ယင်း (၇၂) မျိုးထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။

ရှောင်လင်အဖွဲ့တွင် အဖွဲ့ဝင်ပေါင်း ထောင်နှင့်ချီ၍ ရှိပေသည်။

သို့သော် ရဟန်းသိုင်းပညာကို တတ်မြောက်သူနှစ်ယောက်သုံးယောက်သာရှိသည်။

ကုရှိုသည် နောက်ပေါက်လူငယ်တစ်ယောက်အပေါ် ရဟန်းသိုင်းကဲ့သို့သော သိုင်းကွက်မျိုးဖြင့် လက်တုံ့ပြန်နေခြင်းမှာ အံ့ဩဖွယ်ကောင်းလှ၏။

ထို့ကြောင့် ကျောင်းထိုင်ဝါးထိုပင်လျှင် ဆရာတော်ကုရှို၏ အပြုအမူကြောင့် ရင်ထိတ်သွားရသည်။

ထို့ကြောင့် အားလုံးသောပုဂ္ဂိုလ်တို့မှာ ချူးလုစန်းအတွက် စိုးတထိတ်ထိတ် ဖြစ်နေကြသည်။

ထိုသို့ဖြစ်နေစဉ်မှာပင် ချူးလုစန်းက မမျှော်လင့်ဘဲ သိုင်းကွက်ဆန်းတစ်မျိုးကို သုံးလိုက်သည်။

ချူးလုစန်း၏ဘယ်ဘက်လက်ကောက်ဝတ်သည် ဆရာတော်ကုရှို၏လက်ညှိုးနှင့် လက်ခလယ်တို့၏ ပစ်မှတ်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုချိလက်ချောင်းတို့သည် ပစ်မှတ်သို့ တည့်တည့်မတ်မတ် တန်းဝင်လာသည်။

အခုလို အခြေအနေမျိုးတွင် ချူးလုစန်းသည် ကိုယ်ကိုကျုံ့၍ ဘေးသို့ရှောင်ပေးရန် သာရှိသည်။

သို့မဟုတ်ပါက သူ၏လက်တစ်ဖက်သည် လုံးဝ သုံးမရသော အခြေအနေသို့ ရောက်သွားမည်မှာ ဧကန်မလွဲတော့ပေ။

ချူးလုစန်းက အကျပ်အတည်း အခက်အခဲတွင်းသို့ ရောက်နေသည်။

လွတ်အောင် ရှောင်မည်လော။

ချူးလုစန်း မည်သို့ဖြစ်ပျက်လာမည်ကို အားလုံးမျက်တောင်မခတ်စိုက်ကြည့်နေသည်။

ဆရာတော် ကုချိသည် ချူးလုစန်းကို အပိုင်တွယ်လိုလှ၏။

ထို့ကြောင့် လက်ချောင်းနှစ်ချောင်းဖြင့် ထိုးသွင်းလိုက်ရာတွင် အတွင်းအား အိတ်သွန်ဖာမှောက် အသုံးချလိုက်ပေသည်။

သို့သော် မျှော်လင့်သလို ဖြစ်မလာ။

ချူးလုစန်း မည်သို့လှုပ်ရှားလိုက်လေသည်မသိ။

ကုချိ၏ကျောက်သားကျောက်ဆစ်လို မာကျောသော လက်ချောင်းအခြေအနေသည် ရုတ်ခြည်း ပြောင်းလဲသွားတော့သည်။

ယင်းအချိန်မှာပင် အားအရှိန်တစ်ခုသည် ဆရာတော်ကုချိ



၏ရှန်ကျိုသွေးကြောသို့ ဝင် ဆောင့်လာသည်။

ဆရာတော်ကုချိရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

ဒေါသစိတ်နှင့် ခံပြင်းစိတ်သည် ဆရာတော်ကုချိကို တစ်ပြိုင်တည်း နှိပ်စက်လာသည်။

ထို့ကြောင့် ဆရာတော်ကုချိ၏မျက်နှာသည် သွေးရောင်ကင်းမဲ့လျက် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

သို့ဖြင့် ကုချိ၏ခန္ဓာကိုယ်မှာလည်း ကြိုးစင်တက်ရမည့် အချုပ်သားတစ်ဦးပမာ တဆတ်ဆတ်တုန်ယင်နေသည်။

မမျှော်လင့်သော အားရှိန်ကြောင့် ယခုလို ဖြစ်လာသည်ဟု ဆိုနိုင်ပေသည်။

ယင်းအားအရှိန်မှာ ချူးလုစန်း၏ ဘယ်လက်ညှိုးစွမ်းပကားပင်ဖြစ်သည်။

ချူးလုစန်း၏လက်ညှိုးသည် ဆရာတော်ကုချိ၏ ရှန်ကျိုသွေးကြောကို မိမိရရ ထိုးပိတ်ထားလိုက်ပြီးဖြစ်သောကြောင့်ပင်ဖြစ်သည်။

ရှန်ကျိုဆိုသည်မှာ အဓိကသွေးကြောဖြစ်သည်။ ယင်းသွေးကြောကို ထိမှန်ခံရသဖြင့် ဆရာတော်ကုချိတစ်ကိုယ်လုံး နုံးချိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ချူးလုစန်း၏ လက်ကောက်ဝတ်ကို ထိုးမည့် လက်ချောင်းမှာ လမ်းတစ်ဝက်တွင်ပင် အောက်သို့ လျှော့သွားသည်။

ချူးလုစန်း၏အံ့မခန်းဖွယ် စွမ်းဆောင်ချက်ကြောင့် ရှောင်လင်အဖွဲ့ အားလုံး ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြသည်။

စင်စစ် ရှောင်လင်အဖွဲ့ဝင်တွင် မဟုတ်ပါ။

ချူးလုစန်းကိုယ်တိုင်ပင်လျှင် အတော်အံ့အားသင့်သွားသည်။

ချူးလုစန်း အဘယ်ကြောင့် အံ့ဩနေရပါသနည်း။

သူသည် ကိုယ့်ပညာရပ်ကို နားမလည်၍လော။

မှန်ပါသည်။ သူသည် ကိုယ့်ပညာရပ်ကို ကိုယ်နားမလည် ဖြစ်နေသည်မှာ အမှန်ပင် ဖြစ်သည်။

စောစောက သိုင်းကွက်သည် အလိုအလျောက် ဖြစ်ပေါ်လာသော သိုင်းကွက်ပင်ဖြစ်သည်။

မည်သို့ ဖြစ်ပေါ်လာသည်ကိုပင် ကိုယ်တိုင်မသိချေ။

သူသည် ယင်းသိုင်းကွက်ဖြင့် ဆရာတော် ကုချို၏သွေးကြောကို ထိုးပိတ်နိုင်ခဲ့သည်။

သို့သော် ယင်းသိုင်းကွက် ဖြစ်ပေါ်လာပုံ လက်ညှိုးဖြင့် မည်သို့ထိုးနှက်လိုက်ပုံတို့ ချူးလုစန်း ကိုယ်တိုင်ပင် ဝေခွဲ၍မရ ဖြစ်နေ၏။

ချူးလုစန်းသည် သူတကာ၏ ပစ်မှတ်ဖြစ်နေခဲ့သလို



ထိပ်တန်း သိုင်းပညာရပ်များကိုလည်း သိုင်းပညာရှင်များက သင်ပေးခဲ့၏။

တိတ်ဆိတ်ခြင်းသည် ပတ်ဝန်းကျင်ကို လွှမ်းခြုံထားသည်။

အစုံစုံသော မျက်လုံးတို့သည် ချူးလုစန်းအပေါ် စူးရောက်နေ၏။

ချူးလုစန်းသည် တစ်ချက်တွေဝေသွားပြီးမှ သတိပြန်ရလာသည်။

သူသည် နှစ်ဖက်ဆုပ်ကာ ဆရာတော်ကုချိုအား အရိုအသေပြုလိုက်ရင်း အတွင်းအားကို တိတ်တဆိတ်ထုတ်ကာ ဆရာတော်၏ပိတ်နေသောသွေးကြောကို ဖွင့်ပေးလိုက်သည်။

ထို့နောက် ချူးလုစန်းသည် ရိုသေကိုင်းရှိုင်းသော အမူအရာဖြင့် သိမ်မွေ့စွာ လျှောက်တင်လိုက်သည်။

"သိုင်းလောကရဲ့ အခြေအနေ အင်မတန်ဆိုးဝါးလာတယ်၊ ဘေးအန္တရာယ် အချိန်မရွေး ကျရောက်နိုင်ပါတယ်၊ ဆရာတော်တို့ရဲ့ အဖွဲ့ကြီးဟာ လူတကာရဲ့ လေးစားမှုကို ခံယူတဲ့အဖွဲ့ကြီး ဖြစ်ပါတယ်၊ ဒါကြောင့် ဘေးအန္တရာယ်ကျရောက်တော့မယ့် သိုင်းလောကကြီးကို ကာကွယ်ဖို့တာဝန်ရှိပါတယ်၊ ပုဂ္ဂိုလ်ရေး ဆုံးရှုံးမှုဟာ အရေးမကြီးပါဘူး၊ သိုင်းလောကရဲ့ ကောင်းကျိုးကို အရေးထားဖို့ တပည့်တော် ဘိုက်တွန်းပါရစေ အရှင်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့ကို ဆုံးမနေတယ်ပေါ့ ... ဟုတ်လား"

ဆရာတော်ကုချိက ချူးလုစန်းအား ဒေါသတကြီးဖြင့် အော်ငေါက်လိုက်၏။ ချူးလုစန်းက စိတ်မဆိုး။ လေသံအေးအေးဖြင့် လျှောက်တင်လိုက်သည်။

"တပည့်တော်က စိတ်ရင်းအတိုင်း ပြောနေတာပါ"

အဆောင်မှူးဖြစ်သော ဆရာတော်ဟုအိမ်းက အေးစက်စက်အသံဖြင့် ပြောလိုက်သည်။

"ဒကာလေးရဲ့သိုင်းပညာကို အားကိုးပြီး လူကြီးကို အနိုင်ကျင့်ချင်နေတယ် မဟုတ်လား၊ နည်းနည်းပါးပါး အော်ငေါက်တာပဲ၊ ဘာဖြစ်သွားမှာမို့လို့လဲ"

ဆရာတော်ဟုအိမ်းသည် ထိုသို့ပြောပြီးမှ ဒေါသစိတ်ကို မမျိုသိပ်နိုင်ဘဲ ပေါက်ကွဲ၍ ထွက်လာသည်။

"ကျုပ်တို့ ရှောင်လင်အဖွဲ့က ပုဂ္ဂိုလ်ရေးကိစ္စကို အလေးမထားပါဘူး၊ နို့ပေမယ့် အဖွဲ့အစည်းတစ်ခုလုံး နစ်ရှည်လံများ တည်ဆောက်လာတဲ့ ဂုဏ်သိက္ခာကိုတော့ အထိမခံနိုင်ပါဘူး၊ ကဲ ... သတ္တိရှိရင် စာက်ခဲ့ ဒကာလေး"

"မလုပ်နဲ့ ဆရာတော်"

ဆရာတော်ဝါးထိုက ကမန်းကတန်း ဝင်ရောက်ဟန့်တားလိုက်၏။



သို့သော် ဆရာတော်ဟုအိမ်းက ဒေါသကို မထိန်းနိုင်ဘဲ ရှောင်လင် ဂိုဏ်းချုပ်ကြီးကိုပင် စောဒကတက်လိုက်၏။

"အခုလိုလာပြီးစော်ကားတာကို ခေါင်းငုံ့ခံနေရင် ရှောင်လင်အဖွဲ့ကြီးရဲ့ ဂုဏ်သိက္ခာ အကြီးအကျယ် ကျသွားမှာပေါ့၊ ရှောင်လင်အဖွဲ့ကို ဒီလိုအချိုးမျိုး ချိုးလို့ ဘယ်ရမလဲ၊ ဘာပဲဖြစ်ဖြစ် အဖွဲ့ရဲ့ သိက္ခာကိုတော့ အတတ်နိုင်ဆုံး ကာကွယ်ရမှာပဲ"

ဆရာတော်ဝါးထိုက ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"ဒကာလေး ချူးလုစန်းနဲ့ ဆရာတော်ကုချိတို့ ဖြစ်တဲ့ကိစ္စက ကိုယ်ရေးကိုယ်တာ ကိစ္စပါ၊ ကျုပ်တို့အဖွဲ့ရဲ့ ဂုဏ်သိက္ခာနဲ့ မဆိုင်ပါဘူး"

ဆရာတော်ဝါးထိုက ပြောပြီးနောက် ချန်းယိသို့ လှည့်လိုက်သည်။

"ချန်းယိ ... ဒကာလေးနဲ့ ဒကာမလေးတို့ကို နေရာချပေးလိုက်ပါ၊ မနက်ဖြန်ကျရင် ကျောင်းခန်းမှာ သူတို့အတွက် ပူဇော်ပွဲစီစဉ်ပေးလိုက်ပါ"

ချန်းယိသည် ရှောင်လင်အဖွဲ့၏ ဧည့်ကြိုကိစ္စကို ဆောင်ရွက်ရသော ဘုန်းတော်ကြီးတစ်ပါး ဖြစ်သည်။

ဘုန်းတော်ကြီးချန်းယိသည် လက်အုပ်ချီလိုက်ပြီး ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ချူးလုစန်းတို့ အား ခေါင်းညိတ်ပြလိုက်သည်။

"ဒကာကြီးတို့ ... ဘုန်းကြီးနောက် လိုက်ခဲ့ပါ"

ချူးလုစန်းတို့လူစုသည် ဘုန်းတော်ကြီး ချန်းယိခေါ်ဆောင်ရာသို့ လိုက်ပါသွားသည်။

ချန်းယိသည် ကတော့ပြလိုက်ပြီး ကြူးယွင်နှင့် ရှောင်ဗွားတို့ကို တစ်ချက်လှမ်းကြည့်လိုက်၏။

"ကျုပ် တစ်ခု မေတ္တာရပ်ခံချင်ပါတယ် ... စိတ်မရှိပါနဲ့"

"ကိစ္စမရှိပါဘူး ... သတိပေးစရာရှိရင် ပေးနိုင်ပါတယ်"

ချူးလုစန်းသည် အလိုက်သိစွာဖြင့် လျှောက်ထားလိုက်သည်။

ချန်းယိက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ...

"ကျုပ်တို့အဖွဲ့မှာ တားမြစ်ချက်တစ်ခုရှိတယ်၊ အဲဒီ တားမြစ်ချက်ဟာ နည်းလမ်းသိပ်မကျပေမယ့် ကျုပ်တို့အားလုံးက လိုက်နာကြရတယ်"

ချန်းယိ၏စကား မဆုံးမီ ရှောင်ဗွားက ကြားဖြတ်လျှောက်တင်လိုက်ပြန်သည်။

"နည်းလမ်းမကျမှန်း သိလျက်သားနဲ့ လိုက်နာနိုင်းတယ်ဆိုတာဟာ ကိုယ့်တက်လမ်းကိုယ် ဖိတ်ဖင်သလို ဖြစ်သွားမှာပေါ့၊ ဒါကြောင့် အရှင်ဘုရားတို့ရဲ့ ကျောင်းတော်က နာမည်ကြီးခဲ့ပေမယ့်



အခုတော့ ကျီးလန့်တစား အခြေအနေမျိုး ရောက်နေတာပေါ့"

ချန်းယိသည် သဘောထားပြည့်ဝသော ဆရာတော်တစ်ပါးဖြစ်သောကြောင့် ခေါင်းကိုအသာညိတ်လိုက်ပြီး ...

"ဒကာမလေးပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ဒီကိစ္စက ကျောင်းထိုင်ဆရာတော်ကြီးဝါးထိုနဲ့ပဲ သက်ဆိုင်ပါတယ်"

"ဘယ်လိုတားမြစ်ချက်မျိုးပါလဲ၊ တစ်ဆိတ်လောက် အမိန့်ရှိပါလား"

ချူးလုစန်းသည် သိချင်စိတ်ဖြင့် ချန်းယိကို မေးမြန်းလိုက်ပြန်၏။

ချန်းယိ မဖြေမီ ရှောင်ဗွားက ကြားဖြတ်ဝင်ပြောလိုက်သည်။

"မေးစရာ လိုသေးသလား ... အမျိုးသမီးတွေကို ကျောင်းခန်းထဲ မဝင်ရဘူးဆိုတဲ့ တားမြစ်ချက်ပဲ ဖြစ်မှာပေါ့၊ တပည့်တော်တို့ ငိုမိဂိုဏ်းကိုလည်း ရောက်ဖူးတယ်၊ ဘယ်ဘုရားကျောင်းကမှ ဒကာမတွေ မဝင်ရဘူးလို့ ပိတ်ပင်တားမြစ်ခြင်း မရှိဘူး၊ ရှောင်လင်ဂိုဏ်းကပဲ ဒီလိုတားမြစ်ချက် ထုတ်ထားတာတော့ အံ့ဩစရာပါပဲ"

"ရှောင်ဗွား စကားကို အရမ်းမပြောနဲ့"

ကြူးယွင်သည် ရှောင်ဗွားကို သတိပေးလိုက်၏၊ ထို့နောက် ချန်းယိဘက်သို့လှည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဘုရား ... အရှင်ဘုရားတို့ရဲ့ စည်းကမ်းချက်ကို တပည့်တော်တို့ မဖောက်ဖျက်ပါဘူး"

ဟု ကတိပြုလိုက်၏။ ချန်းယိ ဆရာတော်မှာ ယခုမှ ဘဝင်ကျသွားပြီး ...

"ကောင်းပြီ ... ကျုပ်သွားမယ်"

စကားဆုံးသည်နှင့် ချန်းယိဆရာတော်မှာ လှည့်ထွက်သွားလေသည်။

ရှောင်လင်ကျောင်းတော်။

ညှိခန်းမဆောင်၏ခန်းမတွင် ချူးလုစန်းတို့ သုံးယောက်အား နေရာချပေးပြီးနောက် ဆရာတော်ချန်းယိသည် ပြန်လည်ထွက်ခွာသွား၏။

မကြာမီ ကျောင်းဆောင်ဘက်မှ ပျံ့လွင့်လာသော ဘုရားဝတ်ပြုသံများ ကြည်နူးဖွယ်ရာ ကြားလိုက်ရသည်။

ဘုရားဝတ်ပြုသံနှင့်အတူ ခေါင်းလောင်းထိုးသံများ အဆက်မပြတ် ပေါ်ထွက်လာသည်။



ယင်းခေါင်းလောင်းသံမှာ ကြားရသူအပေါင်းအား ကြည်နူးဖွယ် စိတ်နှလုံးချမ်းမြေ့ဖွယ်ကောင်း လှပေသည်။

ချူးလုစန်းသည် ဘုရားဝတ်ပြုနေသော ရှောင်လင်အဖွဲ့ဝင်များရှိရာ ကျောင်းဆောင်ဘက်သို့ လှမ်းကြည့်ရင်း အတွေးနယ်ချဲ့မိလေသည်။

ထိုအချိန်တွင် ဘုရားဝတ်ပြုသံများ ရပ်သွားသည်။

"ဒကာလေး ချူးလုစန်းကို ကျောင်းထိုင်ဆရာတော်ကြီးက တွေ့ချင်လို့တဲ့"

"မှန်လှပါ ... တပည့်တော် လိုက်ခဲ့ပါ့မယ်"

ချူးလုစန်းသည် ချန်းယိခေါ်ဆောင်ရာသို့ တစ်ဦးတည်း လိုက်ပါသွားခဲ့သည်။

မကြာမီ ကျယ်ဝန်းသော ခန်းမဆောင်တစ်ခုသို့ ရောက်ရှိလာသည်။

ခန်းမဆောင်ထဲတွင် ဆရာတော်ဝါးထိုအပြင် ကိုရင်လေးပါးနှင့် ကာကိုယ်ဆီကိုင်ဆောင်ထားသော ဘုန်းကြီးဆယ့် ရှစ်ပါးတို့ အသင့်ရှိနေကြသည်။

ချူးလုစန်းသည် ဆရာတော်ဝါးထိုကို အရိုအသေ ကန်တော့လိုက်သည်။

"ဒကာလေးက ကျုပ်ကို ဘာများ ပြောစရာရှိသ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဝါးထိုက ခရီးရောက်မဆိုက် မေးလိုက်သည်။

ချူးလုစန်းက ခန်းမဆောင်ထဲတွင် အခြားဘုန်းတော်ကြီးများ ရှိနေ၍ အပြောရခက်နေသည်။

"ဒီမှာရှိတဲ့ အဖွဲ့ဝင်အားလုံးဟာ ကျုပ်ရဲ့လူယုံတော်တွေပါ။ ဒကာလေး ပြောစရာရှိတာကို စိတ်ချလက်ချ ပြောနိုင်ပါတယ်"

"တပည့်တော်က မယုံလို့ မဟုတ်ပါဘူး။ ဒီကိစ္စက အရေးကြီးလို့ လူများ အသိမခံစေချင်တဲ့ သဘောပါ"

ချူးလုစန်းက စေ့ဒကတက်လိုက်ရာ ဆရာတော်ဝါးထိုသည် တခြားဘုန်းကြီးနှင့် ကိုရင်များကို အပြင်သို့ ထွက်ခွာသွားရန် အမိန့်ပေးလိုက်သည်။

ခန်းမဆောင်ထဲတွင် ဆရာတော်ဝါးထိုနှင့် ချူးလုစန်းတို့သာ ရှိတော့သည်။

သို့သော် ချူးလုစန်းက စိတ်မချနိုင်သေးပါ။ အတွင်းအားပို့နည်းဖြင့် ပြောကြားလိုက်သည်။

"တပည့်တော်ကို တခြားလူနိုင်းလို့ ဒီကျောင်းတော်ကို လာခဲ့ရတာပါ"

"ဩော် ... ဘယ်သူနိုင်းလိုက်တာလဲ"

"စာပေရှူးယို့မင်းပါ"

"လက်စသတ်တော့ ဒကာကြီးယို့မင်းဆီကကိုး ကိစ္စက



တော်တော် အရေးကြီးလား"

"တင်ပါ့ဘုရား၊ ရှောင်လင်အဖွဲ့ရဲ့ကံကြမ္မာဟာ သိုင်းလောကနဲ့ တိုက်ရိုက်ပတ်သက်နေပါတယ်၊ ရှောင်လင်အဖွဲ့ တစ်ခုခုဖြစ်သွားရင် သိုင်းလောကရဲ့အကျိုးကို ထိခိုက်သွားမှာမို့ သွေးစက်ဖိတ်စာနဲ့ ပတ်သက်တဲ့ကိစ္စကို ဆင်ဆင်ခြင်ခြင်နဲ့ ဆုံးဖြတ်ဖို့မှာလိုက်ပါတယ်"

"ဒကာကြီးယို့မင်းက သတင်းနှံ့စပ်တာကိုး၊ ကျုပ်တို့အဖွဲ့ ရင်ဆိုင်နေရတဲ့ ကိစ္စကို သူဘယ်လိုလုပ်ပြီး သိသွားတာလဲ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့အဖွဲ့က ရန်သူကို ရင်ဆိုင်ဖို့ အင်အားရှိပါတယ်"

"တင်ပါ့ဘုရား ... ရှောင်လင်အဖွဲ့ကို အထင်သေးလို့ ပြောနေတာ မဟုတ်ပါဘူး၊ ဒါပေမဲ့"

"ဒကာကြီး ... ရှောင်လင်အဖွဲ့ဝင်တိုင်းဟာ ဘုရားတရား ကိုင်းရှိုင်းကြတယ်၊ ဘယ်သူမှ ဘုရားမကြိုက်တာကို မလုပ်ပါဘူး၊ ဒီအတွက် စိတ်မပူပါနဲ့"

"အရှင်ဘုရားပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ရှောင်လင်အဖွဲ့ရဲ့ အတွင်းမှာပဲ အဆင့်အတန်း ခွဲခြားတာတွေ ရှိနေပါတယ်၊ တပည့်တော်ပြောတာ မမှန်ဘူးလား"

ဆရာတော်ဝါးထိုက ငြိမ်သက်စွာ နားထောင်နေသဖြင့် ဆက်လျှောက်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဆင့်အတန်းခွဲခြားတာဟာ ဘာမှမဆန်းပါဘူး၊ ဒါပေမဲ့ အပြင်လူက ချောက်တွန်းမယ်၊ ရန်တိုက်ပေးမယ်ဆိုရင် အဆင့်အတန်း ခွဲခြားတဲ့အတွက် ပြဿနာပေါ်လာနိုင်ပါတယ်"

ထိုအခါ ...

ဆရာတော် ဝါးထိုက ခေါင်းညိတ်လိုက်သည်။

"ဒကာလေးပြောတာ မှန်ပါတယ်၊ လူဆိုးလူမိုက်တွေက နေရာတကာမှာ ခေါင်းထောင်နေကြတယ်၊ ကျုပ်တို့အဖွဲ့လည်း သတိထားမှ ဖြစ်မယ်"

"ရှောင်လင်အဖွဲ့ရဲ့အင်အားကို သိလျက်နဲ့ သွေးစက်ဖိတ်စာကို ပို့ဖြစ်အောင်ပို့တယ်ဆိုတော့ လျှို့ဝှက်အဖွဲ့မှာ အားကိုးစရာ တစ်ခုခုတော့ ရှိမှာ သေချာတယ်၊ ဆရာတော်ပြောသလို ရှောင်လင်အဖွဲ့က အပြင်ရန်သူကို ရင်ဆိုင်တဲ့ အင်အားရှိတယ်ဆိုရင် ဒီအဖွဲ့က ဘယ်သူ့ကို အားကိုးမလဲ ဒီဖြင့်အဖွဲ့ကို အားကိုးပဲ့မလား"

"ဒကာလေး ရှောင်လင်အဖွဲ့ပေါ်မှာ စေတနာထားတာ အများကြီး ကျေးဇူးတင်ပါတယ်၊ အခုဆိုရင် ကျုပ်တို့ ဘယ်လိုစီစဉ်ရမယ်ဆိုတာ သိနေပြီ၊ ဒကာလေး အနားသွားယူပါတော့"

ချူးလုစန်းသည် သူ့အခန်းသို့ ပြန်လာ၏။

အခန်းထဲတွင် ကြူးယွင်နှင့် ရှောင်ဝှားတို့ ထိုင်စောင့်နေသည်ကို တွေ့ရ၏။



ရှောင်ဝှားသည် ချူးလုစန်းကို မြင်သည်နှင့် ဆီး၍ မေးလိုက်၏။

"ကြာလှချည်လား အစ်ကို၊ ဘာများ ဆွေးနွေးနေလို့လဲ"

ချူးလုစန်းသည် အမှန်အတိုင်း ပြန်ပြောရန် ခက်နေသဖြင့် မုသားသုံး၍ ပြောလိုက်သည်။

"ကုသိုလ်ကောင်းမှုလုပ်ဖို့ကိစ္စကို ဆရာတော်ကြီးက လက်ခံပါတယ်၊ ဒါပေမဲ့ ဟိုအချက်ကိုတော့ လက်မလျှော့ဘူး"

"ကျွန်မတို့ကို ကျောင်းဆောင်ထဲ ဝင်ခွင့်မပေးဘူးဆိုပါတော့"

"ဟုတ်တယ်၊ ဒါပေမဲ့ စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့၊ မင်းတို့ ဝင်ခွင့်မရပေမယ့် ငါက ဝင်ခွင့်ရနေတာပဲ၊ သိပ်မထူးပါဘူး"

ချူးလုစန်း၏စကားဆုံးသည်နှင့် ကြူးယွင်က ဝင်ပြောလိုက်သည်။

"ကျွန်မတို့ကို ဒီမှာထားခဲ့တာ အစ်ကို စိတ်ချတာပေါ့၊ ကုသိုလ် ကောင်းမှုပြုတာပဲ ဒီအဆောင်မှာလုပ်ရင်ကော မရဘူးလား"

"ဟုတ်ပြီ၊ မင်းပြောမှ ငါသဘောပေါက်တယ်၊ ဒီအဆောင်မှာပဲ လုပ်ကြတာပေါ့"

ချူးလုစန်းသည် ချက်ချင်း သဘောတူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆရာတော် ချန်းယီထံသို့ ဤအဆောင်တွင် ကောင်းမှုကုသိုလ်ပြုမည်ဖြစ်ကြောင်း ကိုရင်လေးစန်းဖုန်းအား အကြောင်းကြားခိုင်းလိုက်တော့သည်။

ရှောင်လင်အဖွဲ့သည် သွေးစက်ဖိတ်စာသုံးစောင်ကို ရရှိထားသည်။

လက်မှတ်ရေးထိုး၍ ရက်ကန့်သတ်ထားရာ ယခုဆိုလျှင် ကိုးရက်သာ လိုပေတော့၏။

ရှောင်လင်အဖွဲ့၏သေရေးရှင်ရေးတမျှ အရေးကြီးသော ကိစ္စလည်း ဖြစ်ပေသည်။

လက်မှတ်ရေးထိုးခြင်း မပြုဘဲ ဖြစ်ပေါ်လာမည့်အခြေအနေကို ရဲရဲတုံ့တုံ့ ရင်ဆိုင်ဆုံးဖြတ်ထားသည့်တိုင် ကြိုတင်ပြင်ဆင်မှုကို ပြုလုပ်ထားသင့်သည်။

ရှောင်လင်အဖွဲ့သည်လည်း အမှန်ပင် ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်သည်။

ပထမအနေဖြင့် ကျောင်းဆောင်သို့ ရက်အကန့်အသတ်မရှိ ပိတ်လိုက်သည်။

ဘုရားဖူးများ လာရောက်လည်ပတ်ခွင့်ကို လုံးဝခွင့်မပြုတော့ပေ။

ထို့ပြင် ...



ညှိခန်းဆောင်တွင် စောစောပိုင်းက ရောက်နှင့်နေသော ညှိသည်များကို ပြန်လည်ထွက်ခွာသွားစေသည်။

ဒုတိယအနေဖြင့် ကျောင်းဆောင်အတွင်းအပြင် တင်းကျပ်သော လုံခြုံရေးစီမံချက် ချထားသည်။

ကင်းအထပ်ထပ်ချထားသဖြင့် ရှောင်လင်ကျောင်းဝင်းအတွင်းသို့ ကြွက်တစ်ကောင်ပင် ဝင်ရန်မလွယ်ကူချေ။

ထိုပြင်ဆင်မှုများမှာ မြင်တွေ့နိုင်သော ပြင်ဆင်မှုများသာ ဖြစ်သည်။

ချူးလုစန်း မမြင်မတွေ့နိုင်သော ပြင်ဆင်မှုများ ရှိပေလိမ့်မည်။

သူသည် အပြင်လူတစ်ဦးသာဖြစ်၍ ရှောင်လင်ကျောင်း၏ လျှို့ဝှက်ချက်များကို မည်ကဲ့သို့ သိနိုင်ပေမည်နည်း။

သို့သော် ...

ချူးလုစန်းကလည်း မသိချင်ပေ။

သူစိုးရိမ်သည်မှာ ရှောင်လင်အဖွဲ့တွင်းရှိ သစ္စာဖောက်ကို ရှင်းလင်းနိုင်ရန်သာ ဖြစ်သည်။

သူ့အနေဖြင့် ယင်းကိစ္စ ဝင်ရောက်စွက်ရန် အခွင့်အရေး လုံးဝ မရှိပါချေ။

ထို့ကြောင့် သူသည် အခြေအနေကို စောင့်ကြည့်ရန်သာ

www.burmeseclassic.com

www.burmeseclassic.com



ရှိပေတော့သည်။

✡

သွားလေသူများအတွက် ရည်စူးပြုလုပ်သော ကုသိုလ်ကောင်းမှုပြုသည့်ပွဲသည် နေ့ညမပြတ် ဆက်လက်ကျင်းပနေသည်။

ဘုရားစာရွတ်သံနှင့် ခေါင်းလောင်းထိုးသံကို အချိန်မလပ်ကြားနေရ သည်။

ထူးခြားမှုမရှိဘဲ ပုံမှန်အခြေအနေတွင်သာရှိသည်။ သို့သော် ထူးခြားသည်မှာ ချူးလူစန်း၏ ရင်ထဲတွင် ပို၍ လေးလံလာသည်။

စိုးရိမ်စိတ်များနေသဖြင့် သူ၏မျက်နှာမှာ အမြဲလိုပင် သုန်မှုန်နေ၏။

သွေးစက်ဖိတ်စာတွင် လက်မှတ်ရေးထိုးရန် နောက်ဆုံးတစ်ရက်သာ ကျန်ရှိပေတော့သည်။

ကြူးယွင်နှင့်ရှောင်ဝှားတို့မှာ သွေးစက်ဖိတ်စာ အကြောင်းကို ယနေ့တိုင် မသိကြသေးပေ။

ရှောင်လင်ကျောင်းသို့ ရောက်လာခြင်း၏ ရည်ရွယ်ချက်ကိုပင် မသိကြချေ။



ရှောင်ဝှားမှာ ချူးလူစန်းကို အမြဲတစေ စောင့်ကြည့်နေသောကြောင့် ချူးလူစန်း၏မျက်နှာ မကောင်းသည်ကို တွေ့နေရလေ၏။

သို့ဖြစ်၍ မေးမြန်းရာ ချူးလူစန်းက အဖြစ်မှန်ကို ပြောပြလိုက်သည်။

ယင်းအချိန်တွင်ပင် အရေးပေါ် ခေါင်းလောင်းထိုးသံအဆက်မပြတ် ပေါ်ထွက်လာ၏။

ကျောင်းဆောင်အပြင်ဘက်သို့ ပြေးထွက်သွားသောခြေသံများလည်း ဆူညံစွာ ထွက်ပေါ်လာ၏။

ချူးလူစန်းတို့သုံးယောက်မှာ အလွန်စိုးရိမ်သွားကြသည်။

ထိုအချိန်တွင် ကျောင်းထိုင်ဆရာတော်ကြီးက သူတို့အား ကျောင်းဆောင်ရှေ့သို့ လာရောက်တွေ့ဆုံရန် အခေါ်လွှတ်လိုက်ကြောင်း ကိုရင်တစ်ပါးက လာပြောသည်။

သူတို့သည် ဆရာတော်ပါးထိုအား တွေ့ဆုံရန် ကျောင်းဆောင်ဘက်သို့ အလျင်အမြန် ကူးလာခဲ့ကြသည်။

ရှောင်လင်ကျောင်းရှေ့တွင်လည်း တိုက်ပွဲတစ်ရပ် ပြင်းပြင်းထန်ထန် ဆင်နွှဲတော့မည့် အခြေအနေသို့ ရောက်ရှိနေ၏။

အပြင်ဘက်၌ အော်ဟစ်သံ၊ ကြိမ်းမောင်းသံနှင့် လက်နက်ချင်း ထိခိုက်သံများ ဆူညံနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင် စုပေါင်းစစ်ဆင်ရေးအဖွဲ့ဝင်များကလည်း ရန်သူနှင့် တိုက်ခိုက်ရန် နေရာယူထားပေသည်။

ယင်းတို့နှင့် ပေသုံးဆယ်အကွာတွင် ဆရာတော်ကြီးများ နေရာယူထားကြသည်။

အလယ်တွင် နေရာယူထားသူမှာ ဆရာတော်ကုချို့ဖြစ်ပြီး ဘယ်ဘက်နံဘေးတွင် ကူတိတ်နှင့် ညာဘက် နံဘေးတွင် ကုယင်းတို့ ရှိကြသည်။

ယင်းဘုန်းတော်ကြီးသုံးပါးမှာ ရှောင်လင်အဖွဲ့၏ဝါစဉ်ကြီး ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ယင်းတို့အနောက်ဘက်တွင် ရှောင်လင်အဖွဲ့ဝင် ၁၄ ဦး တန်းစီ၍ ရပ်နေ၏။

သူတို့၏ဘေးနှစ်ဖက်တွင် ဘုန်းကြီးအပါး ငါးဆယ်ခန့် နေရာယူထားကြသည်။

ဋင်းဘုန်းကြီးများသည် ဘယ်ဘက်လက်တွင် ဓားကိုင်ထား ပြီး ညာဘက်လက်တွင် တောင်ဝှေးကို ကိုင်ဆောင်ထားကြသည်။

သူတို့အားလုံးသည် ငြိမ်သက်စွာ ရပ်နေကြသည်။

ယင်းအဖွဲ့များမှာ ရှေ့ပြေးအဖွဲ့များ ဖြစ်ပါသည်။

ရှေ့ပြေးအဖွဲ့များ ရန်သူကို ရှုံးနိမ့်ခဲ့လျှင် နောက်ဘက်တွင် ရှိသော ရှောင်လင်စုပေါင်းစစ်ဆင်ရေးအဖွဲ့က ဝင်ရောက် ကူညီမည်



ဖြစ်သည်။

ကျောင်းဆောင်တံခါးဝအနီးတွင်မူ အင်အားတောင့်တင်းလှ သောအဖွဲ့တစ်ဖွဲ့ရှိလေသည်။

သင်းအဖွဲ့ထဲတွင် ရှောင်လင်ကျောင်းထိုင်ဆရာတော် ဝါးထို ပါဝင်လေသည်။

ဆရာတော်ဝါးထိုက အလယ်တွင် နေရာယူထားသည်။

ဆရာတော်၏တစ်ဖက်တစ်ချက်တွင် ရပ်နေသူများမှာ ဆရာတော်အင်းချန်၊ ဆရာတော်ယားချန်နှင့် ဆရာတော်ချန်းယိ တို့ပင် ဖြစ်သည်။

ဆရာတော်ဝါးထို၏ နောက်ပါးတွင် ဦးပဥ္စင်း ဆယ့်ရှစ်ပါး ရပ်နေကြသည်။

ယင်းတို့သည် ဆရာတော်ဝါးထို၏ တပည့်ရင်းများ ဖြစ် ကြသည်။

သူတို့သည် ဦးပဥ္စင်း ဆယ့်ရှစ်ဖော်ပင် ဖြစ်သည်။

ယင်းတို့၏အနောက်ဘက်တွင် ရှောင်လင်ကျောင်း၏ အဆင့်မြင့် သိုင်းသမားများ ရှိနေသည်။

ယင်းအဖွဲ့ကို ရှောင်လင်ကျားဟုခေါ်ပြီး သိုင်းသမားပေါင်း တစ်ရာ့ရှစ်ယောက် ပါရှိသည်။

ထိုအဖွဲ့များအားလုံးသည် ဒုတိယအဖွဲ့သားဖြစ်ပြီး ရှောင်

www.burmeseclassic.com

www.burmeseclassic.com



လင်စုစုပေါင်း စစ်ဆင်ရေးအဖွဲ့က ရန်သူကို မနိုင်မှသာ ဝင်ရောက်ကူညီရန် ထားခြင်းဖြစ်သည်။

ရှောင်လင်ကျောင်းထဲတွင် အရန်အဖွဲ့ဝင်ပေါင်း ရာနှင့်ချီ၍ ရှိနေသေးသည်။

ရှောင်လင်အဖွဲ့၏အင်အားများမှာ အထူးပင် ကောင်းမွန်လှပေသည်။

ချူးလုစန်းသည် အခြေအနေကို အနည်းငယ် အကဲခတ်ကြည့်လိုက်ပြီး ဆရာတော်ဝါးထိုထံသွား၍ အရိုအသေပြုလိုက်သည်။

"ကျုပ်တို့အပေါ် စေတနာထားတဲ့အတွက် ဒကာလေးကို အထူးပဲ ကျေးဇူးတင်ပါတယ်၊ ဒကာလေးတို့လည်း ကျုပ်တို့ကြောင့် ရောပြီး ဒုက္ခရောက်သွားနိုင်ပါတယ်၊ ဒါကြောင့် အမြန်ဆုံး ထွက်သွားဖို့ မေတ္တာရပ်ခံပါတယ်၊ ကျုပ်တို့ကို ဘယ်လိုမှ မအောက်မေ့ပါနဲ့"

ချူးလုစန်းသည် အခြေအနေကို အနည်းငယ် အကဲခတ်ကြည့်လိုက်ပြီး ဆရာတော်ဝါးထိုထံ သွား၍ အရိုအသေပြုလိုက်သည်။

"ကျုပ်တို့အပေါ် စေတနာထားတဲ့အတွက် ဒကာလေးကို အထူးပဲ ကျေးဇူးတင်ပါတယ်၊ ဒကာလေးတို့လည်း ကျုပ်တို့ကြောင့် ရောပြီး ဒုက္ခရောက်သွားနိုင်ပါတယ်၊ ဒါကြောင့် အမြန်ဆုံးထွက်သွားဖို့ မေတ္တာရပ်ခံပါတယ်၊ ကျုပ်တို့ကို ဘယ်လိုမှ မအောက်မေ့ပါနဲ့"



ချူးလုစန်းက ဆရာတော်အား ပြုံး၍ကြည့်ပြီး ...

"တပည့်တော်တို့ ကြောက်တတ်ရင် ဒီကိုတောင်မလာပါဘူး၊ ပြီးတော့ ရန်သူတွေလည်း ရောက်နေတော့ ထွက်သွားချင်လို့တောင် ထွက်လို့ရမှာမဟုတ်ပါဘူး အရှင်ဘုရား"

"ကျုပ်တို့ကျောင်းမှာ လျှို့ဝှက်ထွက်လမ်းတွေ ရှိပါတယ်၊ ဒကာလေးတို့ ထွက်သွားမယ်ဆိုရင် လမ်းပြတစ်ယောက် ထည့်ပေးလိုက်ပါ့မယ်"

ချူးလုစန်းက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ဒီလို အခြေအနေရောက်မှ တပည့်တော်ကို ရှောင်ထွက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ တပည့်တော်လည်း ရှောင်လင်အဖွဲ့ဘက်က တစ်တပ်တအား ပါဝင်ပါရစေ"

ထိုအချိန်တွင် ရန်သူများသည် ကင်းစခန်းတချို့ကို ဖြတ်ကျော်ကာ ကျောင်းဝင်းအနီးသို့ပင် ရောက်ရှိလာလေသည်။

"ရန်သူတွေက အင်အားတော်တော်များတယ်၊ ခြံရှေ့မှာ စောင့်နေတဲ့ အဖွဲ့ဝင်တွေ ဘေးအန္တရာယ် ကျရောက်နိုင်တယ်၊ ဒါကြောင့် အဖွဲ့ဝင်တွေကို ပြန်ခေါ်လိုက်ရင် မကောင်းဘူးလား"

ချူးလုစန်း အကြံပေးလိုက်သည်။ ဆရာတော်ဝါးထိုက လက်ခံကာ ယင်းအဖွဲ့အား ပြန်ခေါ်ရန် ချန်းယိအား နိုင်းလိုက်သည်။

ချန်းယိက အချက်ပေးသံတစ်ခု ပြုလိုက်သည်။ ခြံရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေကြသော ရှောင်လင်အဖွဲ့ဝင်များသည် ချက်ချင်းပင် ဆုတ်ခွာလာကြ၏။

သူတို့သည် ဆရာတော်ကုချိနှင့် ပူးပေါင်းမိသွားသည်။

ထိုအချိန်တွင် ရန်သူများလည်း ရောက်ရှိလာကြသည်။

ရန်သူအားလုံးသည် အနက်ရောင်မျက်နှာဖုံးဖြင့် မျက်နှာကို ဖုံးကွယ်ထားသည်။

လူအင်အားမှာ သုံးရာနီးပါးခန့် ရှိသည်။

ယင်းတို့သည် ရှောင်လင်အဖွဲ့တစ်ခုလုံးအား ပျက်စီးသွားစေရန် ရည်ရွယ်ထားသည်။

သို့သော် ရှောင်လင်အဖွဲ့တွင် သွင်းထားသော ယင်းတို့၏ဘက်တော်သားအားလုံး အဖမ်းခံရပြီဖြစ်ကြောင်း သူတို့ သိဟန်မတူပေ။

သူတို့အားလုံးသည် ကျောင်းဝင်းရှေ့သို့ ရောက်ရှိလာကြသည်။

ကျောင်းရှေ့တွင်ချထားသော ရှောင်လင်အဖွဲ့အား တွေ့မြင်လိုက်ရသောအခါ ... ရန်သူများ အလိုလို ရပ်တန့်သွားကြလေသည်။

ရန်သူခေါင်းဆောင်မှာ မုတ်ဆိတ်မွေးရှည်ရှည်နှင့် ပိန်ပိန်အဘိုးအိုတစ်ဦးဖြစ်သည်။



ယင်းအဘိုးအို၏မျက်လုံးအစုံမှာ စူးရှတောက်ပြောင်လှသည်။

သို့သော် မျက်နှာကို အဝတ်မည်းဖြင့် ဖုံးထားသောကြောင့် ရုပ်သွင်ကို ခန့်မှန်းရခက်သည်။

ရန်သူအဘိုးအိုကို မြင်သည်နှင့် ဆရာတော်ကုချိက လှမ်း၍ အော်မေးလိုက်သည်။

“ရှောင်လင်ကို ပျက်စီးကြံသလား၊ ငရဲပြည်ရောက်ချင်ရင် ကျုပ်တို့ပို့ပေးမယ်”

အဘိုးအိုက တစ်ချက်ရယ်မောလိုက်ပြီး ...

“ဒီမှာကုချို၊ ကျုပ်နဲ့စကားပြောရအောင် အဆင့်အတန်း တူသလားဆိုတာ စဉ်းစားပြီးမှ ပြောပါ၊ ဝါးထိုကို လွှတ်လိုက်ပါ”

ဆရာတော်ကုချို ဒေါသခြောင်းခြောင်း ထွက်သွားသည်။

သူသည် တောင်ဝှေးကိုဆွဲလျက် အဘိုးအိုထံသို့ ပြေးဝင်သွားသည်။

ဆရာတော်ကုတိတ်က ဝင်ရောက်တားလိုက်သော်လည်း မမီလိုက်တော့ပေ။

ကုတိတ်အား သုံးချောင်းဆက် တုတ်ကိုင်ဆောင်ထားသော ရန်သူတစ်ယောက်က ဝင်ရောက်တိုက်ခိုက်လိုက်သောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက သူ့အဖွဲ့သားများအား အော်ဟစ်အချက်ပြလိုက်သည်။

"ကဲ ... အားလုံးတိုက်ကြ၊ တစ်ယောက်မှမလွတ်စေနဲ့"

တိုက်ပွဲမှာ စတင်ကတည်းက ပြင်းထန်လှပေသည်။

ရှောင်လင်ရှေ့တန်းအဖွဲ့သည် ရန်သူနှင့်စတင်တွေ့ဆုံသည်နှင့် အကျပ်အတည်းနှင့် ရင်ဆိုင်ရတော့သည်။

ဆရာတော်ဝါးထိုက ရန်သူအခြေအနေကို အကဲခတ်ရင်း နှုတ်မှလည်း လွှတ်ခနဲထွက်သွားသည်။

"သူတို့အထဲမှာ အဆင့်မြင့် သိုင်းသမားတွေ အများကြီး ပါလာပါလား၊ ဒီလူတွေကို ဘယ်က ခေါ်လာတာလဲ ... အံ့သြစရာပဲ"

ဆရာတော်၏စကားကို ကြားသော်လည်း မည်သူမျှ မဖြေနိုင်ပါ။

ယခုရောက်လာသော အဖွဲ့သည် လျှို့ဝှက်အဖွဲ့ပင် ဖြစ်သည်။

ယင်းအဖွဲ့၏ အတွင်းရေးကိုသိပါက ယင်းအဖွဲ့သည် လျှို့ဝှက်အဖွဲ့ဟူ၍ အမည်ပေးနိုင်ပါမည်လော။

အချိန်အနည်းငယ်အတွင်းမှာပင် ရှောင်လင်ရှေ့တန်းအဖွဲ့တွင် သေဆုံးသူနှင့် ဒဏ်ရာရသူများ အလွန်များလာပြီဖြစ်သည်။



အချိန်ကြာလာလျှင် အခြေအနေမှာ ပို၍ ဆိုးရွားနိုင်ပေသည်။

ထို့ကြောင့် ဆရာတော်အင်းချန်က ရုတ်တရက် အကြံပေးလိုက်သည်။

"ရှေ့တန်းအဖွဲ့ကတော့ ရန်သူကို တားနိုင်မှာ မဟုတ်ဘူး၊ နောက်ဆုတ်ခိုင်းလိုက်ရင် မကောင်းဘူးလား"

ရှောင်လင်ကျောင်းထိုင်ဝါးထိုက ငြင်းဆန်လိုက်လေသည်။

ရန်သူအဘိုးအိုကလည်း ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ သူ၏အဖွဲ့ဝင်များအား ထပ်မံတိုက်ခိုက်ရန် အချက်ပေးလိုက်တော့သည်။

အဘိုးအိုက အချက်ပြလိုက်သည်နှင့် ...

"တိုက်ကြဟေ့"

"ယား"

ဝိုင်းရံထားကြသူများက ဩသံပေးကာ တိုက်ခိုက်လိုက်ကြတော့သည်။

ရှောင်လင်ကျောင်းမှလည်း ပြန်လည်တိုက်ခိုက်လိုက်ရာ ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပေါ်လာလေတော့သည်။

ချူးလုစန်းက တိုက်ပွဲကို ကြည့်ပြီး သက်ပြင်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ သည်အတိုင်းလက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး ထင်တယ်"

ဟု ကြူးယွင်နှင့်ရှောင်ဗွားတို့အား ပြောလိုက်၏။ ရှောင်ဗွားက ...

"အစ်ကိုက ရှောင်လင်ကျောင်းဘက်က ပါဝင်ကူညီချင်လို့လား"

ချူးလုစန်းက ...

"သူတို့က ရှောင်လင်ကျောင်းထဲက သစ္စာဖောက်တွေကို ဖော်ထုတ်ချင်ခဲ့တယ်ဆိုပေမယ့် ရောက်လာတဲ့ ရန်သူကို ရင်ဆိုင်ဖို့တော့ ရှုတ်တရက် ခက်ခဲဦးမှာ သေချာတာပဲ"

ရှောင်ဗွားနှင့် ကြူးယွင်တို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

ထို့နောက် ချူးလုစန်းကို သဘောတူလိုက်ကြသည်။

"အစ်ကို့သဘောအတိုင်းပါရှင်"

"ကောင်းပြီ"

ချူးလုစန်းက ချက်ချင်း လှုပ်ရှားလိုက်လေသည်။

'ဟူး'

မြေပေါ်ခြေဆောင့်ကာ ရန်သူများထံသို့ ခုန်ဝင်သွားလေတော့သည်။



ကြူးယွင်နှင့်ရှောင်ဗွားတို့လည်း ချူးလုစန်းနှင့် လက်တွဲကာ ရန်သူကို ရင်ဆိုင်လိုက်ကြလေသည်။

ထိုတိုက်ပွဲကား ပို၍ ပြင်းထန်လာလေတော့သည်။

✡

ချူးလုစန်းက ရန်သူများကြားသို့ ရောက်ရှိသွားသည်နှင့် ရွှေရောင်ဝတ်ထားသူတစ်ယောက်က ဆီးကြိုတိုက်ခိုက်လာလေသည်။

ထိုလူ၏ လှုပ်ရှားပုံနှင့် သိုင်းကွက်ကို ကြည့်ရုံဖြင့် ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်ကြောင်း ချူးလုစန်း ရိပ်မိလိုက်လေသည်။

ရွှေရောင်ဝတ်ထားသူက ချူးလုစန်းကို ဟန့်တားလိုက်လေသည်။

"မင်းဟာ ရှောင်လင်ကျောင်းက မဟုတ်ဘဲ ဘာကြောင့် ဝင်ရှုပ်ချင်ရတာလဲ"

"ခင်ဗျားတို့ကကော ဘာကြောင့် ရှောင်လင်ကျောင်းကို ဒုက္ခပေးချင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... မင်းကိုလည်း ရှောင်လင်ကျောင်းက ဒုက္ခပေးခဲ့တာပဲ မဟုတ်လား၊ မင်းက သူတို့ကို ကူညီမယ့်အစား ကျုပ်တို့နဲ့ ပူးပေါင်းသင့်တယ်ဆိုတာ မသိတော့ဘူးလား"

ချူးလုစန်းက ...

"ခင်ဗျားတို့နဲ့ ပူးပေါင်းရမယ် ... ဟုတ်လား"

"ဟုတ်တယ်လေ"

"နေပါဦး ... ခင်ဗျားတို့ဟာ သွေးစက်ဖိတ်စာကို ကိုယ်စားပြုထားကြသူတွေ မဟုတ်လားဗျာ"

ထိုလူ ဘာမှမပြောချေ။

ချူးလုစန်းက ...

"သွေးစက်ဖိတ်စာဟာ သိုင်းလောကကို လွှမ်းမိုးဖို့ကြံစည်နေတာကြောင့် သိုင်းလောကတစ်ခုလုံးက လက်မခံကြတော့ဘူးဆိုတာ ခင်ဗျားတို့ မတွေးမိကြဘူးလား"

ထိုလူ ရယ်မောလိုက်သည်။

"မကြာခင် သိုင်းလောကတစ်ခုလုံး ကျုပ်တို့လက်ထဲရောက်လာတော့မှာပဲ ... ဘာများ ဂရုစိုက်စရာလိုနေဦးမှလဲ"

"ခင်ဗျား"

"မင်းက ချူးလုစန်း မဟုတ်လား၊ မင်းရဲ့ဆရာကို မင်းမတွေ့ချင်တော့ဘူးလား"

BURMESE CLASSIC .com



"ဘာကွ"

"မင်းရဲ့ဆရာကို တွေ့ချင်တယ်ဆိုရင် ရှောင်လင်ကျောင်းမှာ နေမယ့်အစား ငါတို့နောက်ကို လိုက်ခဲ့တာ ကောင်းမယ်"

ချူးလုစန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

ရွှေရောင်ဝတ်ထားသူက တိုက်ပွဲကို အကဲခတ်လိုက်လေသည်။

ရှောင်လင်ကျောင်းက တက်ညီလက်ညီ ခုခံရင်ဆိုင်နေကြသည့်အပြင် ရှောင်လင်ကျောင်းမှ သစ္စာဖောက်များလည်း အဖမ်းခံလိုက်ရပြီ ဖြစ်ရကား ရှောင်လင်ကျောင်းအား ရုတ်တရက် သိမ်းပိုက်ဖို့ဆိုသည်မှာ မဖြစ်နိုင်တော့ပေ။

ရွှေရောင်ဝတ်ထားသူသည် အခြေအနေကို နားလည်သဘောပေါက်သွားပြီး။

"မင်းဆရာကိုယ်တွေ့ချင်ရင် ငါ့နောက်ကို လိုက်ခဲ့ပေတော့"

ဟုပြောကာ ပြေးလွှားသွားတော့သည်။

ချူးလုစန်းက ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ရွှေရောင်ဝတ်ထားသူနောက်သို့ လိုက်သွားလေတော့သည်။

✿

www.burmeseclassic.com

www.burmeseclassic.com



မှိုင်းညို့နေသော တောင်ထိပ်တစ်ခုပေါ်၌ ဖြစ်သည်။

ထိုတောင်ထိပ်ပေါ်၌ လူနှစ်ယောက် ရောက်ရှိနေကြလေသည်။

ထိုလူနှစ်ယောက်ကား ရွှေရောင်ဝတ်ထားသူနှင့် ချူးလုစန်းတို့ ဖြစ်သည်။

ချူးလုစန်းက ဆရာဖြစ်သူနှင့် တွေ့ရမည်ဆိုခြင်းကြောင့် ရွှေရောင်ဝတ်ထားသူနောက်သို့ လိုက်လာခဲ့ခြင်းဖြစ်သည်။

ရန်သူများက ရှောင်လင်ကျောင်းအား ဒုက္ခပေး၍ မရနိုင်သကဲ့သို့ ဆရာတော်ကုချိနှင့် ပတ်သက်သောကိစ္စကိုလည်း ဖြေရှင်းနိုင်ခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် ဆရာနှင့်ပတ်သက်ပြီး အကျိုးအကြောင်း ပြောဆိုအရေး ကြီးသည်ဟု သဘောထားကာ ရွှေရောင်ဝတ်ထားသူနောက်သို့ လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

ရွှေရောင်ဝတ်ထားသူက ချူးလုစန်းကို စိုက်ကြည့်လိုက်၏။

"မင်းဆရာက သူ့လွတ်မြောက်ရေးအတွက် မင်းကို ခုတုံးလုပ်သွားတယ်ဆိုတာ မင်း ရိပ်မိနေပြီ မဟုတ်လား"

ဟု မေးလာလေသည်။



ချူးလုစန်း ဘာမှမပြောဘဲနေလိုက် ၏။

ထိုလူက ...

"မင်းဆရာက မင်းအပေါ် မကောင်းကြံခဲ့တဲ့ကိစ္စကို မင်း ဖော်ထုတ်ချင်နေတယ်၊ မင်းတို့ဆရာတပည့်နှစ်ယောက် ပတ်သက်မှုတစ်ခုခု ရှိနေရမယ်ဆိုတာကိုလည်း သိုင်းသမားကြီးတွေက နားလည်သဘောပေါက်ထားကြတယ်၊ မင်းဆရာအကြောင်း ဖော်ထုတ်ချင်ရင် မင်းကို ဝိုင်းဝန်းကူညီရမယ်လို့ နားလည်ထားကြတယ်"

ချူးလုစန်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

သူ့အား ထိပ်သီးသိုင်းသမားကြီးများ၊ ဂိုဏ်းချုပ်ကြီးများနှင့် ဝါရင့်ပုဂ္ဂိုလ်ကြီးများက စိတ်ဝင်စားနေပြီး တတ်စွမ်းသလောက် ဝိုင်းဝန်းအကူအညီ ပေးခဲ့ကြ၏။

သူ၏ဆရာနှင့်ပတ်သက်ပြီး လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ရန် ပံ့ပိုးပေးကြသည်။

သည်သဘောမျိုးဖြစ်ပါတော့သည်။

ရွှေရောင်ဝတ်ထားသူက ...

"အားလုံးက ဝိုင်းကူညီနေကြတော့ မင်း ကျေနပ်ဝမ်းသာမိတယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

ချူးလုစန်း ဝန်ခံလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ဝတ်ထားသူက ...

"အဲဒါ ... မင်း ဒုက္ခရောက်ချင်လို့ပဲ"

"ဗျာ"

"သူတို့က မင်းကို အသုံးချဖို့ ကြိုးစားနေကြတယ်ဆိုတာကို တောင် မင်း နားမလည်တော့ဘူးလား"

"ကျွန် ကျွန်တော်"

"မင်းရဲ့သိုင်းပညာအခြေအနေ တိုးတက်လာတာ မှန်တယ်၊ ဒါပေမဲ့ မင်းရဲ့ဆရာက မင်းရဲ့အခြေအနေကိုကြည့်ပြီး မင်းကို ဘယ်တော့မှ အတွေ့ခံတော့မှာမဟုတ်ဘူး"

ချူးလုစန်း ငိုင်သွား၏။

ထိုလူက ...

"မင်းက သူ့ကို ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူး ကွ"

ချူးလုစန်း လွှတ်ခနဲ မေးလိုက်သည်။

"သည်တော့ ကျွန်တော် ဘာဆက်လုပ်ရမလဲ"

ရွှေရောင်ဝတ်ထားသူက ...

"လွယ်ပါတယ်၊ သွေးစက်ဖိတ်စာပို့နေတဲ့လူတွေနဲ့ လက်တွဲလိုက်ပေါ့ကွာ"

"ဟာ မဖြစ်နိုင်တာ"



"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ မင်းဆရာဟာလည်း လူတွေနဲ့လည်း ပတ်သက်နေပြီဆိုတာ မင်း နားမလည်ဘူးလား"

ချူးလုစန်း မျက်လုံးပြူးသွားသည်။

"ကျွန်တော့်ဆရာဟာ သွေးစက်ဖိတ်စာကလူတွေနဲ့ ပတ်သက်နေတယ် ဟုတ်လား"

"သေချာတာပေါ့"

ချူးလုစန်း သက်ပြင်းချလိုက်သည်။

"ကျုပ်သဘောပေါက်ပါပြီဗျာ"

ရွှေရော်ဝတ်ထားသူက ...

"မင်းမဆိုးဘူး"

ချူးလုစန်း လက်ကာပြလိုက်သည်။

"ကျုပ် သဘောပေါက်တယ်ဆိုတာ ခင်ဗျားပြောခဲ့တာတွေ အားလုံး လိမ်ပြောနေတာကို သဘောပေါက်ပြီလို့ ပြောတာဗျ"

"ငါက မင်းကို ဘာကြောင့် လိမ်ပြောရမှာလဲ"

ချူးလုစန်းက ...

"သိုင်းလောကသားတွေက ဆရာ့ကို တွေ့ချင်နေကြသလို သွေးစက်ဖိတ်စာပို့တဲ့ လျှို့ဝှက်အဖွဲ့က လူတွေကလည်း ဆရာ့ကို တွေ့ချင်နေကြတယ်ဆိုတာကိုလည်း ကျုပ် သဘောပေါက်ပါပြီဗျာ"

ရွှေရောင်ဝတ်ထားသူ မကျေမနပ် ဖြစ်သွား၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



“ငှါစကားကို မင်း မယုံပဲကိုး”

ချူးလုစန်းက အမှုမထားဘဲ ပြန်မေးလိုက်၏။

“နေပါဦး၊ ကျုပ်ရဲ့ဆရာကို ခင်ဗျားတို့က ဘာကြောင့် တွေ့ချင်နေရတာလဲ”

ထိုစဉ် ...

“ရွှေပေစာကြောင့်ပေ့ါ”

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

✲

ချူးလုစန်းသည် ရောက်လာသူကိုမြင်လျှင် အံ့ဩဝမ်းသာသွားလေသည်။

ထိုလူမှာ မရဏမီးပုံး ကြူးထိုက်ယီဖြစ်နေသည် မဟုတ်ပါလား။

ကြူးထိုက်ယီက ...

“မင်းက ကြူးယွင်တို့ကို ရှောင်လင်ကျောင်းမှာ ထားခဲ့ပြီး သူ့နောက်ကို လိုက်လာခဲ့တာလား”



“ဟုတ်ပါတယ် ခင်ဗျာ”

“သူက မင်းဆရာအကြောင်း ပြောပြနိုင်မယ်လို့ မင်း ထင်နေတာလားပေ့ါလေ”

“ဟုတ်ပါတယ် ခင်ဗျာ”

ကြူးထိုက်ယီက ...

“မင်းထင်သလိုမဟုတ်ဘဲ သူက မင်းဆရာနဲ့ မင်း ဘယ်လိုပတ်သက်နေတယ်ဆိုတာ စုံစမ်းချင်လို့ လှည့်စားနေတာဆိုရင်ကော”

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ် ခင်ဗျာ ... သူ့ရဲ့အကြံကို ကျုပ် သဘောပေါက်နေပါပြီ”

ကြူးထိုက်ယီက ရွှေရောင်ဝတ်ထားဘက်သို့ လှည့်လိုက်လေသည်။

“ကဲ ခင်ဗျားဘယ်သူလဲ၊ ဘာကြောင့် ခုလို လုပ်နေရတယ်ဆိုတာ ပြောပါ”

ရွှေရောင်ဝတ်ထားသူက ...

“ကျုပ်က ရွှေပေစာအကြောင်း သိထားတယ်၊ ရွှေပေစာကို ဘယ်သူက ပိုင်ဆိုင်ပြီး ဘယ်သူ့ဆီကို ပို့ပေးရမယ်ဆိုတာကအစ သိ[illegible]ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



လုစန်းတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ကြူးထိုက်ယီက ချူးလုစန်းကို မေးလိုက်သည်။

"မင်းတို့ စိန်ရွှေအာမခံဌာနကို လူတစ်ယောက် ရောက်လာပြီး သူ့ရဲ့ဇနီးသည်ဆီကို ပို့ပေးပါဆိုပြီး ပစ္စည်းအပ်နှံသွားတာတယ်၊ အဲသည်ပစ္စည်းကို ပို့ပေးဖို့ မင်းဆရာက မင်းကိုခိုင်းတယ်၊ မင်းသွားပို့တော့ ဘာပစ္စည်းမှမပါဘဲ လမ်းမှာ အဖမ်းခံလိုက်ရတယ်၊ တကယ်ပို့ပေးရမယ့်ပစ္စည်းနဲ့ မင်းရဲ့ဆရာဟာ ခုချိန်ထိ ရှာလို့မရအောင် ပျောက်ဆုံးသွားတယ်၊ ငါပြောတာ မှန်တယ်မဟုတ်လား"

ချူးလုစန်းက ...

"မှန်ပါတယ်ဗျာ၊ သည်အကြောင်းကို လူတိုင်းသိနေကြပြီပဲဗျာ"

ကြူးထိုက်ယီက ရွှေရောင်ဝတ်ထားသူကို ညွှန်ပြလိုက်၏။

"မင်းက သူ့ကို သိသလား"

ချူးလုစန်း ခေါင်းခါယမ်းလိုက်လေသည်။

"ဟင့်အင်း ကျွန်တော်မသိပါဘူး"

ကြူးထိုက်ယီက ...

"သူက မင်းတို့အကြောင်း သိနေတယ်"

ချူးလုစန်းက ...

"ကျွန်တော်ပြောပြီးပါပြီ၊ ခုချိန်မှာ လူတိုင်းက ကျွန်တော်တို့



အကြောင်း သိရှိနေကြပါပြီ"

ကြူးထိုက်ယီ ခေါင်းခါယမ်းလိုက်သည်။

"မတူဘူး၊ သူက လူများတွေထက် ပိုပြီး သိထားပုံ ရှိနေတယ်"

ချူးလုစန်းက ရွှေရောင်ဝတ်ထားသူအား မေးလိုက်လေသည်။

"ဒါ အမှန်ပဲလားဗျာ"

ရွှေရောင်ဝတ်ထားသူ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်"

ချူးလုစန်းက ...

"ဒါဖြင့် ခင်ဗျားက သူများတွေထက် ဘာတွေများ ပိုသိထားသလဲဆိုတာ ပြောပါ ခင်ဗျာ"

ရွှေရောင်ဝတ်ထားသူက ...

"မင်းတို့ဆီကို ရွှေပေးစာလာပို့တဲ့လူဟာ လျို့ဝှက်သိုင်းသမား ကျူးရယ်၊ သူမက သိုင်းရှစ်ကွက်ဝင်းယိုရဲ့ ယောက်ျားပဲ"

ကြူးထိုက်ယီ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"လျို့ဝှက်သိုင်းသမား ကျူးရယ်နဲ့ သိုင်းရှစ်ကွက်ဝင်းပိုတို့ ဇနီးမောင်နှံဟာ တကယ့်ကို နာမည်ကြီးစောရတွေပဲ၊ သိုင်းလောကမှာ သူတို့အကြောင်းမသိတဲ့လူ မရှိဘူး၊ သူတို့က ဘုရင့်နန်းတော်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီး ဘုရင့်သရဖူကိုတောင် ခိုးယူနိုင်စွမ်းရှိတဲ့လူတွေလို့ ကျော်ကြားတာပေါ့"

ရွှေရောင်ဝတ်ထားသူက ...

"သိပ်မှန်တာပေါ့ဗျာ၊ ရွှေပေလွှာဆိုတာ တစ်ချိန်က သိုင်းလောကသားတိုင်း လိုချင်မက်မောခဲ့ကြတဲ့ နေကသိုင်းကျမ်းကို ဖော်ပြထားတဲ့ ပစ္စည်းပဲ၊ ရွှေပေလွှာကို ကျူးရယ်နဲ့ ဝင်းပိုတို ဇနီးမောင်နှံက ခိုးယူသွားတယ်လေ"

ကြူးထိုက်ယီက ...

"ဘယ်သူ့ဆီက ခိုးယူသွားတာလဲ"

ရွှေရောင်ဝတ်ထားသူက ...

"ခုတစ်လော သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုးစားနေတဲ့ လျှို့ဝှက်အဖွဲ့အစည်းခေါင်းဆောင်ဆီကပေါ့"

ချူးလုစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"လျှို့ဝှက်အဖွဲ့အစည်းခေါင်းဆောင်ဆိုတာ ဘယ်သူလဲ ပြောပါဦး"

ရွှေရောင်ဝတ်ထားသူက ကြူးထိုက်ယီကို ကြည့်လိုက်လေသည်။ ကြူးထိုက်ယီက ...

"လျှို့ဝှက်အဖွဲ့အစည်းခေါင်းဆောင်က ဘယ်သူလဲ"

ဟု ခက်ထန်စွာ မေးလိုက်လေသည်။



သိုင်းလောကရဲ့ကြောက်စရာကောင်းသော လျှို့ဝှက်အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်လာသည်။

ထိုအဖွဲ့သည် သိုင်းလောကသားများအား ခြိမ်းခြောက်ကာ စည်းရုံးသိမ်းသွင်းကြသည်။

သူတို့နှင့် ပူးပေါင်းဖို့ ငြင်းဆန်သူများအား နည်းလမ်းအမျိုးမျိုး အသုံးပြုကာ သုတ်သင်ရှင်းလင်းပစ်ကြလေသည်။

လျှို့ဝှက်အဖွဲ့အစည်းက သိုင်းလောကအား သိမ်းပိုက်ရန် ကြိုးစားနေကြခြင်းဖြစ်သည်။

ချူးလုစန်းသည်ပင်လျှင် ရှောင်လင်ကျောင်း၌ လျှို့ဝှက်ဂိုဏ်းမှ လာရောက်တိုက်ခိုက်သည့် ဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသေးသည် မဟုတ်ပါလား။

ချူးလုစန်းက ...

"ခင်ဗျားကိုယ်တိုင်လည်း လျှို့ဝှက်အဖွဲ့က လူတစ်ယောက်ဖြစ်နေတော့ လျှို့ဝှက်ဂိုဏ်းက ဘယ်သူဘယ်ဝါဆိုတာ ပြောပါဗျာ"

ဟု ထပ်မေးလိုက်လေသည်။

ရွှေရောင်ဝတ်ထားသူက ...

"လျှို့ဝှက်ဂိုဏ်းက နာမည်ကြီးသိုင်းသမားတွေကို လိုက်လံစည်းရုံးသိမ်းသွင်းပြီး သူတို့အကျိုးအတွက် အသုံးချနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"လျှို့ဝှက်ဂိုဏ်းချုပ် ဘယ်သူဘယ်ဝါဆိုတာ ပြောပြပါလား ဗျာ"

ဟု ထပ်မေးလိုက်လေသည်။

ရွှေရောင်ဝတ်ထားသူက ...

"လျှို့ဝှက်ဂိုဏ်းချုပ်ဟာ ပြိုင်စံရှား သိုင်းသမားကြီး ဖူးရီပါပဲ"

ဟု ပြောလိုက်လေသည်။

"ဟား ဟား ဟား"

ကြူးထိုက်ယီ ရယ်မောလိုက်လေသည်။

ရွှေရောင်ဝတ်ထားသူက ...

"ကျုပ်ပြောတာ မယုံဘူးလား"

ကြူးထိုက်ယီခေါင်းညိတ်လိုက်သည်။

"မယုံဘူး"

"ခင်ဗျား ဘာကြောင့် မယုံတာလဲ"

"ပြိုင်စံရှားသိုင်းသမား ဖူးရီဆိုတာ သိုင်းလောကတစ်ခုလုံး ကြည်ညိုလေးစားရတဲ့ အဖြူရောင်သိုင်းသမားကြီး တစ်ယောက် ဖြစ်နေလို့ပဲ"

မှန်ပေသည်။

ပြိုင်စံရှားသိုင်းသမား ဖူးရီမှာ နာမည်နှင့်လိုက်အောင် သိုင်း



လောက၌ သူ့အား ယှဉ်နိုင်သူမရှိ။

ပြိုင်ဘက်ကင်းသည့် အဖြူရောင်သိုင်းသမားကြီး ဖြစ်လေသည်။

ဖူးရီက သိုင်းလောကအား နှောင့်ယှက်ဒုက္ခပေးသူများအား ဆုံးမနှိမ်နင်းခဲ့သည်။

သိုင်းလောကတစ်ခုလုံး၏ရိုသေလေးစားမှုခံရသည့် အဖြူရောင်သိုင်းသမားကြီး ဖြစ်လေသည်။

ထို့အပြင် ပြိုင်စံရှား သိုင်းသမားကြီးဖူးရီ သိုင်းလောကမှ အနားယူသွားခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်သည်။

ရွှေရောင်ဝတ်ထားသူက ...

"လျှို့ဝှက်အဖွဲ့ခေါင်းဆောင်ဟာ ပြိုင်စံရှားသိုင်းသမားကြီး ဖူးရီပါပဲ"

ဟု ထပ်ပြောလေသည်။

ကြူးထိုက်ယီက ...

"ကောင်းပြီ၊ ဖူးရီဖြစ်တော့ကော ဘာဖြစ်သလဲ"

ရွှေရောင်ဝတ်ထားသူက ...

"လျှို့ဝှက်ဂိုဏ်းချုပ်က နေလသိုင်းကျမ်းကို ရထားတယ်၊ ဒါပေမဲ့ လျှို့ဝှက်သိုင်းသမား ကျူးရယ်က သိသွားပြီး တိတ်တဆိတ် ခိုးယူသွားခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြူးထိုက်ယီက ...

"ဆက်ပြောပါဦး"

ရွှေရောင်ဝတ်ထားသူက ...

"ဒါပေမဲ့ ပြိုင်စံရှားဖူးရီက သိသွားပြီး လိုက်လံတိုက်ခိုက်ဖို့ ကျူးရယ် ဒဏ်ရာရသွားတယ်၊ သူ့ရဲ့ဇနီးသည်ဆီကို ရောက်အောင် မသွားနိုင်တော့ဘူး"

ချူးလုစန်းက ...

"ဒါနဲ့ ကျုပ်တို့အာမခံဌာနကို ရောက်လာပြီး သူ့ရဲ့ဇနီးသည်ဆီကို ပို့ပေးဖို့ အပ်နှံသွားတယ်ဆိုပါတော့"

ရွှေရောင်ဝတ်ထားသူ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်"

ချူးလုစန်းက ...

"ကျုပ်ဆရာက ကျူးရယ်အပ်နှံတဲ့ ပစ္စည်းဟာ နေလသိုင်းကျမ်းဆိုတာ ရိပ်မိနေပြီး အပိုင်စီးဖို့ ကြိုးစားခဲ့တာပါလို့ ခင်ဗျားဆိုလိုချင်တာလားဗျာ"

ရွှေရောင်ဝတ်ထားသူက ...

"ဒါအမှန်ပဲ၊ သူက အာမခံပစ္စည်းပို့ပေးရမယ်ဆိုပြီး မင်းကို တာဝန်ပေးလိုက်ပေမယ့် တကယ်ဆို ဒီကျမ်းအစစ်ကိုတော့ သူ...



ယူဆကြသူတွေက မင်းကိုအကောက်ကြံတာပေါ့၊ ဒါပေမဲ့ သိုင်းကျမ်း ရမသွားခဲ့ကြဘူး၊ မင်းကို ဒုက္ခရောက်အောင် ဝိုင်းပြီး ဖန်တီးခဲ့ကြသေးတာပေါ့"

ချူးလုစန်းက ...

"ဆရာကိုယ်တိုင်က ကျွန်တော်ဒုက္ခရောက်အောင် လုပ်ခဲ့တာ မကောင်းပါဘူးဗျာ"

ရွှေရောင်ဝတ်ထားသူက ...

"သူက မင်း ဒုက္ခရောက်စေချင်တာတော့ မဟုတ်ပါဘူး၊ သိုင်းကျမ်းယူပြီး ကိုယ်လွတ်ရုန်းထွက်သွားနိုင်အောင် စုတုံးလုပ်ခဲ့ရတဲ့ သဘောပါ"

ချူးလုစန်းက ...

"ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် သည်ကိစ္စတွေကို သိနေရတာလဲ"

ရွှေရောင်ဝတ်ထားသူက ...

"ကျုပ်က ကျူးရယ်အကြောင်းကို ဖော်ထုတ်ဖို့ တာဝန်ပေးခံထားရလို့ပါ"

"ဘယ်သူက တာဝန်ပေးတာလဲ"

"ဖူးရီပါ"

"ဪ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဝမ်းတီအကြောင်း သိချင်တာပါ"

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်လည်း သိချင်ပါတယ်ဗျာ"

ရွှေရောင်ဝတ်ထားသူက ...

"သူ ဘယ်မှာရှိတယ်ဆိုတာ မင်းမသိဘူးလား"

"ကျုပ်သိရင် သွားတွေ့ပြီးပြီပေါ့ဗျာ"

"ကောင်းပြီ၊ မင်းဆရာရှိတဲ့နေရာကို ကျုပ် လမ်းညွှန်ပေးမယ်"

"ခင်ဗျား တကယ်ပြောတာလား"

ချူးလုစန်း ဝမ်းသာသွား၏။

ရွှေရောင်ဝတ်ထားသူက ...

"မင်းရဲ့ဆရာဟာ ကျောက်ဖြူရဲတိုက်မှာ ပုန်းနေတာ ဖြစ်နေနိုင်အောင် မင်းသွားပြီး စုံစမ်းကြည့်ပါ"

ချူးလုစန်းက ...

"ကျုပ်ဆရာ ကျောက်ဖြူရဲတိုက်မှာရှိနေနိုင်တယ်ဆိုတာ ခင်ဗျား ဘာကြောင့် ပြောနိုင်ရတာလဲ"

ရွှေရောင်ဝတ်ထားသူက ...

"ကျောက်ဖြူရဲတိုက်မှာ လျှို့ဝှက်သိုင်းသမား ကျူးရယ်ရဲ့ ဓနီးသည် ဝင်းပိုရှိနေလို့ပေါ့လေ"



ချူးလုစန်းက ...

"ကောင်းပြီလေ၊ ကျုပ်သွားမယ်"

သူက ကြူးထိုက်ယီကို လှည့်ကြည့်လိုက်လေသည်။ ကြူးထိုက်ယီက ...

"ကျောက်ဖြူရဲတိုက်မှာ မင်းရဲ့ဆရာကို ရှာတွေ့ပါစေလို့ ဆုတောင်းပါတယ်ကွာ"

ဟု ဆုတောင်းပေးသဖြင့် သူက အတူလိုက်မည်မဟုတ်ကြောင်း ချူးလုစန်း နားလည်လိုက်ပြီး ချက်ချင်းထွက်သွားလေတော့သည်။

✻

ချူးလုစန်း ထွက်သွားပြီဖြစ်လေသည်။

ကြူးထိုက်ယီက ရွှေရောင်ဝတ်ထားသူကို စိုက်ကြည့်လိုက်လေသည်။

"ခင်ဗျားက ထုပေါက် ဟုတ်လား"

ရွှေရောင်ဝတ်ထားသူက ...

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားသိနေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ကြူးထိုက်ယီက ...

"မြေခွေးထုပေါက်က အကျိုးရှိမယ်ဆိုရင် ဘာမဆို လုပ်ဖို့ ဝန်လေးတဲ့လူ့ပာစ်ယောက် မဟုတ်ဘူးဆိုတာ ကျုပ်သိတာပေါ့"

ရွှေရောင်ဝတ်ထားသူ (ဝါ) မြေခွေးထုပေါက်က ...

"လူတိုင်းဟာ မိမိအကျိုးအတွက် လုပ်ကိုင်ဆောင်ရွက်နေကြတာပဲ မဟုတ်လားဗျာ"

ကြူးထိုက်ယီက ...

"ခင်ဗျားက လျှို့ဝှက်ဂိုဏ်းက လူတွေနဲ့ပေါင်းထားပြီး တစ်ဖက်တစ်လမ်းက နေလသိုင်းကျမ်းကို ရယူဖို့ ကြိုးစားနေတာ ဟုတ်လား"

မြေခွေးထုပေါက်က ...

"ဟုတ်ပါတယ်ဗျာ"

ကြူးထိုက်ယီက ...

"လျှို့ဝှက်ဂိုဏ်းခေါင်းဆောင်ဟာ ခင်ဗျားပြောသလို ဖူးရှီ မဟုတ်ဘူးဆိုရင်ကော"

"ဘာဗျ"

"လျှို့ဝှက်ဂိုဏ်းခေါင်းဆောင် ဘယ်သူဘယ်ဝါဆိုတာကို ခင်ဗျား မသိချင်ဘူးလား"

မြေခွေးထုပေါက်က ...



"ဘယ်သူလဲ ပြောပါဦး"

ကြူးထိုက်ယီက သူ၏ရင်ဝကို လက်ညှိုးညွှန်လိုက်လေသည်။

"ကျုပ်ပဲ"

"ဘာဗျ"

"ခင်ဗျား မယုံဘူးလား"

မြေခွေးထုပေါက်က ...

"မရဏာမီးပုံးကြူးထိုက်ယီက လျှို့ဝှက်ဂိုဏ်းခေါင်းဆောင် ဟုတ်လား"

"သေချာတာပေါ့"

မြေခွေးထုပေါက် ရယ်မောလိုက်သည်။ ကြူးထိုက်ယီက–

"ခင်ဗျား မယုံဘဲကိုး"

မြေခွေးထုပေါက်က ...

"လျှို့ဝှက်ဂိုဏ်းခေါင်းဆောင်နဲ့ ပတ်သက်ပြီး သိုင်းလောကသားတွေက သံမဏိအာမခံဌာနပိုင်ရှင်၊ စိန်ရွှေအာမခံပိုင်ရှင် သည်လူတွေကိုလည်း လျှို့ဝှက်ဂိုဏ်းခေါင်းဆောင်လို့ စွပ်စွဲပြောဆိုနေကြတာပဲ မဟုတ်လား"

ကြူးထိုက်ယီက ...

"ကျုပ်ဟာ လျှို့ဝှက်ဂိုဏ်းခေါင်းဆောင်ဆိုတာ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



မယုံဘူးလား"

မြခွေးထုပေါက်က ...

"လူတွေက ဘာကြောင့် လျှို့ဝှက်ဂိုဏ်ခေါင်းဆောင် ဖြစ်ချင်နေကြတယ်ဆိုတာ မပြောတတ်တော့ပါဘူးဗျာ"

ကြူးထိုက်ယီ ရယ်မောလိုက်လေသည်။

"ကျုပ်ဟာ လျှို့ဝှက်ဂိုဏ်းခေါင်းဆောင် မဖြစ်နိုင်ဘူးဆိုရင် ဘယ်သူဖြစ်မလဲ"

မြခွေးထုပေါက်က ...

"စိန်ရွှေအာမခံဌာနပိုင်ရှင် ဝမ်းတိလို့ ပြောစေချင်တာလား၊ ဒါမှမဟုတ် သံမဏိအာမခံဌာနပိုင်ရှင်လို့ ပြောစေချင်တာလား"

ကြူးထိုက်ယီ ဘာမှ မပြောဘဲ နေလိုက်လေသည်။ မြခွေးထုပေါက်က ...

"လျှို့ဝှက်ဂိုဏ်းခေါင်းဆောင်ဟာ ပြိုင်စံရှား သိုင်းသမားဖူးရီပါဗျာ"

ဟု ပြောလိုက်၏။

ကြူးထိုက်ယီက ...

"ခင်ဗျား သေချာရဲ့လား"

မြခွေးထုပေါက်က ...

"သေချာပါတယ်၊ သူမှသူအစစ်ပါ"



"ခင်ဗျားသက်သေပြနိုင်သလား"

"ကျုပ် ပြောနိုင်တာပေါ့"

မြခွေးထုပေါက် ပြောပြလိုက်လေသည်။

✺

ည။ ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါ၏။

အေးမြသော လေအေးများ တိုက်ခိုက်နေပြီး မွှေးကြိုင်သော ပန်းရနံ့များလည်း လွင့်ပျံ့နေ၏။

မြခွေးထုပေါက်သည် လက်ထဲ၌ စာတစ်စောင်ကိုကိုင်ကာ ငေးငိုင်နေပါလေသည်။

ထိုစာကား ...

"ထုပေါက်၊ လပြည့်ည ပန်းတောင်ကုန်းကို ရောက်အောင် လာခဲ့ပါ လျှို့ဝှက်ဂိုဏ်း"

ဟု ရေးထားလေသည်။

ထုပေါက်ထံသို့ လျှို့ဝှက်ဂိုဏ်း၏ သွေးစက်ဖိတ်စာ ရောက်လာပြီးနောက် ထုပေါက်က ငြင်းပယ်ခြင်းမပြုဘဲ လက်ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဝှက်ဂိုဏ်း၏သစ္စာကို ခံယူပြီး လှိုင်ဝှက်ဂိုဏ်း စေခိုင်းသမျှ လုပ်ကိုင်ဆောင်ရွက်ပေးဖို့ သဘောတူလိုက်လေသည်။

ထို့ကြောင့်လည်း လှိုင်ဝှက်ဂိုဏ်းက ပထမဆုံးအကြိမ် တာဝန်ထမ်းဆောင်ရန် ပန်းတောင်ကုန်းသို့ လာဖို့ ချိန်းဆိုလိုက်ခြင်း ဖြစ်လေသည်။

ထုပေါက်လည်း သူ့အား အမိန့်ပေးထားသည့်အတိုင်း ပန်းတောင်ကုန်းသို့ ရောက်ရှိလာခဲ့တော့သည်။

ပန်းတောင်ကုန်းသည် နာမည်နှင့်လိုက်အောင် သာယာလှပနေသော တောင်ကုန်းတစ်ခု ဖြစ်လေသည်။

ညလေအေးများ တိုက်ခတ်နေသကဲ့သို့ ပန်းရနံ့များကလည်း မွှေးကြိုင်နေပါတော့သည်။

ထုပေါက်ရောက်လာပြီး မရှေးမနှောင်းမှာပင် လူတစ်ယောက် ရောက်ရှိလာလေသည်။

ထိုလူမှာ မျက်နှာတွင် ကျောက်ပေါက်ရာ အမာရွတ်များ ရှိနေသည့် အဘိုးအိုတစ်ဦးဖြစ်သည်။

ထုပေါက်က ထိုအဘိုးအိုကို သိရှိထား၏။

"အမှောင်လမ်းမှာ သတင်းကြီးနေတဲ့ ကျောက်ပေါက်မာကလည်း လှိုင်ဝှက်ဂိုဏ်းက လူတစ်ယောက် ဖြစ်နေတာကိုး"

ကျောက်ပေါက်မာက ...



"ထုပေါက်၊ တို့က လူတချို့နဲ့တွေ့ပြီးရင် ရှောင်လင်ကျောင်းကို သွားကြမယ်"

ဟု ပြောလာလေသည်။

ထုပေါက်က ...

"ရှောင်လင်ကျောင်းကို ဘာသွားလုပ်ရမှာလဲဗျ"

ကျောက်ပေါက်မာက ...

"လှိုင်ဝှက်အဖွဲ့က သွေးစက်ဖိတ်စာကို ရှောင်လင်ကျောင်းကို ပို့ပြီးပြီ"

ထုပေါက် ခေါင်းခါယမ်းလိုက်သည်။

"ရှောင်လင်ကျောင်းကတော့ ခေါင်းငုံ့ခံနေမှာမဟုတ်ဘူးဗျ"

ကျောက်ပေါက်မာက ...

"ကိစ္စမရှိဘူး၊ ရှောင်လင်ကျောင်းမှာ ကျုပ်တို့ လှိုင်ဝှက်အဖွဲ့ကို သစ္စာခံထားတဲ့ လူတချို့ရှိနေပြီ၊ သူတို့ ပူးပေါင်းဆောင်ရွက်ကြလိမ့်မယ်၊ ရှောင်လင်ကျောင်းကို မှုစရာမလိုတော့ဘူး"

ထုပေါက်က ...

"ကောင်းပြီလေ၊ ကျုပ်တို့ အခုတွေ့ရမယ်ဆိုတဲ့လူတွေကော မလာသေးဘူးလား"

ကျောက်ပေါက်မာက ...

"လူက သိပ်မများပါဘူး ... တစ်ယောက်တည်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်း ... ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမဲ့ သူက လူတစ်ထောင်ထက်တောင် ဖိုပြီး ကြောက်စရာကောင်းသေးတယ်"

"ဘယ်သူလဲ"

"ငှက်ရိုင်းယင်းထီ"

"ဗျာ"

ထုပေါက်သည် ငှက်ရိုင်းယင်းထီဟူသောစကား ကြားလျှင် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

✻

ကြူးထိုက်ယီက နားထောင်ရင်း မျက်မှောင်ကုတ်ကာ ထုပေါက်ကို မေးလိုက်လေသည်။

"ငှက်ရိုင်းယင်းထီ ... ဟုတ်လား၊ အမှောင်လောကသား အချင်းချင်းတောင် သူ့ကို ကြောက်ကြတာ၊ အတော်ကို ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်ပဲ၊ သိုင်းပညာလည်း အဆင့်မြင့်တယ်"

ထုပေါက် ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်၊ ကျုပ်နဲ့ ကျောက်ပေါက်မာတို့နှစ်ယောက် ဝိုင်းပြီး တိုက်ခိုက်တာတောင် သူ့ကို မယှဉ်နိုင်တဲ့အပြင် ဒဏ်ရာကိုယ်စီ ရခဲ့ကြသေးတာပေါ့၊ ငှက်ရိုင်းယင်းထီက သူ့ကို အကြပ်ကိုင်တဲ့ လျို့ဝှက်အဖွဲ့ကို ချေမှုန်းချင်နေတာ"

ကြူးထိုက်ယီက ...

"ဒါနဲ့ တိုက်ပွဲတွေ ဖြစ်ခဲ့ကြသေးတာပေါ့"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ ဒဏ်ရာရခဲ့တဲ့အပြင် လျို့ဝှက်အဖွဲ့သားအတော်များများလည်း အထိနာခဲ့ကြတယ်၊ ဒါပေမဲ့ လျို့ဝှက်အဖွဲ့ခေါင်းဆောင်ကြီး ရောက်လာပြီး ဆုံးမလိုက်တော့ ငှက်ရိုင်းယင်းထီလည်း မခံနိုင်တော့ဘူး"

"သူ ဘာဖြစ်သွားသလဲ"

"လျို့ဝှက်အဖွဲ့ကို အာခံသူတွေရဲ့ ထုံးစံအတိုင်း သူသေသွားတာပေါ့"

ကြူးထိုက်ယီက ...

"ငှက်ရိုင်းယင်းထီကို အနိုင်ယူသတ်ပစ်လုက်နိုင်တဲ့လူက ခေမှာမဟုတ်ဘူး"

ထုပေါက်က ...

"ဝိဇ်ဇာချုပ်ဟာ ပြိုင်စံရှား ဖူးရီး ... ဟုတ်လား"

"ဟုတ်ပါတယ်လို့ ကျုပ် ဘယ်နှခါပြောရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကြူးထိုက်ယီက ...

"ယင်းထီကို ဆုံးမပြီးတော့ ရှောင်လင်ကျောင်းကိုသွားပြီး တိုက်ခိုက်ခဲ့ကြသေးတာပဲ ... ဟုတ်လား"

ထုပေါက်က ...

"ရှောင်လင်ကျောင်းမှာတော့ ထင်တိုင်းမပေါက်ခဲ့ပါဘူးဗျာ၊ ကျောင်းထိုင်တို့လူစုက သစ္စာဖောက်တွေကို ကြိုတင်ရှင်းလင်း ဖယ်ရှားထားပြီး ကျုပ်တို့ရောက်သွားတော့ စနစ်တကျ ဝိုင်းတိုက်ခဲ့ကြတာနဲ့ ကျုပ်က ရှောင်ထွက်လာခဲ့တာ"

ကြူးထိုက်ယီ ပြုံးလိုက်သည်။

"ခင်ဗျားကံကောင်းသွားပေမယ့် ကျောက်ပေါက်မာကတော့ ကံဆိုးသွားတာပဲ"

"ဟင် ... ဘာဖြစ်လို့လဲ"

ကြူးထိုက်ယီက ...

"တိုက်ပွဲပြီးတော့ ကျောက်ပေါက်မာတို့အားလုံး သေဆုံးသွားကြတယ်လေ"

"ခင်ဗျားက ရှောင်လင်ကျောင်းကို ရောက်ခဲ့သေးတာပေါ့ ဟုတ်လား"

"ကျုပ်က ချူးလုစန်းကို သွားရှာတာလေ"

"ဩော်"



ကြူးထိုက်ယီက ...

"ခင်ဗျားက ချူးလုစန်းကို ခေါ်ပြီးထွက်သွားတာကိုတွေ့လို့ ကျုပ်လိုက်လာခဲ့တာ"

ထုပေါက်က ...

"ချူးလုစန်းက သူ့ဆရာအကြောင်းကို သိထားလိမ့်မယ်လို့ ကျုပ်ယူဆထားတာ"

ကြူးထိုက်ယီက ...

"လူတိုင်း သည်လိုယူဆထားကြတာပဲ၊ ခုဆိုရင် ချူးလုစန်းဟာ သိုင်းလောကသားတိုင်းရဲ့ ပစ်မှတ်ဖြစ်နေပြီ၊ နေလကျမ်းလိုချင်တဲ့လူတွေကော လျို့ဝှက်ဂိုဏ်းကို ချေမှုန်းချင်သူတွေကော ချူးလုစန်းနောက်ကို တကောက်ကောက် လိုက်နေကြတာပဲ"

ထုပေါက်က ...

"ကျုပ်က ကျူးရယ်ရဲ့ဇနီး သိုင်းရှစ်ကွက်ဝင်းပိုကို ခြေရာခံမိလိုက်တယ်၊ ဝင်းပိုဟာ ချူးလုစန်းတို့ ဆရာတပည့်နဲ့ ပတ်သက်ကောင်း ပတ်သက်နေနိုင်တယ်ဆိုပြီး"

ကြူးထိုက်ယီ ခေါင်းညိတ်လိုက်သည်။

"ကျုပ် သဘောပေါက်ပြီ"

ထုပေါက်က ...

"ခင်ဗျားက နေလကျမ်းနဲ့ ပတ်သက်ပြီး နောက်ဆုတ်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ ကောင်းမယ်"

"ဘာဖြစ်လို့လဲ"

"ဆရာဖူးရိုက သဘောကျမှာ မဟုတ်ဘူး"

"ဟား ဟား ဟား"

ကြူးထိုက်ယီ ရယ်မောလိုက်လေသည်။ ထုပေါက် ...

"ဆရာဖူးရိုဟာ ဘယ်လိုလူစားမျိုးဆိုတာ ခင်ဗျားသိပါတယ်"

"ကျုပ်က အမှုမထားဘူးဆိုရင်ကော"

"ဒုက္ခရောက်သွားမှာပေါ့"

နောက်ကျောဘက်မှ ထွက်ပေါ်လာသောစကားသံကြောင့် ထုပေါက် လှည့်ကြည့်လိုက်သည်။

ထိုအခါ မိန်းကလေး သုံးယောက် ရောက်ရှိလာကြသည့်ကို တွေ့ရလေသည်။

ရှောင်ဝှား၊ မူလန်းနှင့် ကြူးယွင်တို့ ဖြစ်လေသည်။ ကြူးထိုက်ယီက ...

"အားလုံးဟာ နေလသိုင်းကျမ်းကို လိုချင်မက်မောနေကြသလို ကျုပ်ကလည်း ရအောင်ယူမယ်လို့ ဆုံးဖြတ်ထားပြီးပါပြီ၊ တစ်ဖက်ကလည်း လျို့ဝှက်ဂိုဏ်းကို ချေမှုန်းလိုက်မယ်ဆိုရင်"

ထုပေါက်က ...



"ဒါဆိုလည်း ကျုပ် ဘာမှ မပြောလိုတော့ပါဘူးဗျာ"

ကြူးထိုက်ယီက ...

"ခင်ဗျား သွားတော့မလို့လား"

ထုပေါက်က ...

"ဟုတ်တယ်"

ကြူးထိုက်ယီက ...

"ဒါဖြင့် ဖူးရိုက ဘယ်မှာ ရှိနေသလဲဆိုတာ ပြောသွားပါဦး"

"ဘာဗျ"

"ခင်ဗျားပြောတာ မဟုတ်လား၊ တကယ်လို့ မပြောဘူးဆိုရင် ကျုပ်က ခင်ဗျားကို သွားခွင့်ပြုနိုင်မယ် မထင်ပါဘူးဗျာ"

ယခု ထုပေါက်သည် တစ်လှည့်ပြန်ပြီး အကြပ်ကိုင်ခံလိုက်ရပြီ ဖြစ်လေသည်။

ရှောင်ဝှား၊ မူလန်းနှင့် ကြူးယွင်တို့က ထုပေါက်ကို မသိမသာ ဝိုင်းရံထားလိုက်လေသည်။

ထုပေါက် သက်ပြင်းချလိုက်သည်။

"သူက ရှောင်လင်ကျောင်းတိုက်ပွဲရဲ့ သတင်းကို ကျင်းလိမ်မြို့က စောင့်မျှော်နေလိမ့်မယ်"

ကြူးထိုက်ယီ ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားသွားနိုင်ပါပြီဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ"

ထုပေါက် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

ရုတ်တရက် မီးရောင်တစ်ချို့ ထွက်ပေါ်လာသည်ကို ထုပေါက် မြင်တွေ့လိုက်ရလေသည်။

ရင်ထိတ်သွားပြီး ကပျာကယာ လှည့်ကြည့်လိုက်၏။

ထိုအခါ ကြူးထိုက်ယီ၏လက်ထဲ၌ အလင်းရောင်များ ထွက်ပေါ်နေသော မီးအိမ်ကလေးတစ်လုံး ကိုင်ထားသည်ကို တွေ့လိုက်ရလေသည်။ ထုပေါက် မျက်နှာပျက်သွား၏။

"ဒါက ဘာသဘော"

သူ စကားဆုံးအောင် မပြောလိုက်ရပါ။

ရှောင်ဝါး မုလန်းနှင့် ကြူးယွင်တို့က တိုက်ခိုက်လိုက်ကြခြင်းကြောင့် ဖြစ်လေသည်။

✲ ✲ ✲



## လျှို့ဝှက်ဂိုဏ်းချုပ်

ကျင်းလိမ်မြို့ ...

ကျင်းလိမ်မြို့သည် အလွန်စည်ကား သိုက်မြိုက်သော မြို့တော်ကြီးတစ်ခု ဖြစ်လေသည်။

ကျင်းလိမ်မြို့၏တောင်ဘက်မြို့စွန်၌ ခြံဝင်းကျယ်ကြီးတစ်ခု ရှိနေသည်။

ထိုခြံဝင်း ကျယ်ကြီးသည် တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော ပြိုင်ဘက်ကင်း သိုင်းသမားကြီးဖူးရှီနေထိုင်သော ခြံဝင်းဖြစ်လေသည်။

ဖူးရှီသည် လွန်ခဲ့သည့် ဆယ့်ငါးနှစ်ခန့်ကပင် သိုင်းလောကမှ အနားယူခဲ့ပြီး ဖြစ်သည်။

သိုင်းလောကကို ကျောခိုင်းလိုက်ပြီး သိုင်းလောကသားများနှင့်လည်း ပတ်သက်ခြင်းမပြုတော့ချေ။

ထို့ကြောင့် အချိန်ကြာညောင်းလာသည်နှင့်အမျှ သိုင်းလောကသားများသည်လည်း ဖူးရှီကို မေ့လျော့သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ဖူးရီထံသို့ သိုင်းသမားတစ်ယောက် ရောက်ရှိလာလေသည်။

ထိုလူမှာ စိန်ရွှေအာမခံဌာနအား ဝယ်ယူလိုက်သည့် သံမဏိအာမခံဌာနပိုင်ရှင် ထင်းကျောင်း ဖြစ်လေသည်။

ထင်းကျောင်းက ဆရာကြီးဖူးရီကို ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

ဖူးရီက ...

"ဘာတွေများအကြောင်းထူးလို့လဲ ပြောပါဦး"

ဟု မေးလေသည်။

ထင်းကျောင်းက ...

"စိန်ရွှေအာမခံဌာနပိုင်ရှင် ဝမ်းတိရဲ့တပည့်နှစ်ယောက်ကို ကျုပ်လူတွေက ခြေရာခံမိလိုက်ပါတယ်၊ သူတို့က အဖမ်းမခံဘဲ ပြန်ပြီး ခုခံကြလို့ တိုက်ပွဲမှာ သေဆုံးသွားကြပါတယ်၊ ဒါပေမဲ့ သူတို့ မသေခင် ဝမ်းတိဟာ ကျောက်ဖြူရဲတိုက်ဘက်ကို ခရီးထွက်သွားတယ် ပြောပါတယ်"

ဖူးရီက ...

"ဝမ်းတိက ချူးလုစန်းကို ခုတုံးလုပ်ပြီး နေလကျမ်းကို ယူပြေးတာ လမ်းမှာလည်း သူ့ရဲ့တပည့်နှစ်ယောက်ကို အသုံးချခဲ့တာကိုး"



ထင်းကျောင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ဝမ်းတိဟာ သူ့နောက်ကို လူတွေက ခြေရာခံလိုက်နေမှန်းလည်းသိရော သူ့ရဲ့တပည့်နှစ်ယောက်ကို အယောင်ပြစေလွှတ်လိုက်ပြီး သူက တခြားလမ်းကနေ ရှောင်ထွက်သွားတဲ့ သဘောပါ၊ ဒါပေမဲ့ သူဟာ ကျောက်ဖြူရဲတိုက်ကို သွားမယ့် သဘော ရှိနေတာ သိခဲ့ရပါတယ်"

ဖူးရီက ...

"ကျောက်ဖြူရဲတိုက်မှာ ဘယ်သူရှိလို့လဲ"

ထင်းကျောင်းက ...

"လျှို့ဝှက်သိုင်းသမား ကျူးရယ်ရဲ့ဓနီး ဝင်းပို ရှိပါတယ်"

"ဟား ဟား ဟား"

ဖူးရီ ဟားတိုက်ရယ်မောလိုက်လေသည်။ ထင်းကျောင်းက

"နောက်ဆုံးတော့ ကျူးရယ်ရဲ့ဓနီးသည်ကို ခြေရာခံမိလိုက်ပြီပေါ့"

"ဟုတ်ပါတယ် ... နေလကျမ်းဟာ ကျုပ်တို့နဲ့ လက်တစ်ကမ်းအကွာမှာ ရောက်နေပါပြီ"

ဖူးရီက ...

"မင်းက အားထားရမယ့်လူတချို့ကို ခေါ်ပြီး ကျောက်ဖြူရဲတိုက်ကို လိုက်သွားပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ"

ထင်းကျောင်းက ဖူးရီကို ဦးညွှတ်ပြီး ချက်ချင်းပြန်လည်ထွက်ခွာသွားလေတော့သည်။

✵

ထင်းကျောင်း ထွက်သွားပြီး ဖြစ်လေသည်။

ဖူးရီက မလှုပ်မယှက် ထိုင်နေ၏။

ရုတ်တရက် ခြေသံများ ထွက်ပေါ်လာပြီး လူတစ်ယောက် ဧည့်ခန်းထဲ ဝင်ရောက်လာလေသည်။

ထိုလူကား သီးခြားသိုင်းသမားများအတွက် သိုင်းလောကနှင့် ပတ်သက်သောကိစ္စ အဝဝကို လုပ်ကိုင်ဆောင်ရွက်ပေးနေသော စာပေရှူးပိုင်မင်း ဖြစ်လေသည်။

ဖူးရီက ...

"ပိုင်မင်း၊ အကြောင်းထူးသလား"

ဟု မေးလိုက်သည်။ ပိုင်မင်းက ...

"ရှောင်လင်ကျောင်းမှာ ကျောက်ပေါက်မာတို့ အရေးနိမ့်သွားပါပြီ"



ဖူးရီ သက်ပြင်းချလိုက်သည်။

"ရှောင်လင်ကျောင်းကို ချေမှုန်းဖို့မလွယ်ဘူးဆိုတာ လူတိုင်း သိသလို ကျုပ်လည်း သိထားတာပေါ့၊ ဒါပေမဲ့ ကျောက်ပေါက်မာ ရှောင်လင်ကျောင်းထဲမှာ သူစည်းရုံးသိမ်းသွင်းထားတဲ့လူတွေ ရှိနေတာနဲ့ အောင်ပွဲခံနိုင်မယ် ထင်နေခဲ့တာ"

ပိုင်မင်းက ...

"ထုပေါက်ဟာ ချူးလုစန်းကို ရှောင်လင်ကျောင်းက ခေါ်ထုတ်သွားနိုင်ခဲ့ပါတယ်၊ ဒါပေမဲ့ ကြူးထိုက်ယီ လိုက်တာလာကြောင့် လွှတ်ပေးလိုက်ရပါတယ်"

ဖူးရီက ...

"မရဏာမီးပုံး ကြူးထိုက်ယီ ဟုတ်လား"

ပိုင်မင်းက ...

"ဟုတ်ပါတယ်"

"သူက"

"သူဟာ သီးခြားသိုင်းသမားတွေလိုပါပဲ၊ ချူးလုစန်းကို အသုံးချပြီး ဝမ်းတီကို ဖော်ထုတ်ချင်နေသူ တစ်ယောက်ပါပဲ"

ဖူးရီက ...

"အားလုံးက ဝမ်းတီကို တွေ့ချင်တာကြောင့် ချူးလုစန်းကို ပုံစံအမျိုးမျိုးနဲ့ အသုံးချဖို့ ကြိုးစားခဲ့ကြတယ်၊ ဒါပေမဲ့ တစ်နေ့ကျရင်

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်းဟာ ကိုယ်မွေးတဲ့မြောက် ကိုယ့်ပြန်ခြောက်သလို တားမရ ဆီးမရ ဖြစ်လိမ့်မယ်ဆိုတာ မတွေးမိကြသေးဘူး"

ပိုင်မင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ချူးလုစန်းနှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမှ အန္တရာယ်ရှိလိမ့်မည်ဟု တွေးတောစဉ်းစားခဲ့ကြသည် မဟုတ်ပါ။

ဖူးရီတစ်ယောက်တည်း စဉ်းစားခဲ့ခြင်း ဖြစ်လေသည်။

ဖူးရီက ...

"နေလသိုင်းကျမ်းရဲ့ တကယ့်ပိုင်ရှင်အစစ်ဟာ ဝင်းမျိုးနွယ်ပါ၊ တစ်ချိန်က ကျော်ကြားခဲ့တဲ့ သိုင်းပညာရှင်ကြီး ဝင်းယိုယန်က နေလကျမ်းကို စီရင်ခဲ့တာ"

ပိုင်မင်းက နားထောင်နေလိုက်လေသည်။

ဖူးရီက ...

"ဝင်းယိုယန်ဟာ နေလသိုင်းပညာကို အသုံးပြုပြီး ကျုပ်ဆရာကို အနိုင်ယူသွားခဲ့တာပေါ့၊ ကျုပ်ဆရာက သူ့ရဲ့ပညာ ကျုပ်ကို သင်ပေးခဲ့ရုံမကပဲ ဖြစ်နိုင်ရင် ဝင်းယိုယန်ရဲ့ နေလပညာကိုပါ ရှာလာထားရမယ်လို့ မှာကြားခဲ့တာ"

နေလပညာသည် အလွန်ထူးခြားသော သိုင်းပညာရပ်တစ်မျိုး ဖြစ်လေသည်။

တီထွင်ဖန်တီးခဲ့သော သိုင်းဆရာဝင်းယိုယန်သည် ထိုပညာ



ကို အသုံးပြုကာ ရှောင်လင်၊ ဂူတန်း၊ ဂူမီး အစရှိသော ဝါရင့်သိုင်းဂိုဏ်းကြီးများမှ ဂိုဏ်းချုပ်များကို ယှဉ်ပြိုင်အနိုင်ယူခဲ့လေသည်။

ထို့မျှမကသေး သိုင်းလောကရှိ အခြားသိုင်းဂိုဏ်းများ ထိပ်တန်း သိုင်းသမားကြီးများကိုလည်း ယှဉ်၍ ပြိုင်အနိုင်ယူခဲ့လေသည်။

ထို့ပြင် ဝင်းယိယန်၏နေလသိုင်းကျမ်းသည် သိုင်းလောကတစ်ခုလုံး လိုချင်မက်မောရသည့် သိုင်းကျမ်းတစ်ဆူ ဖြစ်လာရတော့သည်။

ဝင်းယိုယန့်က နေလ့ပညာကို အသုံးပြုကာ မကောင်းသူပယ် ကောင်းသူကယ် တရားဥပဒေစိုးမိုးရေး အေးချမ်းသာယာရေး ဆောင်ရွက်ရန် အဓိကထားကာ စီရင်ခဲ့ခြင်းဖြစ်သည်။

သို့သော် နေလကျမ်းအား လိုချင်တပ်မက်နေသူများက သိုင်းကျမ်းကို ရရှိဖို့နည်းလမ်းအမျိုးမျိုး အသုံးပြုကာ ကြိုးပမ်းလာကြလေသောအခါ ဝင်းယိုလန်သည် စိတ်ပျက်သွားလေတော့သည်။

သိုင်းလောကကို ကျောခိုင်းကာ ဓာတ်မြှုပ်လိုက်လေတော့သည်။

နေလကျမ်းကို စီရင်ခဲ့သူမှာ သိုင်းဆရာကြီး ဝင်းယိုယန်ဖြစ်သည်။

ဝင်းယိုယန်က လောဘတက်နေသော သိုင်းလောကသားများနှင့် ရင်မဆိုင်လိုသဖြင့် ဓာတ်မြှုပ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကား နေလကျမ်းသိုင်းလောကၥ ထွက်ပေါ်လာပြီး ပြန်လည်ပျောက်ကွယ်သွားခဲ့သည့် အစောပိုင်းကာလ ဖြစ်လေသည်။

ထို့နောက်ပိုင်းတွင် ဇာတ်မြှုပ်နေသော ဝင်းယိုယန်အား လိုက်လံရှာဖွေခဲ့ကြသော လောဘသားများ သိုင်းလောကသားများ ခြေချင်းလိမ်နေတော့သည်။

တစ်နေ့ သိုင်းလောကသားများသည် ဝင်းယိုယန်အား ရှာဖွေတွေ့ရှိသွားခဲ့ကြပြီး တိုက်ပွဲများ ဖြစ်ပေါ်လာလေတော့သည်။

ဝင်းယိုယန်သည် လောဘသားကောင်များအား မုန်းတီးကာ ရက်ရက်စက်စက် တိုက်ခိုက်ဆုံးမလိုက်ခြင်းကြောင့် အချိန်အနည်းငယ်အတွင်းမှာပင် သိုင်းလောက လူဆိုးကြီးတစ်ယောက်ဟု သတ်မှတ်ခံလိုက်ရတော့သည်။

ဝင်းယိုယန်နှင့် ပတ်သက်ခဲ့သော မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများကိုလည်း သိုင်းလောက၏ရန်သူများဟု သတ်မှတ်ကာ အခြေအနေပေးလျှင် ပေးသလို တိုက်ခိုက်ကြတော့သည်။

ဝင်းယိုယန်တီထွင်ခဲ့သော နေလကျမ်းက ကြမ္မာဆိုး ဖြစ်ပေါ်စေခဲ့ခြင်းပင်။

ဝင်းယိုယန်က သိုင်းကျမ်းကို ဖျက်ဆီးပစ်ရန် ဆုံးဖြတ်မိသည်အထိပင်။



တိုက်ပွဲများ အဆက်မပြတ် ဆင်နွဲရင်း ဝင်းယိုယန်မှာ တစ်နေ့တွင် မိတ်ဆွေတစ်ယောက်၏သစ္စာဖောက်ခံခဲ့ရလေသည်။

ထိုမိတ်ဆွေက အဆိပ်အရက်တိုက်ကာ လုပ်ကြံခြင်း ဖြစ်လေသည်။

ဝင်းယိုယန်လည်း အသက်လုကာ ထွက်ပြေးရင်း တစ်ချိန်က သူနှင့်ပညာပြိုင်ခဲ့သည့် ဖူးရီ၏ဆရာထံသို့ ရောက်ရှိသွား၏။

ဖူးရီ၏ဆရာထံ၌ သိုင်းကျမ်းကို အပ်နှံပြီး သေဆုံးသွားခဲ့လေသည်။

ဖူးရီ၏ဆရာက ဝင်းယိုယန်နှင့် သိုင်းကျမ်းအကြောင်း မည်သူမှမသိအောင် လျှို့ဝှက်ထားလိုက်လေသည်။

ဝင်းယိုယန်၏အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပေးထားလိုက်လေသည်။

ဝင်းယိုယန် လုံးဝအစအန ရှာမရအောင် ပျောက်ဆုံးသွားပြီးနောက် သိုင်းကျမ်းလိုချင်မက်မောကြသူများလည်း လက်လျှော့သွားကြ၏။

တိုက်ပွဲများ ပြီးဆုံးကာ သိုင်းလောကလည်း အေးချမ်းသာယာသွားတော့သည်။

✲

www.burmeseclassic.com

www.burmeseclassic.com



ဖူးရီ၏ဆရာ ကွယ်လွန်သွားသောအခါ နေလကျမ်းကို ဖူးရီအား ပေးအပ်ခဲ့လေသည်။

ဖူးရီသည် ဆရာသင်ပေးသော ပညာရပ်များအပြင် နေလကျမ်းမှ သိုင်းပညာရပ်များကို လေ့လာပြီး သိုင်းလောက၌ ပြိုင်ဘက်ကင်းသိုင်းသမားကြီး ဖြစ်လာခဲ့လေသည်။

တစ်နေ့ ... ဖူးရီထံသို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

အလွန်လျှို့ဝှက်စွာ လုပ်ကိုင်ဆောင်ရွက်တတ်သည်ဟု သတင်းကြီးသော လျှို့ဝှက်သိုင်းသမား ကျူးရယ်ဖြစ်လေသည်။

ကျူးရယ်ကို ဆရာဖူးရီက စောရထိပ်သီးတစ်ယောက်တဲ့သာ သဘောထားလေသည်။

ကျူးရယ်က ဖူးရီနှင့်တွေ့ဆုံခွင့်ရလျှင် –

"ကျုပ်က ဆရာကြီးရဲ့ပညာနဲ့ ပတ်သက်ပြီး မရှင်းမလင်း ဖြစ်နေတဲ့ကိစ္စလေးတစ်ခုကို မေးမြန်းချင်တာကြောင့် လာခဲ့တာပါ"

သူ၏ လာရင်းကိစ္စကို ပြောလေသည်။ ဖူးရီက ...

"ဘယ်လို မရှင်းမလင်း ဖြစ်တာလဲ၊ ပြောပါဦး"

ကျူးရယ်က ...



"ဆရာကြီးက မြစ်ဝါမြစ်ကမ်းမှာ ဖြစ်ပျက်ခဲ့တဲ့ တိုက်ပွဲမှာ အမှောင်ထိပ်သီးသိုင်းရာဇာသုံးယောက်ကို အနိုင်ယူလိုက်တယ် မဟုတ်လားဗျာ"

ဖူးရီက ...

"သူတို့ကို ဘယ်လိုမှ ဖျောင်းဖျလို့ မရတာကြောင့် ဆုံးမလိုက်ရတာပါ"

ကျူးရယ် ပြုံးလိုက်သည်။

"အမှောင်ရာဇာ သုံးယောက်ရဲ့ သိုင်းပညာ မခေပါဘူး၊ သူတို့သုံးယောက် ပေါင်းပြီး တိုက်ခိုက်တာတောင် ဆရာကြီးကို မယှဉ်နိုင်တဲ့အပြင် အရေးနိမ့်သွားတယ်၊ ဆရာကြီးရဲ့ အင်မတန်ထူးခြားပြောင်မြောက်တဲ့ သိုင်းကွက်တွေကို သူတို့ မယှဉ်နိုင်အောင် ဖြစ်သွားကြရတာပဲ မဟုတ်လားဗျာ"

ဖူးရီလည်း ပြုံးလိုက်သည်။

"အမှန်အတိုင်း ပြောရရင် ကျုပ်တော်လွန်းလို့ မဟုတ်ပါဘူး၊ သူတို့က ညံ့လို့ပါ"

ကျူးရယ်က ...

"ဟာ ... ဆရာကြီးကလည်း သည်လောက်တောင် ကိုယ့်ကိုယ်ကိုယ် မနှိမ့်ချပါနဲ့ဗျာ၊ ဆရာကြီးအသုံးပြုခဲ့တဲ့ နေလသိုင်းကွက်တွေဟာ ဘယ်သူမှ မယှဉ်နိုင်အောင် ပြိုင်ဘက်ကင်းတဲ့သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကွက်တွေပါပဲဗျာ"

"ဟင်း"

ကျူးရယ်၏စကားကြောင့် ဖူးရီ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကျူးရယ်ကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ"

ကျူးရယ်က ...

"ဆရာကြီး အသုံးပြုခဲ့တဲ့ နေလသိုင်းကွက်တွေဟာ အင်မတန် အစွမ်းထက်ပြီး ပြိုင်ဘက်ကင်းတယ်လို့ ပြောတာပါ ခင်ဗျာ"

"ဟင်း ဟင်း"

"ဟင် ဆရာကြီး ဘယ်လိုဖြစ်သွားတာလဲ"

"ဘာဖြစ်ရမလဲ၊ ကျုပ်က နေလသိုင်းကွက်တွေကို အသုံးပြုတယ်လို့ မင်းကို ဘယ်သူကပြောတာလဲ"

"ဆရာကြီးတို့ရဲ့ တိုက်ပွဲကို တွေ့မြင်ခဲ့သူတိုင်းက သည်လိုပဲ ပြောကြတာပါဗျာ"

"ကျုပ်နဲ့နေလသိုင်းပညာ ပတ်သက်စရာ အကြောင်းမှ မရှိတာ"

ဖူးရီ ငြင်းလိုက်သည်။

ကျူးရယ်က ...



"ဘာပဲဖြစ်ဖြစ် လူတွေကတော့ ပျောက်ဆုံးသွားတဲ့ ဆရာကြီး ဝင်းယိုယန်ဟာ ဆရာကြီးဖူးရီနဲ့ ပတ်သက်နေလိမ့်မယ်လို့ ယုံကြည်နေကြပါတယ်ဗျာ"

ဖူးရီ ဒေါသထွက်သွားတော့သည်။

"မင်းက ကျုပ်ကို နှောင့်ယှက်ဖို့လာခဲ့တာကိုး၊ ကဲ ... ကျုပ်ရှေ့က မြန်မြန်ထွက်သွားတာ မင်းအတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်"

ကျူးရယ်က ...

"ကောင်းပါပြီ ဆရာ၊ ကျုပ်သွားပါတော့မယ်"

ဖူးရီအား နှုတ်ဆက်ကာ ချက်ချင်းထွက်သွားလေတော့သည်။

✲

ဖူးရီ မကျေမနပ် ဖြစ်နေသည်။ သူ၏တပည့်ဖြစ်သော ပိုင်မင်းအား ပြောလိုက်သည်။

"သည်စောရကောင်က ငါ့ဆီမှာ ဝင်းယိုယန်ဆီကနေလသိုင်းကျမ်းရှိနေတာကို သူရိပ်မိနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



နေလကျမ်းမှ သိုင်းကွက်များသည် အလွန်ထူးခြား ဆန်းပြားသော သိုင်းကွက်များ ဖြစ်ရကား ထုတ်ဖော်အသုံးပြုလိုက်သည်နှင့် လူတိုင်း သတိပြုမိသွားကြလိမ့်မည် ဖြစ်လေသည်။

ပိုင်မင်းက ...

"တခြားလူတွေထက်စာရင် ကျူးရယ်က ပိုပြီး အန္တရာယ်ရှိပါတယ် ဆရာ၊ သူက ပိုပြီး ရိပ်မိနေတာပါ။ တခြားလူတွေက ရိပ်မိတယ်ဆိုရင်တောင် သူ့လောက် အတင့်မရဲဖို့ကြပါဘူး၊ သူက ဆရာ့ဆီကိုတောင် လာတွေ့ဝံ့တော့"

ဖူးရီက ...

"သည်ကောင့်ကို ရှင်းပစ်ဖို့ စီစဉ်လိုက်ပါ"

ဟု အမိန့်ပေးလိုက်လေသည်။

"ကောင်းပါပြီဆရာ"

ပိုင်မင်းတာဝန်ယူလိုက်လေသည်။

ဖူးရီက ...

"သိုင်းလောကကို လွှမ်းမိုးချုပ်ကိုင်ဖို့ ကြိုးစားမယ်ဆိုရင် ငါတို့ကို သတ်ထားမိတဲ့လူတွေ ဂရုစိုက်နေတဲ့ လူတွေကို သတိထားရလိမ့်မယ်"

ပိုင်မင်းက ...

"ကျွန်တော်တို့အကြောင်း ရိပ်မိနေတဲ့လူတွေကို သုတ်သင်



ပစ်ရမယ်လို့ ဆရာပြောထားတာကို ကျွန်တော် မမေ့ပါဘူးဗျာ"

"အေး ... ငါ့ဆရာရဲ့သိုင်းပညာအဖြစ် နေလပညာပါ ရထားပြီဆိုတော့ သိုင်းလောကမှာ ဘယ်သူက ငါ့ကို ယှဉ်နိုင်ဦးမှာလဲ"

ဖူးရီသည် ပြိုင်ဘက်ကင်းသော ပညာများ ရရှိထားပြီးဖြစ်ရကား ပညာရူးမောက်ကာ သိုင်းလောကအား လွှမ်းမိုးလိုသူအဖြစ် ပြောင်းလဲသွားပြီဖြစ်သည်။

ဖူးရီက ...

"ကျူးရယ်ကို ရှင်းပစ်လိုက်ပါ၊ ပြီးရင် သိုင်းလောကကို လွှမ်းမိုးဖို့ ငါတို့ စီစဉ်တဲ့အခါ နှောင့်ယှက်နိုင်သူတွေကို ကြိုတင် တွက်ဆပြီးသည့် လူတွေကို ဘယ်လိုစီစဉ်ရမယ်ဆိုတာ တိုင်ပင်ကြတာပေါ့"

ပိုင်မင်းက ...

"ကောင်းပါပြီ ဆရာ"

ဖူးရီက လက်ဖွေ့ယမ်းပြလိုက်လျှင် ပိုင်မင်းလည်း ဦးညွှတ်အရိုအသေပြုပြီး ထွက်သွားလေတော့သည်။

✵

www.burmeseclassic.com

www.burmeseclassic.com



ဖူးရိက သိုင်းလောကအား လွှမ်းမိုးနိုင်ရန် လျှို့ဝှက်အဖွဲ့အစည်းတစ်ခု တည်ထောင်လိုက်လေသည်။

ထိုအဖွဲ့အစည်း၌ ပါဝင်လာစေရန် သိုင်းလောကသားများအား နည်းလမ်းအမျိုးမျိုး အသုံးပြုကာ စည်းရုံးသိမ်းသွင်းခဲ့လေသည်။

ဖူရိအသုံးပြုသည့် နည်းလမ်းများအနက် ခြိမ်းခြောက်အကြပ်ကိုင်ကာ ဒူးထောက်ခိုင်းပြီး ဒူးမထောက်သူများအား လုပ်ကြံပစ်သည့်နည်းလမ်းကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့လေသည်။

ထို့ပြင် သိုင်းလောက၌ ကြောက်စရာကောင်းသော လျှို့ဝှက်အဖွဲ့တစ်ခု ပေါ်ပေါက်လာခဲ့လေတော့သည်။

✡

ဖူးရိနှင့်ဆရာတပည့်များ၊ မိတ်ဆွေများ လျှို့ဝှက်စွာ ကြိုးစားခဲ့ကြရာ သိုင်းလောက၌ အလွန်ကြောက်စရာကောင်းသော လျှို့ဝှက်အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်လာတော့သည်။

ဖူးရိက သိုင်းလောကကို လွှမ်းမိုးရန် ကြံစည်ခဲ့ရာ လျှို့ဝှက်



အဖွဲ့ကို မကျေနပ်သူများ တစ်ယောက်ပြီးတစ်ယောက် ပေါ်ပေါက်လာတော့သည်။

ထိုမကျေနပ်သူများအနက် သိုင်းလောက၌ ကျင်လည်ကျက်စားခြင်းမပြုဘဲ သီးခြားနေထိုင်သည့် ထိပ်သီးသိုင်းသမားများလည်း ပါဝင်ကြလေသည်။

ထိုသီးခြားသိုင်းသမားများက လျှို့ဝှက်ဂိုဏ်းကို ချေမှုန်းရန် ကြိုးစားလာကြလေသည်။

ဖူးရိက လျှို့ဝှက်အဖွဲ့အစည်းခေါင်းဆောင် ဖြစ်သည်။

ကျူးရယ်က ဖူးရိထံမှ ရွှေပေစာကိုခိုးယူပြီး ဝမ်းတိကို သူ၏ဖနီးသည်ထံသို့ ပို့ဆောင်ပေးရန် တာဝန်ပေးခဲ့လေသည်။

သို့သော် ...

ဝမ်းတိက သိုင်းကျမ်းကို ရယူကာ ခြေရာဖျောက်သွားခဲ့လေသည်။

မရဏာမီးပုံး ကြူးထိုက်ယီ နန်းတွင်းသိုင်းသမား ယိကျန့်နှင့် အခြားသိုင်းသမားများက ချူးလုစန်းနောက်သို့ ခြေရာခံလိုက်ကြသည်။

သီးခြားသိုင်းသမားများနှင့် သိုင်းလောကပျက်စီးမည့်အရေးစိုးရိမ်ပူပန်သူများက လျှို့ဝှက်အဖွဲ့ကို ဖော်ထုတ်ချေမှုန်းရန် ကြိုးစားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကအခြေအနေ ရှုပ်ထွေးနေချိန်၌ ချူးလုစန်းက ကျောက်ဖြူရဲတိုက်သို့ ဦးတည်ခရီးနှင်နေလေတော့သည်။



## ပဉ္စည်းနှစ်မျိုး

ကျောက်ဖြူရဲတိုက်။

ကျောက်ဖြူရဲတိုက်ပိုင်ရှင်မှာ လျှို့ဝှက်သိုင်းသမား ကျူးရယ် ဖြစ်လေသည်။

သို့သော် ကျူးရယ်သည် ကျောက်ဖြူရဲတိုက်၌ နေသည့်အချိန်က အလွန်နည်းပါးပြီး သိုင်းလောကထဲထွက်ကာ ကျင်လည်ကျက်စားနေခြင်းကြောင့် အားလုံးက သူ့အား ကျောက်ဖြူရဲတိုက်ပိုင်ရှင်အဖြစ် မေ့လျော့နေကြလေတော့သည်။

ကျောက်ဖြူရဲတိုက်မှ ဘယ်မှမသွားဘဲ နေထိုင်ခဲ့သူမှာ ကျူးရယ်၏ဇနီးသည် ဝင်းပို ဖြစ်လေသည်။

ဝင်းပိုသည် နေလကျမ်းအား စီရင်ခဲ့သည့် သိုင်းဆရာကြီး ဝင်းယိုယန်၏မြေး တော်စပ်သူ ဖြစ်ပါတော့သည်။

ဝင်းပိုက သူ၏အဘိုး စီရင်ခဲ့သော နေလကျမ်းမှာ ဖူးရီ၏လက်ထဲရောက်ရှိနေကြောင်းသိလျှင် ခင်ပွန်းသည် ကျူးရယ်ကို ပူဆာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးရယ်က နာမည်ကြီးစောရတစ်ယောက် ဖြစ်ရကား ကြောက်စရာကောင်းလှသော ဖူးရီ၏လက်ထဲမှ ရအောင် ခိုးယူနိုင်ခဲ့လေသည်။

သို့သော် ဖူးရယ် သက်သာလှသည်တော့ မဟုတ်ပါချေ။

ဖူးရယ်၏လက်ချက်မိကာ သေလုမျောပါး ဒဏ်ရာရခဲ့လေသည်။

ကျူးရယ်က ဓနီးသည်ထံသို့ ကိုယ်တိုင်အရောက် ပို့ပေးနိုင်တော့မည် မဟုတ်ကြောင်း ရိပ်မိသဖြင့် ဝမ်းတီကို အကူအညီတောင်းခဲ့ရာမှ ပြဿနာများ ပေါ်ပေါက်လာခဲ့ရတော့သည်။

ယခု သိုင်းလောကမှ ပျောက်ဆုံးသွားသော ဝမ်းတီသည် ကျောက်ဖြူရဲတိုက်၌ ရောက်ရှိနေသည်ဟု သိရပြီးနောက် ချူးလုစန်းက ခရီးပြင်း နှင်သွားနေပြီ ဖြစ်လေသည်။

✱

စိမ်းလန်းသော သစ်တောများ၊ တောင်ကုန်းတောင်တန်းများက အရပ်လေးမျက်နှာတွင် ဖုံးလွှမ်းထားလေသည်။

ချူးလုစန်းက သစ်ပင်ချုံနွယ်များကြားမှ ဖြတ်ကာ အရှေ့ဘက်သို့ ဦးတည်ကာ ခရီးနှင်နေသည်။



အရှေ့စူးစူးအရပ်တွင် ကျောက်ဖြူရဲတိုက် တည်ရှိနေသည် မဟုတ်ပါလား။

ချူးလုစန်း ခရီးပြင်းနှင်လာရင်း တစ်နေရာသို့အရောက်တွင် ...

‘ဝှစ် ဝှစ် ဝှစ်’

လေတိုးသံများနှင့်အတူ လက်နက်ပုန်းလေးများ ပစ်ခွင်းလာသည်ကို တွေ့လိုက်ရလေသည်။

ချူးလုစန်း မကျေမနပ် ဖြစ်သွားလေသည်။ ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ရှောင်တိမ်းပေးလိုက်ပြီး ...

“ခိုးကြောင်ခိုးဝှက်လုပ်တာ ဘယ်သူလဲ၊ ထွက်လာခဲ့စမ်း”

ဟု ငေါက်လိုက်လေသည်။

မရှေးမနှောင်းမှာပင် သစ်ပင်များကြားမှ အမျိုးသမီးကြီး တစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

ချူးလုစန်းက ...

“ကျုပ်ကို လက်နက်ပုန်းနဲ့ ပစ်တာ ခင်ဗျားလား”

ဟု မေးလိုက်လေသည်။

အမျိုးသမီးကြီးက ...

“ဟုတ်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို ဘာကြောင့် တိုက်ခိုက်ရတာလဲ ... ပြောပါဦး"

"မင်းက ငါရဲ့ပိုင်နက်ထဲကို ခွင့်မတောင်းဘဲ ဝင်လာခဲ့တာကိုး"

"ဘာဗျ"

"သည်နေရာကို ဘယ်သူမဆို ငါရဲ့ခွင့်ပြုချက်မရဘဲ ဝင်လာလို့ မရဘူး"

ချူးလုစန်း သက်ပြင်းချလိုက်သည်။ အမျိုးသမီးကြီးအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

"ကျွန်တော် ခွင့်မတောင်းဘဲ ဝင်လာမိတာကို ခွင့်လွှတ်စေချင်ပါတယ် ခင်ဗျာ"

အမျိုးသမီးကြီးက ...

"မင်း ဘယ်သူလဲ၊ ဘာကြောင့် သည်နေရာကိုရောက်လာတာလဲ"

"ကျွန်တော်ဟာ ချူးလုစန်းပါ၊ ကျွန်တော့်ဆရာကို လိုက်ရှာရင်း သည်နေရာကို ရောက်လာတာပါ"

အမျိုးသမီးကြီး မျက်မှောင်ကုတ်သွား၏။

"မင်းဆရာက ဘယ်သူလဲ ပြောပါဦး"

ချူးလုစန်းက ...

"ကျွန်တော့်ဆရာဟာ စိန်ရွှေအာမစ်ဗွာနပိုင်ရှင် ဝမ်းတီပါ ခင်ဗျာ"



"ဝမ်းတီ"

"ဟုတ်ပါတယ်"

"လက်စသတ်တော့ မင်းက ဝမ်းတီကို လိုက်ရှာနေတာကိုး"

ချူးလုစန်းက ...

"ဒေါ်ဒေါ်က ကျွန်တော့်ဆရာကို သိထားလို့လားဗျာ"

အမျိုးသမီးကြီးက ...

"သိတာပေါ့၊ မင်းဆရာဟာ ငါရဲ့ကျောက်ဖြူရဲ့တိုက်မှာ ရောက်နေတာပေါ့"

"ဗျာ"

"မင်းဆရာကို တွေ့ချင်ရင် ငါ့နောက်လိုက်ခဲ့ပေတော့"

စကားဆုံးလျှင် အမျိုးသမီးကြီးက ချာခနဲ လှည့်ထွက်သွားလေသည်။

ချူးလုစန်း မနေနိုင်ဘဲ အမျိုးသမီးကြီးနောက်သို့ ကပျာကယာ လိုက်သွားလေတော့သည်။

✿

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ချုံနွယ်များကြားမှ ဖြတ်သန်းသွားရာ မကြာပါချေ သစ်ပင်ပန်းပင်များနှင့် သာယာလှပနေသော တောင်ကုန်းလေးပေါ်၌ ရဲတိုက်ကြီးတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

ချူးလုစန်းသည် ရဲတိုက်ကို တွေ့လိုက်ရလျှင် ရင်သပ်ရှုမောဖြစ်သွားလေသည်။

"လူသူအရောက်အပေါက် နည်းပါးလှတဲ့ သည်လိုနေရာမျိုးမှာ ခမ်းနားထည်ဝါလှတဲ့ ရဲတိုက်ကြီးတစ်ခု ရှိနေလိမ့်မယ်လို့ ဘယ်လိုမှ မထင်မှတ်မိခဲ့ဘူး"

ဟု လွှတ်ခနဲ ရေရွတ်လိုက်လေသည်။ အမျိုးသမီးကြီးက

"ဒါက ငါ့ရဲ့ ကျောက်ဖြူရဲတိုက်ပေါ့"

ချူးလုစန်းက ...

"ကျွန်တော့်ဆရာက ရဲတိုက်ထဲမှာ ရောက်နေတယ် ဟုတ်လား"

"ဟုတ်တယ်"

ချူးလုစန်း ဦးညွှတ်လိုက်သည်။

"ကျွန်တော့်ကို ဆရာနဲ့တွေ့ခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ် ခင်ဗျာ"

အမျိုးသမီးကြီးက ...



"မင်းတို့ဆရာတပည့်နှစ်ယောက် တွေ့စေချင်လို့ မင်းကို ခေါ်လာတာပေါ့၊ ကဲ လာ"

သူမ ရှေ့ဆက်သွားရာ ချူးလုစန်းလည်း လိုက်သွားလေသည်။

မကြာပါချေ။ နှစ်ယောက်သား ရဲတိုက်ရှေ့သို့ ရောက်ရှိသွားကြလေတော့သည်။

✲

ကျောက်ဖြူရဲတိုက် ...

ချူးလုစန်းက အမျိုးသမီးကြီးနှင့် လိုက်သွားရင်း ရဲတိုက်ထဲသို့ ရောက်ရှိသွားလေသည်။

ထိုအမျိုးသမီးကြီးကား ကျောက်ဖြူရဲတိုက်ပိုင်ရှင် ဝင်းပိုဖြစ်လေသည်။

ရဲတိုက်အတွင်း၌ လူသူကင်းရှင်းကာ တိတ်ဆိတ်ခြောက်သွေ့နေ၏။

ဝင်းပိုက ချူးလုစန်းကို အခန်းတစ်ခုသို့ ခေါ်ဆောင်သွား၏။

'ဒေါက် ဒေါက်'

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးခေါက်လိုက်လျှင် ...

"ဘယ်သူလဲ"

အတွင်းဘက်မှ အသံသြသြကြီး ထွက်ပေါ်လာလေသည်။

ဝင်းပိုက ...

"တံခါးဖွင့်ပါဦး၊ ကျွန်မနဲ့အတူ ဘယ်သူပါလာသလဲဆိုတာ ရှင် ကြည့်စမ်းပါဦး"

သူမ၏ စကားအဆုံးတွင် တံခါးပွင့်သွားပြီး လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ချူးလုစန်း၏ဆရာ ဝမ်းတီပင် ဖြစ်နေပါတော့သည်။

ဝမ်းတီသည် ချူးလုစန်းကိုမြင်လျှင် မယုံနိုင်အောင် ဖြစ်သွားလေသည်။

"ဟင် ... မင်း ချူးလုစန်း"

ချူးလုစန်းက ...

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်ဟာ ဆရာနိုင်းတဲ့အတိုင်း အာမခံပစ္စည်းသွားပို့ပေးရင်း အဖမ်းခံလိုက်ရတာ၊ အကျဉ်းထဲမှာ"

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားလေတော့သည်။

ဝမ်းတီက ...

"ငါကမင်းကို တမင်ဖုက္ခပေးခဲ့တာ မဟုတ်ဘူး ... ငါ ငါ"



ချူးလုစန်းက ...

"ကျွန်တော် သဘောပေါက်ပါတယ် ဆရာ"

"မင်းအတွက် ငါ စိတ်မကောင်းပါဘူး"

ချူးလုစန်း ဘာမှ မပြောဘဲ နေလိုက်လေသည်။

ဝမ်းတီက ...

"မင်းက ငါ့နောက်ကို လိုက်လာနိုင်တာ အံ့ကျူးစရာပဲ"

ချူးလုစန်းက ...

"ဆရာမှာ အခက်အခဲတစ်ခုခု ရှိနေတယ်ဆိုရင် ကျွန်တော် ကူညီနိုင်အောင် ဆရာ့ကိုလိုက်ရှာနေတာပါ ဆရာ"

ဝမ်းတီက ...

"မင်းဟာ တကယ့်ကို အားကိုးအားထားပြုရတဲ့ တပည့် တစ်ယောက်ပါပဲ၊ အင်း ... ငါတို့ ထွက်လာရင်း လမ်းခရီးမှာ မင်းရဲ့ အစ်ကိုနှစ်ယောက် ရန်သူလက်ချက်မိသွားကြတယ်"

ချူးလုစန်း သက်ပြင်းချလိုက်သည်။

"ကျွန်တော် စိတ်မကောင်းပါဘူး ဆရာ"

ဝမ်းတီက ...

"ငါက မင်းကို လွှတ်လိုက်ပြီးတဲ့နောက် ပို့ပေးရမယ့် အာမခံ ပစ္စည်းကို ငါကိုယ်တိုင်ပဲ ပိုင်ရှင်လက်ထဲ အရောက်ပို့ပေးနိုင်အောင် ထွက်လာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



ချူးလုစန်းသည် ဆရာဖြစ်သူကိုကြည့်ရင်း ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာတော့သည်။

ယခု သူ့အား ချောက်တွန်းပြီး ခြေရာဖျောက်သွားသော ဆရာဖြစ်သူနှင့် တွေ့နေရပြီ ဖြစ်သည်။

အကယ်၍ ဝမ်းတိကသာ သူ့အပေါ် စိတ်ကောင်းထားမည်ဆိုပါလျှင် ရွှေပေစာပို့ဆောင်ရမည့်ကိစ္စကို ပွင့်ပွင့်လင်းလင်း တိုင်ပင်ပြောဆိုပြီး အားလုံး လက်တွဲဆောင်ရွက်ရမည် ဖြစ်လေသည်။

သူ့အား ဦးစွာပထမ တစ်ယောက်တည်း စေလွှတ်လိုက်သည်မှာ ရန်သူကိုလှည့်စားရန် သူ့အား သေတွင်းထဲပို့လိုက်ခြင်းသာ ဖြစ်လေသည်။

ရွှေပေစာကို မက်မောနေသူ ဆရာက သူ့ကို အာရုံရောက်သွားစေရန် ခုတုံးလုပ်လိုက်ခြင်း ဖြစ်သည်။

ဝမ်းတိက သူ့ကို သံယောဇဉ်မထားဘဲ သိုင်းကျမ်းအတွက် သူ၏အသက်ဆုံးရှုံးရမည်ကိုပင် အမှုမထားသူတစ်ယောက် ဖြစ်နေရကား။

ဝမ်းတိက ...

"တို့ အာမခံဌာနအဖွဲ့တိုင်းဟာ တာဝန်ကျေအောင် ထမ်းဆောင်နိုင်ဖို့ အဓိကကျပြီး တခြား ဘယ်လိုကိစ္စကမှ အရေးမကြီးဘူး။



အာမခံပို့ဆောင်ပေးရမယ့်ပစ္စည်းကို ကာကွယ်စောင့်ရှောက်ရင်း အသက်ကို စွန့်ရမယ်ဆိုရင်တောင် နောက်မဆုတ်ရဘူးလို့ ခံယူထားကြတယ် မဟုတ်လား၊ ရွှေပေစာကိစ္စက အရေးကြီးနေတာပဲ၊ ပိုင်ရှင်လက်ထဲကို အမြန်ဆုံး ရောက်သွားဖို့ လိုတာပေါ့၊ ဒါကြောင့် ဆရာက မင်းကို ရှင်းပြမနေတော့ဘဲ အရေးကြီးတဲ့ အစီအစဉ်တစ်ခုကို ဆောင်ရွက်ခိုင်းလိုက်တဲ့ သဘောပဲ"

ချူးလုစန်းက ...

"ကျွန်တော် သဘောပေါက်ပါပြီ ဆရာ"

ဝမ်းတိက ...

"ငါဟာ ရွှေပေလွှာကိုယူပြီး သည်နေရာကို ရောက်အောင်လာနိုင်ခဲ့တယ်၊ ရဲတိုက်ရှင် ဝင်းပိုရဲ့လက်ထဲ ပစ္စည်းအပ်နှံပြီးရင် အိမ်ပြန်ဖို့ပဲ ရှိတယ်၊ ဒါပေမဲ့ ဝင်းပိုက သူ့ကိုဆက်ပြီး ကူညီဖို့ မေတ္တာရပ်ခံတာနဲ့ မပြန်ဖြစ်တော့ဘဲ သည်မှာနေဖြစ်ခဲ့တာ"

ချူးလုစန်း စိတ်ဝင်စားစွာ မေးလိုက်လေသည်။

"သူက ဘာအကူအညီ တောင်းတာလဲ ခင်ဗျာ"

ဝမ်းတိက ...

"ရွှေပေစာမက နေလသိုင်းကျမ်းကို ဖော်ပြထားတာပဲ ဒါပေမဲ့ 'နှင်းကြာပန်း နဲ့ ကျောက်သွေးရည်' မရှိဘဲ သိုင်းကျမ်းကို ဖော်ထုတ်နိုင်မှာ မဟုတ်ဘူး၊ သူက သည်ပစ္စည်းနှစ်မျိုး ရှာဖွေတဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ဆက်ပြီးကူညီဖို့ မေတ္တာရပ်ခံခဲ့တာ"

ချူးလုစန်း ပိုပြီး စိတ်ဝင်စားသွားလေသည်။

"သည်ပစ္စည်းနှစ်မျိုးက"

ဝမ်းတိ လက်ကာပြလိုက်သည်။

"အင်မတန် ရှားပါးတဲ့ သိုင်းလောကရတနာပစ္စည်း နှစ်မျိုး ပါပဲလေ၊ ဒါပေမဲ့ တာမှ မပူပါနဲ့ ဆရာတို့ သတင်းတိတိကျကျ ရထားပြီးပါပြီ။ ဝမ်းဝမ်းက သွားရှာနေပါပြီ၊ မကြာခင် သည်ပစ္စည်းတွေ ယူပြီး သူပြန်ရောက်လာမှာပါ"

ဝမ်းဝမ်းဟူသော အမည်ကိုကြားလျှင် ချူးလုစန်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာပြန်လေတော့သည်။

ဝမ်းဝမ်း၊ သူတို့သည် အလွန်ရင်းနှီးခဲ့ကြပြီး တစ်ယောက်ကို တစ်ယောက် သံယောဇဉ်တွယ်တာမိခဲ့ကြသည် မဟုတ်ပါလား။

ချူးလုစန်းက ...

"ညီမလေး ဝမ်းဝမ်းက"

"သူ မကြာခင် ရောက်လာတော့မှာပါ"

ထိုအချိန်မှာပင် ဝင်းပို ရောက်ရှိလာလေသည်။

ဝင်းပိုက ...

"ကျွန်မရဲ့ ရဲတိုက်ကို လူတစ်စု ဦးတည်လာနေကြတယ် ရှင့်"



ဟု အရေးတကြီး ပြောလာလေသည်။

ဝမ်းတိက ...

"ဘယ်သူတွေလဲ"

ဝင်းပိုက ...

"လျှို့ဝှက်အဖွဲ့က လူတွေ ဖြစ်လိမ့်မယ်"

"ဟင်"

"ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

"သည်နေရာက အမြန်ဆုံးရှောင်ထွက်သွားတာ အကောင်းဆုံးပဲ"

ဝမ်းတိ၏စကားကြောင့် ဝင်းပို စိတ်ပျက်သွားတော့သည်။

ဝမ်းတိက ...

"ခင်ဗျားရဲ့ယောကျ်ား ကျူးရယ်ဟာ သိုင်းဆရာဖူးရိ အကြောင်းကို ပြောပြသွားခဲ့တယ်၊ ဖူးရိဟာ လျှို့ဝှက်အဖွဲ့ ခေါင်းဆောင်လို့လည်း ပြောသွားခဲ့တာဗျ"

ဝင်းပိုက ...

"ဒါကြောင့် ကျွန်မက ရှောင်မသွားချင်တာ"

"ရှောင်မသွားရင် ခင်ဗျား ဒုက္ခရောက်သွားမှာပေါ့"

"ကိစ္စမရှိဘူး၊ ကျွန်မယောကျ်ားကို သတ်ပစ်လိုက်တဲ့လူတွေနဲ့ ရင်ဆိုင်ချင်ပါသေးတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းတိက ...

"ရွှေပေလွှာက နေလကျမ်းကို ဖော်ထုတ်လေ့ကျင့်ပြီးမှ သူတို့ကို ရင်ဆိုင်မယ်ဆိုရင်လည်း နောက်မကျသေးပါဘူးလေ"

ဝင်းပို သက်ပြင်းချလိုက်သည်။

"သည်ကိစ္စကို ရှင်ပဲဆက်ပြီး တာဝန်ယူသွားစေချင်ပါတယ် ရှင်"

ဝမ်းတိ မျက်မှောင်ကုတ်သွား၏။

ဝင်းပိုက တည်ကြည်သောမျက်နှာထားဖြင့် ပြောလေသည်။

"နေလကျမ်းဟာ ကျွန်မတို့ မျိုးနွယ်ပိုင်ဆိုင်တဲ့ ပစ္စည်းပါ၊ ဒါပေမဲ့ ကျွန်မ စိတ်မဝင်စားတော့ပါဘူး။ ရှင်ပဲ လက်ခံယူပြီး လေ့လာနိုင်ပါတယ်၊ နေလပညာနဲ့ အများအကျိုး၊ သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်ရှင်"

ဝမ်းတ မယုံနိုင်အောင် ဖြစ်သွား၏။

"ခင် ... ခင်ဗျား"

ဝင်းပိုက ...

"ရှင်သွားမယ်ဆိုရင် လျှို့ဝှက်အဖွဲ့က လူတွေ ရောက်မလာသေးခင် ထွက်သွားတာ အကောင်းဆုံးပါပဲရှင်"

ပြောပြီး အင်္ကျီရင်ဘတ်ကြားမှ အထုပ်ကလေးတစ်ထုပ်ကို



ထုတ်ပေးလိုက်လေသည်။

နေလသိုင်းကျမ်း ဖော်ပြထားသည့် ရွှေပေလွှာထုပ်ထည့်ထားသည့် အထုပ်ကလေး ဖြစ်လေသည်။

ဝမ်းတိ သက်ပြင်းချလိုက်သည်။

"သည်ပစ္စည်းဟာ ခင်ဗျားရဲ့ပစ္စည်းပါ၊ ကျုပ်နဲ့မဆိုင်ပါဘူး၊ ဒါကြောင့် ခင်ဗျားယူပြီး ရှောင်သွားပါ၊ ကျုပ်က ရန်သူတွေကို ဟန့်တားထားလိုက်ပါ့မယ်"

ဝင်းပိုက ...

"ကျွန်မက သူတို့ကို ဘာမှ တတ်နိုင်မှာမဟုတ်ပါဘူး၊ ဒါကြောင့် ရှင် ဆက်ပြီး ကြိုးစားပေးဖို့ မေတ္တာရပ်ခံပါတယ်ရှင်"

ဝမ်းတိက ...

"ကောင်းပြီလေ ... ခင်ဗျားရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်အောင် ကျုပ် ကြိုးစားသွားပါ့မယ်"

သူက ချူးလုစန်းဘက်သို့လှည့်ကာ ပြောလိုက်၏။

"ချူးလုစန်း ... မင်းက သည်မှာနေခဲ့ပြီး ရဲတိုက်ရှင်ကို ကူညီရမယ်"

"ဗျာ"

"မင်း ... သည်မှာနေခဲ့ပြီး ရဲတိုက်ကို ကာကွယ်စောင့်ရှောက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းတီက ခပ်ပြတ်ပြတ်ပြောပြီး ...

"ကဲ ... ကျုပ်သွားတော့မယ်"

ဝင်းပိုကို နှုတ်ဆက်ကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

✸

ဝမ်းတီ ထွက်သွားပြီဖြစ်လေသည်။

ချူးလုစန်း မလှုပ်မယှက် ရပ်နေမိလေသည်။

ဝင်းပို သက်ပြင်းချလိုက်လေသည်။

"သူက မင်းကို ဘာကြောင့် ခေါ်မသွားတာလဲ"

ချူးလုစန်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မပြောတတ်ပါဘူး"

ဝင်းပိုက ...

"တကယ်တော့ ဂါ့ရဲ့ ရဲတိုက်ကို ကာကွယ်ဖို့ မင်းကိုထားခဲ့ဖို့ မလိုအပ်ပါဘူး"

ချူးလုစန်း ဘာမှမပြောဘဲ နေလိုက်လေသည်။

ဝင်းပိုက ...



"မင်းဆရာက ဖျဲယောက်ျား၊ ရောက်လာတည်းကလည်း မင်းကို"

ချူးလုစန်း တောင်းပန်လိုက်သည်။

"ကျေးဇူးပြုပြီး သည်အကြောင်းတွေကို မပြောပါနဲ့တော့ဗျာ"

ဝင်းပိုက ...

"မင်းဆရာက မင်းကို ဘာကြောင့် ခုက္ခရောက်စေချင်ရတာလဲ"

ချူးလုစန်းက ...

"ကျွန်တော်က ရန်သူ့အခြေအနေ သွားကြည့်လိုက်ဦးမယ်" ဟုပြောကာ ထွက်သွားလေတော့သည်။

✸

ကျောက်ဖြူရဲတိုက် ...

ချူးလုစန်းက ရဲတိုက်အပြင်ဘက်သို့ ထွက်လာခဲ့သည်။

ဝမ်းတီက အဘယ်ကြောင့် သူ့အား မလိုလားတော့မှန်း သူ မတွေးတတ်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့ ဝမ်းဝမ်း သံယောဇဉ် ငြိတွယ်နေတာကို ဆရာက ရိပ်မိပြီး သဘောမကျအောင် ဖြစ်နေတာလား"

ဝမ်းဝမ်း၊ ဝမ်းဝမ်းကို ချူးလုစန်း စွဲလမ်းချစ်ခင်မိသည်မှာ အမှန်ပင် ဖြစ်လေသည်။

ချူးလုစန်း စိတ်ပျက်လက်ပျက်ဖြင့် ထွက်လာခဲ့ရာ တစ်နေရာသို့အရောက်တွင် ...

"ခဏနေပါဦးကွယ်"

ဟန့်တားသံ ထွက်ပေါ်လာသဖြင့် လှည့်ကြည့်လိုက်ရာ ဝင်းပိုလိုက်လာသည်ကို တွေ့ရလေသည်။

ဝင်းပိုက ချူးလုစန်းအနီးသို့ ရောက်လာပြီး ...

"မင်း ဘာမှ စိတ်မပူပါနဲ့ ... ဘယ်သူမှ ကျုပ်ရဲတိုက်ကို ရောက်မလာပါဘူး"

ဟု ပြောလေသည်။

"ဗျာ"

ချူးလုစန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဝင်းပိုက ...

"အမှန်ပြောရရင် ငါက ဝမ်းတိကို သဘောကျတာ မဟုတ်ဘူး၊ ဒါကြောင့် ရဲတိုက်က ထွက်သွားအောင် လုပ်လိုက်တာ"

"ဗျာ"



"သူ့သမီးကိုလည်း နှင်းကြာပန်းနဲ့ ကျောက်သွေးရည် ရှာ နိုင်းလိုက်တာလည်း အကြောင်းရှိပါတယ်"

"ခင်ဗျားက"

"သူတို့ကို ကျားဖြူရဲတိုက်မှာ ရှိမနေစေချင်တော့လို့ပါပဲ"

"ဘာဖြစ်လို့လဲဗျာ"

"သူတို့နှစ်ယောက်က ကျုပ်ကို ဒုက္ခပေးမယ့်လူတွေဆိုတာ ကျုပ် နားလည်ထားလို့ပါပဲ"

ချူးလုစန်းက ...

"သူတို့နှစ်ယောက်က သည်လောက်"

"သူတို့က နေလကျမ်းကို ရအောင်ယူကြမှာ"

"ဗျာ"

ချူးလုစန်းက ...

"ဆရာက ရွှေပေလွှာကို ရခဲ့တာပဲ၊ သူသာ နေလကျမ်းကို အပိုင်စီးချင်းတာတယ်ဆိုရင် သည်ကို လာစရာတောင် မလိုဘူး ထင် ပါတယ် ခင်ဗျာ"

ဝင်းပို ရယ်မောလိုက်လေသည်။

"သူက သည်ကိုလာတာမှ မဟုတ်ဘဲ၊ တခြားနေရာကို ထွက်သွားတာ၊ သူ့သဘောက လူသူကင်းဝေးတဲ့ တစ်နေရာကို သွား ပြီး လေ့ကျင့်ဖို့ပဲ၊ ဒါပေမဲ့ နေလကျမ်းကို ဘယ်လိုမှ ဖော်ထုတ်လို့

www.burmeseclassic.com

www.burmeseclassic.com



မရတဲ့အဆုံး ကျူပ်ဆီကို ရောက်လာကြတာ”

နေလကျမ်းဟာ ဝင်းပိုအဘိုးက တီထွင်ခဲ့တာ ဖြစ်လေသည်။

ဝင်းယိုယန်က နေလကျမ်းနှင့် ပတ်သက်၍ သူ၏မိသားစုများအား ပြောပြခဲ့သည်။

တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဝင်းပိုသည်လည်း အဘိုး၏စကားကို ကြားသိခဲ့ရခြင်း ဖြစ်ပေတော့သည်။

ဝင်းပိုက ...

“နေလကျမ်းကို ဖတ်ရှုလေ့လာနိုင်အောင် ရွှေပေလွှာပေါ်မှာ နှင်းကြာပန်းနဲ့ ကျောက်သွေးရည်ကို သုတ်လိမ်းပေးရမယ်၊ ဒါကြောင့် မင်းရဲ့ဆရာဟာ ငါ့ဆီကို ရောက်လာတော့တာပေ့ါ”

ချူးလုစန်းက ...

“ဆရာက နှင်းကြာပန်းနဲ့ ကျောက်သွေးရည်ကို လိုချင်လို့ လာခဲ့တာပေ့ါ”

“ဟုတ်တယ်”

“သည် ဆေးရည်တွေက”

ထိုအချိန်မှာပင် ...

“တောထဲတောင်ထဲမှာ သည်လောက် ကြီးကျယ်ခမ်းနားတဲ့ ရဲတိုက်ကြီးတစ်ခု ရှိနေလိမ့်မယ် မထင်မိဘူး”



စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချူးလုစန်း ကြည့်လိုက်လျှင် လူလေးယောက် ရောက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူလေးယောက်ကား ကြူးထိုက်ယီ၊ ကြူးယွင်၊ ဖူးလန်နှင့် ရှောင်ဗှားတို့ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

မရဏာမီးပုံး ကြူးထိုက်ယီက မိမိနောက်သို့ လိုက်လာခြင်းဖြစ်ကြောင်းလည်း နားလည်လိုက်လေသည်။

ဝင်းပိုက ...

“ကျောက်ဖြူရဲတိုက်ပိုင်နက်ထဲကို ခွင့်မတောင်းဘဲ ဝင်လာရဲတာ နည်းတဲ့သတ္တိ မဟုတ်ဘူး”

ဟု ငေါက်လိုက်၏။

ကြူးထိုက်ယီက နှာခေါင်းရှုံ့လိုက်သည်။

“ကျောက်ဖြူရဲတိုက်က ဘာမို့ ဂရုစိုက်ရမှာလဲ”

“ငါ ရှင်”

ဝင်းပို ပိုပြီး ဒေါသဖြစ်သွားလေသည်။

ကြူးထိုက်ယီက ...

“ထုပေါက်က ကျောက်ဖြူရဲတိုက်မှာ ဝမ်းတီရောက်နေတယ်လို့ ပြောသွားတာ”

www.burmeseclassic.com

www.burmeseclassic.com



ဝင်းပိုက ...

"ကျွန်မရဲ့ ကျောက်ဖြူရဲတိုက်ကို ဘယ်သူကမှ လာပြီး နှောင့်ယှက်ဝံ့တာ မဟုတ်ဘူး ရှင့်"

ကြူးထိုက်ယီ ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကလည်း ကျောက်ဖြူရဲတိုက်ကို ဒုက္ခပေးချင်တာ မဟုတ်ပါဘူး"

ဝင်းပိုက ...

"ရှင်ဟာ ဝမ်းတိကို လိုချင်တယ်ဆိုရင် အရှေ့ဘက်ကို မြန်မြန်လိုက်သွား"

"ဘာဖြစ်လို့လဲ"

"သူက နေလသိုင်းပညာရော မှတ်ထားတဲ့ ရွှေပေလွှာကို ယူပြီး အရှေ့စူးစူးကို ထွက်သွားတယ်၊ နှင်းကြာပန်းနဲ့ ကျောက်သွေးရည်ကို သူခွဲသွားရှာမှာ"

ကြူးထိုက်ယီက ...

"မင်းက သိုင်းကျမ်းကို ယူမထားဘဲ သူ့ကို ပေးလိုက်တာ ဘာသဘောလဲ"

ဝင်းပိုက ...

"ကျွန်မ အေးအေးဆေးဆေး မပေးရင် သူ အဓမ္မ ရယူဖို့ ကြိုးစားတော့မှာပေါ့ရှင်"



"သြော် ... သည်လိုကိုး"

ကြူးထိုက်ယီ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

ဝင်းပိုက ...

"ဝမ်းတိဟာ သည်ကို အကြံနဲ့ ရောက်လာတာ၊ ကျွန်မက သူ့ကိုယှဉ်နိုင်မှာ မဟုတ်လို့ မသိချင်ဟန်ဆောင်ပြီး လိုက်လျောဆက် ဆံခဲ့ရတာ၊ ရှင်က သိုင်းကျမ်းလိုချင်တယ်ဆိုရင် သူ့နောက်ကို လိုက် သွားပေတော့"

ကြူးထိုက်ယီက ...

"ကျုပ်က သိုင်းကျမ်းကို လိုချင်တာပဲ၊ သူ့နောက်ကို လိုက်သွားမယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ကျုပ်ကို သူများတစ်ပတ်ရိုက်တာ ကျုပ်က ခေါင်းငုံ့ခံနေမှာ မဟုတ်ပါဘူး"

"နေပါဦး ... ရှင့်ကို ဘယ်သူက တစ်ပတ်ရိုက်တာလဲ"

"ခင်ဗျားပေါ့"

"ဘာရှင့်"

ကြူးထိုက်ယီက ...

"ဝမ်းတိ ထွက်မသွားသေးဘူးဆိုတာ ... ကျုပ် သိပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဗျာ"

စကားဆုံးလျှင် အရှေ့ဘက်သို့ မျက်နှာမူကာ အော်ပြောလိုက်လေသည်။

"ခင်ဗျားထွက်ခဲ့ပါဗျာ"

ဤတွင် သစ်ပင်ချုံနွယ်များကြားမှ လူတစ်ယောက် ခုန်ထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

'ဟူး'

လူတစ်ယောက် ခုန်ထွက်လာပြီး ချူးလုစန်းတို့ရှေ့သို့ ရောက်ရှိလာလေသည်။

ထိုလူကိုမြင်လျှင် ချူးလုစန်း အံ့သြသွားလေသည်။

"ဟင် ... နန်းတွင်းသိုင်းသမားကြီးပါလား"

မှန်ပေသည်။

ရောက်လာသူမှာ နန်းတွင်းသိုင်းသမား (ဝါ) ငွေရောင်ဓား ယိုကျန့် ဖြစ်လေသည်။

ကြူးထိုက်ယီ ကြောင်အမ်းအမ်း ဖြစ်သွား၏။



"ခင်ဗျားက"

ယိကျန့်က ...

"ကျုပ်က သိုင်းလောကမှာ ပေါ်ပေါက်နေတဲ့ တိုက်ပွဲတွေကို ထိမ်းချုပ်ဖို့ ကြိုးစားနေတဲ့ နန်းတွင်းသိုင်းသမား ယိကျန့်ပါခင်ဗျာ"

ကြူးထိုက်ယီက ...

"ခင်ဗျား သည်ကို လာခဲ့တာ"

"နေလကျမ်းရထားတဲ့ ဝမ်းတိကို တွေ့ချင်လို့ပါဗျာ"

"သြော် ... ခင်ဗျားလည်း နေလကျမ်းကို စိတ်ဝင်စားနေတာကိုး"

ယိကျန့်က တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်လေသည်။

"ကျုပ်က နေလကျမ်းကို ဖျက်ဆီးပစ်ဖို့ ဆုံးဖြတ်ပြီးပါပြီ"

သူက ဝင်းပိုကို တောင်းပန်လိုက်သည်။

"ပိုင်ရှင်ဖြစ်တဲ့ ခင်ဗျားကိုတော့ အားနာပါတယ်ဗျာ"

ဝင်းပိုက ...

"ကျွန်မက ပိုင်ရှင်ဆိုတာ နာမည်ပဲ ရှိပါတယ်၊ တကယ်တော့ ဘိုးဘိုးဝင်းယိုယန် ဖန်တီးထားတဲ့ သည်သိုင်းကျမ်းဟာ ကျွန်မနဲ့ ဘာမှမဆိုင်သလို ဖြစ်နေခဲ့တာ ကြာပါပြီ၊ သိုင်းကျမ်းကြောင့် အများသူငါ ဒုက္ခရောက်နေကြရတော့ ဖျက်ဆီးပစ်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးပဲဆိုတာ ကျွန်မနားလည်ထားပါတယ်၊ ကန့်ကွက်စရာ အကြောင်း မရှိပါဘူး"

သိုင်းကျမ်း ဖျက်ဆီးပစ်မည့်ကိစ္စကို ကန့်ကွက်ခြင်း မပြု သည့်အပြင် သဘောတူလိုက်သေး၏။

ကြူးထိုက်ယီက ...

"သည်လောက် ထူးခြားထက်မြက်တဲ့ သိုင်းကျမ်းကို ဖျက်ဆီးပစ်မယ်ဆိုတာ"

အားမလို အားမရ ဖြစ်နေ၏။ ကြူးယွင်က ...

"ဖေဖေ ... သည်သိုင်းကျမ်းကြောင့် ဒုက္ခရောက်သူမနည်း တော့ပါဘူး၊ ဖျက်ဆီးပစ်လိုက်တာပဲ ကောင်းပါတယ်၊ ထူးခြားထက် မြက်တဲ့ သိုင်းပညာတစ်ရပ် ပျက်စီးဆုံးရှုံးသွားတာ ဝမ်းနည်းစရာ ကောင်းပေမယ့် အများသူငါ ဒုက္ခရောက်ရမှာနဲ့စာရင် ဘာမှ ပြောပ လောက်မှာ မဟုတ်ပါဘူး"

ကြူးထိုက်ယီက ...

"နေလကျမ်းကို ဖျက်ဆီးပစ်ရမယ်ဆိုရင်တော့ ဖေဖေက သိုင်းလောကထဲ ထွက်လာခဲ့တာ ဘာမှ အဓိပ္ပာယ်ရှိတော့မှာ မဟုတ် ဘူး"

ကြူးယွင်က ...

"ဖေဖေရယ် ... သိုင်းလောက အေးချမ်းသွားတာက ပို



မကောင်းဘူးလားဟင်"

ကြူးထိုက်ယီ မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီ ... ဖေဖေက သိုင်းကျမ်းကိစ္စကို မေ့ထားလိုက် တော့မယ်၊ ဖေဖေ အိမ်ပြန်သွားရင် သမီးလည်း ပြန်လိုက်ခဲ့ရမယ်"

ကြူးယွင် သဘောတူလိုက်သည်။

"သမီးလည်း အိမ်ပြန်မှာပါ"

သူမသည် ချူးလုစန်းကို သံယောဇဉ်ဖြစ်ကာ သိုင်းလောက၌ ကျင်လည်ကျက်စားလိမ့်မည်ဟု ကြူးထိုက်ယီက ယူဆထားလေ သည်။

ထို့ကြောင့် သမီးဖြစ်သူကို အိမ်ပြန်ခေါ်လိုက်ခြင်းဖြစ်သည်။

ချူးလုစန်းသည် ဝမ်းတိ၏သမီး ဝမ်းဝမ်းနှင့် မေတ္တာသက် ဝင်နေကြောင်း ကြူးထိုက်ယီ သိရှိထားပြီ မဟုတ်ပါလား။

ကြူးယွင်က အိမ်ပြန်မည်ဟု ပြောလိုက်ခြင်းကြောင့် ကြူး ထိုက်ယီ ကျေနပ်သွားလေတော့သည်။

"ကဲ ... ကျုပ်တို့ကို ခွင့်ပြုပါဦး"

ချူးလုစန်းနှင့် ဝင်းပိုကို နှုတ်ဆက်ကာ ကြူးယွင်၊ မူလန်း နှင့် ရှောင်ဗုအားတို့အား ခေါ်ကာ ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးထိုက်ယီတို့ လူစု ဖြန့်လည်ထွက်ခွာသွားပြီ ဖြစ်လေသည်။

ချူးလုစန်း သက်ပြင်းချမိသည်။ ကြူးထိုက်ယီတို့ သားအဖနှစ်ယောက်မှာ စိတ်နေသဘောထား ထူးခြားသူများ ဖြစ်လေသည်။

သူ့အား တကယ့်ကို စေတနာထားကာ ကူညီခဲ့ကြသူများလည်း ဖြစ်သည်။

ထို့ကြောင့် ... ချူးလုစန်း ခင်မင်မိခဲ့သည်။

အခုတော့ ကြူးထိုက်ယီတို့သည် နေလကျမ်းနှင့်ပတ်သက်၍ အမှုမထားတော့ဘဲ လျစ်လျူရှုကာ အိမ်ပြန်သွားကြပြီ ဖြစ်လေသည်။

ဝင်းပိုက ...

"မရဏမီးပုံး ကြူးထိုက်ယီဟာ တကယ့် လူထူးဆန်း တစ်ယောက်ပါပဲ၊ ဘာပဲဖြစ်ဖြစ် သူဟာ သိုင်းလောက ပျက်စီးမယ့်အရေးကို တွေးတောပူပန်တတ်တဲ့လူ တစ်ယောက်ဆိုတော့ သိုင်းသမားကောင်းပီသတဲ့ လူတစ်ယောက်လို့ ပြောရမှာပါပဲ"

ဟု ချီးကျူးပြောဆိုလိုက်လေသည်။ နန်းတွင်းသိုင်းသမား ယိကျန့်က ...



"ချူးလုစန်း ... မင်းက လျှို့ဝှက်အဖွဲ့အစည်းက လူတွေ ရှောင်လင်ကျောင်းကို တိုက်ခိုက်ခဲ့တာကို တွေ့ခဲ့ရသေးတာပဲ မဟုတ်လား"

ဟု မေးလေသည်။ ချူးလုစန်းက ...

"တွေ့ခဲ့ပါတယ်၊ သစ္စာဖောက်ကုချိုကို ရှောင်လင်ကျောင်းထိုင်က စစ်ဆေးမေးမြန်းပြီး လျှို့ဝှက်အဖွဲ့ကို ဖော်ထုတ်ပါလိမ့်မယ်"

ယိကျန့် ပြုံးလိုက်သည်။

"ကုချိုနဲ့ ကျောက်ဇပေါက်မာအဘိုးအိုတို့က လျှို့ဝှက်အဖွဲ့ကို ဦးဆောင်နေသူတွေဟာ တစ်ချိန်က သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တဲ့ ဖြိုင်စံရှား သိုင်းသမားကြီးဖူးရှီဆိုတာ ထုတ်ဖော်ဝန်ခံလိုက်ကြပြီလေ"

ချူးလုစန်းက ...

"ဒါဖြင့် ထုပေါက်ပြောတဲ့စကား မှန်နေပြီပေါ့"

ဟု တီးတိုးရေရွတ်လိုက်မိလေသည်။

ယိကျန့်က ...

"လျှို့ဝှက်အဖွဲ့ဟာ ရှောင်လင်ကျောင်းကို တိုက်ခိုက်ပြီးတဲ့နောက်ပိုင်းမှာ အရေးနိမ့်သွားပြီး ရှုံးပွဲနဲ့ကြုံရပြီ၊ သူတို့ကို သိုင်းလောကသားတွေက ဖော်ထုတ်ဆုံးမဖို့ ကြိုးစားနေကြပြီ၊ သိုင်းလောကထဲ ဘယ်တော့မှ မထွက်ဘူးဆိုတဲ့ သီးခြားသိုင်းပညာရပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



တောင် သိုင်းလောကထဲ ထွက်လာကြပြီ"

ချူးလုစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သီးခြားသိုင်းသမားများသည် သိုင်းလောကအား ဒုက္ခပေးနေသည့် လျှို့ဝှက်အဖွဲ့ကို ဖော်ထုတ်ချေမှုန်းနိုင်ရန် ချူးလုစန်းကို ဝိုင်းဝန်းကူညီခဲ့ကြသည် မဟုတ်ပါလား။

ယိကျန့်က ...

"နေလကျမ်းကို ဖျက်ဆီးနိုင်မယ်၊ လျှို့ဝှက်အဖွဲ့ကို ချေမှုန်းနိုင်မယ်ဆိုရင် သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာသွားမှာအမှန်ပဲ"

ဝင်းပိုက ...

"နေလကျမ်းကို ဖျက်ဆီးပစ်ဖို့ ကျွန်မ သဘောတူပြီးပါပြီရှင်"

ချူးလုစန်း ရင်ကော့ပြီး ပြောလိုက်သည်။

"လျှို့ဝှက်အဖွဲ့ကို ချေမှုန်းဖို့ ကျွန်တော် အစွမ်းကုန်ကြိုးစားသွားမှာပါ"

ယိကျန့် ပြုံးလိုက်သည်။

"ဒါဖြင့် မင်းကြာကြာမစောင့်ရပါဘူး"

သူ၏စကားသံနှင့် မနှေးမနှောင်းမှာပင် ...

"အောင်မယ်လေး"



မလှမ်းမကမ်းတစ်နေရာမှ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

## အတ္တသမား

မိန်းကလေးတစ်ယောက် အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယိကျန့်က ...

"မြန်မြန်လိုက်ခဲ့"

ချူးလုစန်းကိုပြောပြီး ခုန်ထွက်သွားလေသည်။

ချူးလုစန်းနှင့် ဝင်းပိုတို့က ယိကျန့်နောက်သို့ ပြေးလိုက်သွားကြလေသည်။

သုံးယောက်သား တောအုပ်အတွင်းရှိ မြေကွက်လပ်တစ်ခုသို့ရောက်သွားကြလျှင် တိုက်ပွဲတစ်ခု ဖြစ်ပေါ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

မိန်းကလေးတစ်ယောက်အား အနက်ရောင်ဝတ်ထားသူများက ဝိုင်းရံတိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

အများနှင့်တစ်ယောက်ဖြစ်နေသည့်အပြင် အနက်ရောင်ဝတ်ထားသူများ၏သိုင်းပညာ ထက်မြက်နေခြင်းကြောင့် မိန်းကလေး



မှာ ဒဏ်ရာများရကာ ဒုက္ခရောက်နေလေသည်။

အနက်ရောင်ဝတ်ထားသူများ၏လက်ချက်ထဲ အချိန်မရွေး သေဆုံးသွားနိုင်ပေတော့သည်။

မိန်းကလေးက အထိတ်တလန့် အော်ဟစ်လိုက်သည်။

"ဖေဖေ ... သမီးကို ကယ်ပါဦး"

ချူးလုစန်းသည် ထိုမိန်းကလေးကို တွေ့မြင်လိုက်ရလျှင် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ထိုမိန်းကလေးမှာ သူ့ သံယောဇဉ်တွယ်မိခဲ့သော ဝမ်းဝမ်း ဖြစ်နေသည် မဟုတ်ပါလား။

ဝမ်းတိက နေလကျမ်းနှင့်အတူ ထွက်သွားချေပြီ။

ဝမ်းဝမ်းက နှင်းကြာပန်းနှင့် ကျောက်သွေးရည်ကို သွားရှာသည်ဟု သိရ၏။

ယခုတော့ ...

ဝမ်းဝမ်းမှာ ရန်သူလက်ချက်ဖြင့် ဒုက္ခရောက်နေပြီ ဖြစ်လေသည်။

"ရစ်လိုက်"

ချူးလုစန်း လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ အော်ငေါက်ဟန့်တားရင်း တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်လေတော့သည်။

ချူးလုစန်းမှာ ထိပ်တန်းသိုင်းသမားများနှင့် အကြော

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်ကာ ဆုံတွေ့ကာ ထိပ်တန်းသိုင်းပညာများ သင်ယူခွင့်ရခဲ့သည်။

ထို့ကြောင့် ချူးလုစန်း၏ သိုင်းပညာမှာ ထိပ်တန်းအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

ချူးလုစန်းက တိုက်ပွဲအတွင်းသို့ ခုန်ဝင်ကာ အနက်ရောင် ဝတ်ထားသူများအား တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ အနက်ရောင်ဝတ်ထားသူများ ဖရိုဖရဲ အရေးနိမ့်သွားကြလေတော့သည်။

❖

အနက်ရောင်ဝတ်ထားသူအချို့ လဲကျသွားပြီး အချို့ ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။

ချူးလုစန်းက လိုက်လံတိုက်ခိုက်ခြင်း မပြုတော့ဘဲ မိန်း



ကလေးဝမ်းဝမ်းကို ဖေးမလိုက်လေသည်။

ဝမ်းဝမ်းက ချူးလုစန်းကိုမြင်လျှင် မယုံနိုင်အောင် ဖြစ်သွားလေသည်။

"အစ်ကိုချူး ... ရန်သူ့လက်ချက်နဲ့ ဒုက္ခရောက်သွားခဲ့ပြီဆို"

ချူးလုစန်း ပြုံးလိုက်သည်။

"အားလုံးက ကျုပ်ကို ဒုက္ခရောက်မယ်ထင်ခဲ့ကြပေမယ့် ကျုပ်ကံကောင်းခဲ့ပါတယ် ညီမရယ်"

ဝမ်းဝမ်းက ...

"ဘာပဲဖြစ်ဖြစ် အစ်ကို့ကို ပြန်တွေ့လိုက်ရတာ ကျွန်မ ဝမ်းသာလိုက်တာ ရှင်"

ချူးလုစန်းက ...

"ဆရာနဲ့ညီမက"

"ကျွန်မတို့က"

"ညီမတို့က ကျုပ်ကို"

ချူးလုစန်းစကား ကစ်ပိုင်းတစ်စဖြင့်ရပ်ထားပြီး သက်ပြင်းချလိုက်လေသည်။

ဝမ်းဝမ်းမျက်နှာပျက်ကာ ခေါင်းငုံ့ထားလိုက်၏။

အတော်ကလေးကြာမှ ...

"ဖေဖေဟာ နေလကျမ်းနဲ့ ပတ်သက်ပြီး အစ်ကို့အပေါ်

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ခဲ့တာ ကျွန်မသိပါတယ်ရှင်”

ချူးလုစန်း စိတ်မကောင်းဖြစ်သွား၏။

ဝမ်းဝမ်းက ...

“အစ်ကိုက အာမခံပစ္စည်း သွားပို့တယ်လို့ ဖေဖေက ကြေညာလိုက်တော့ အကြောင်းသိနေတဲ့ အားလုံးက အစ်ကို့နောက်ကို လိုက်ပြီးဒုက္ခပေးကြတော့မယ်ဆိုတာ ကျွန်မ ရိပ်မိခဲ့တာပေါ့။ ဖေဖေက ဒါမှ ဖေဖေတို့ အန္တရာယ်ကင်းမယ်လို့ ပြောခဲ့တာ”

ချူးလုစန်းက ...

“ဆရာက သိုင်းကျမ်းယူပြီး ဘေးမသီရန်မခ ရှောင်တိမ်းသွားနိုင်အောင် ကျုပ်ကိုဓားစာခံလုပ်လိုက်တာပဲ”

ဝမ်းဝမ်းက ...

“အစ်ကိုရယ် ဖေဖေ့ကို စိတ်မဆိုးပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်ရှင်”

“ညည်းအဖေဟာ ... နေလကျမ်းကို သည်အတိုင်း လေ့လာပြီး မရနိုင်တာကြောင့် ငါ့ဆီကို ရောက်လာခဲ့တာ၊ ငါ့ကို သိုင်းကျမ်းလာပေးတယ်ဆိုပေမယ့် ငါက သိုင်းကျမ်းအကြောင်း ဖော်ထုတ်နိုင်တာနဲ့ ငါ့ကိုပါ ဒုက္ခပေးပြီး အပိုင်စီးသွားမယ်ဆိုတာ ငါ သိထားတာပေါ့”

ဝမ်းဝမ်းက ...



“ဖေဖေဟာ နေလကျမ်းကို လေ့ကျင့်အောင်မြင်ခဲ့ရင် ပြိုင်ဘက်ကင်း သိုင်းသမားကြီးတစ်ယောက် ဖြစ်လာမယ်လို့ မျှော်လင့်ထားခဲ့တာပါရှင်”

အလွန်ဝမ်းနည်းကြေကွဲနေသော လေသံဖြင့် ပြော၏။

ထိုအချိန်မှာပင် ...

“သမီး”

ခေါ်သံနှင့်အတူ လူတစ်ယောက် ပြေးလွှားရောက်ရှိလာလေသည်။ ဝမ်းတိဖြစ်လေသည်။ ဝင်းဗိုက ...

“ရှင် မသွားသေးဘဲကိုး”

“ကျုပ်က”

“ရှင့်သမီးနဲ့အတူ ဆေးရည်တွေပါလာလိမ့်မယ်လို့ ရှင် မျှော်လင့်ထားတယ် မဟုတ်လား”

ဝင်းတိ မကြားချင်ယောင်ဆောင်နေလိုက်လေသည်။

“တကယ်တော့ နှင်းကြာပန်းနဲ့ ကျောက်သွေးရည်ကို ရဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူးရှင်”

ဝမ်းတိ မကျေမနပ် ဖြစ်နေ၏။

“သည်ဆေးရည်တွေရမှ ဖြစ်မယ်”

“ဒါဖြင့် ရှင်ကြိုးစားပြီးရှာပေါ့”

“ကျုပ် ရအောင်ရှာမယ်”

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းတိကား အတ္တသမားကြီးလုံးလုံး ဖြစ်နေချေပြီ။ သူ၏ ပစ္စည်းမဟုတ်ဘဲ ပစ္စည်းပိုင်ရှင်ရှိနေသည့်တိုင် ပြန်မပေးတော့ဘဲ နေလကျမ်းကို အပိုင်စီးထားလိုက်တော့သည်။

"သမီး ဖေဖေတို့ သွားကြမယ်"

ဝမ်းဝမ်းကို ဖေးမလိုက်လေသည်။ ဝမ်းဝမ်း ခေါင်းခါယမ်းလိုက်သည်။

"သမီး မလိုက်တော့ဘူး ဖေဖေ"

"ဘာပြောတယ်"

"သမီး မလိုက်တော့ပါဘူး၊ သမီးတို့ ပိုင်ဆိုင်တဲ့ပစ္စည်း မဟုတ်တဲ့ နေလကျမ်းကြောင့် ဒုက္ခရောက်ရတာမျိုး မလိုလားတော့ပါဘူး"

ဝမ်းတိ ဒေါသဖြစ်သွား၏။

"သမီး ... နေလကျမ်းကို လေ့ကျင့်အောင်မြင်ခဲ့ရင် သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးနိုင်လိမ့်မယ်ဆိုတာ သမီး မသိဘူးလား"

ဝမ်းဝမ်းက ...

"သမီး စိတ်မဝင်စားတော့ပါဘူး ဖေဖေ"

"သမီး၊ ဘယ်လိုဖြစ်တာလဲ"

ဝမ်းဝမ်းက ဘာမှမပြောဘဲ ခေါင်းငုံ့ထားလိုက်လေသည်။



ဝမ်းတိ ဒေါသထွက်သွားလေသည်။

"သမီး ... ဖေဖေနဲ့ လိုက်ခဲ့ရမယ်"

ဝမ်းဝမ်း ခေါင်းခါယမ်းလိုက်သည်။

"သမီး မလိုက်နိုင်တော့ပါဘူး ဖေဖေ"

"နင်"

"သမီးမှာ"

"ထစမ်း"

ဝမ်းတိက ဝမ်းဝမ်း၏လက်မောင်းကို ဆုပ်ကိုင်ဆောင့်ဆွဲလိုက်လေသည်။

"အင့်"

ဝမ်းဝမ်း ဒယီးဒယိုင်ဖြင့် ထရပ်လိုက်၏။

ထိုအခါမှ ...

သူမ၏နောက်ကျောဌ် ဓားမြှောင်တစ်လက် စိုက်ဝင်နေသည်ကို တွေ့လိုက်ကြရလေတော့သည်။

"ဟာ"

ဝမ်းတိ ထိတ်လန့်သွားလေသည်။

"သ ... သမီး"

ဝမ်းဝမ်းက ...

"သမီး မလိုက်နိုင်တော့ပါဘူး ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဝမ်းသည် ပလုံးပထွေး ပြောရင်း ဒူးများ ကွေးညွတ်ကာ မြေပေါ် လဲကျသွားလေတော့သည်။

✹

"သမီး"

ဝမ်းတိ အထိတ်တလန့် ဖြစ်နေသည်။

မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်နေသည့် ဝမ်းဝမ်းကို မျက်လုံးပြူး၍ ကြည့်နေမိလေသည်။

ဝင်းပိုက ...

"ရှင့်သမီး လျှို့ဝှက်အဖွဲ့ကလူတွေရဲ့လက်ချက် မိသွားတာပဲ"

ယိကျန့်က ...

"ဝမ်းတိ၊ ခင်ဗျားရဲ့ တစ်ကိုယ်ကောင်းဆန်မှုတွေကို ရပ်တန့်လိုက်တာ အကောင်းဆုံးပါပဲဗျာ"

ဝမ်းတိ ဒေါပွသွား၏။

"ကျုပ်က ဘာကို ရပ်တန့်ရမှာလဲ"

"နေလကျမ်းကို ဖျက်ဆီးပစ်ဖို့ သက်ဆိုင်ရာလက်ထဲ အပ်



လိုက်ဖို့ပါပဲ"

"ကျုပ်က မအပ်ဘူးဆိုရင်ကော"

"ခင်ဗျားရဲ့သမီးတစ်ယောက်လုံး ဆုံးရှုံးခဲ့ရတာတောင် နောင်တမရသေးဘူးလားဗျာ"

"တောက်"

ဝမ်းတိ ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

ဝင်းပိုက ...

"နှင်းတောင်ဆေးရည်ကို ရဖို့ လွယ်တာမှ မဟုတ်တာရှင်၊ ရှင့်လက်ထဲမှာ နေလကျမ်းရှိနေတော့ကော ဘာများ အသုံးဝင်မှာလဲ၊ အန္တရာယ်ကို ဖိတ်ခေါ်နေတာနဲ့ အတူတူပဲ မဟုတ်လား"

ဝမ်းတိက ...

"နေလကျမ်း၊ ကျုပ်လက်ထဲမှာ ရှိနေပြီ လိုတဲ့ပစ္စည်းတွေကို ကျုပ်ရအောင်ရှာမယ်၊ မကြာခင် ကျုပ်ဟာ သိုင်းလောကရဲ့ ပြိုင်ဘက်ကင်း သိုင်းသမားကြီးတစ်ယောက် ဖြစ်လာရမှာပေါ့"

ချူးလုစန်းသည် ဆရာဖြစ်သူကိုကြည့်ပြီး စိတ်ပျက်သွားလေတော့သည်။

ဝမ်းတိကား နေလကျမ်းနှင့်ပတ်သက်ပြီး ရူးသွပ်သူ တစ်ယောက်ကဲ့သို့ ဖြစ်သွားတော့သည်။

ဝမ်းတိက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သမီးကိုတောင် ဆုံးရှုံးလိုက်ရပြီးနောက် ကျုပ် ဘယ်တော့မှ နောက်မဆုတ်တော့ဘူးဆိုတာ မှတ်ထားပါ"

စကားဆုံးလျှင် ချာခနဲ လှည့်ကာ ထွက်သွားလေသည်။

ယိကျန့်က ...

"ခင်ဗျား ဘယ်သွားမလို့လဲ"

ဝမ်းတိက ...

"ကျုပ်က သိုင်းကျမ်းကို ဖော်ထုတ်နိုင်မယ့် ဆေးရည်တွေ လိုက်ရှာမယ်"

ဝမ်းဝမ်း၏ အလောင်းကိုပင် အမှုမထားဘဲ ထွက်သွားခြင်း ဖြစ်လေသည်။

ယိကျန့်က ...

"ခင်ဗျားကို သွားခွင့်မပေးနိုင်ဘူး"

"ဘာ"

ဝမ်းတိက ခြေလှမ်းရပ်လိုက်လေသည်။

ယိကျန့်က ...

"သိုင်းလောကအကျိုးကို မျှော်ကိုးပြီး နေလကျမ်းကို ဖျက်ဆီးပစ်ဖို့ နန်းတွင်းက အမိန့်ထုတ်လိုက်ပြီဗျ၊ ခင်ဗျားသွားလို့ မရတော့ဘူး၊ နေလကျမ်းကို ကျုပ်လက်ထဲ အပ်ရမယ်"

"ဟား ဟား ဟား"



ဝမ်းတိက ဟားတိုက်ရယ်မောလိုက်လေသည်။

"ကျုပ်က သိုင်းကျမ်းမအပ်ဘူးဆိုရင်ကော"

ယိကျန့်၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"ကောင်းပြီ၊ ခင်ဗျားဆီက ကျုပ်ယူပြပါ့မယ်"

ပြောရင်း ခုန်ထွက်သွား၏။

"သေပေတော့"

ဝမ်းတိက ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

ထိုအချိန်မှာပင် ...

'ဝှစ် ဝှစ် ဝှစ်'

တောအုပ်ထဲမှ လက်နက်ပုန်းလေးများ ပစ်လွှင့်လာလေတော့သည်။

✡

ဝင်းလက်တောက်ပသော အလင်းရောင်များ ထွက်ပေါ်လာလေသည်။

လက်နက်ပုန်းလေးများက ဝမ်းတိနှင့်ယိကျန့်တို့ဆီသို့ ပစ်လွှင့်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သတိထား"

ချူးလုစန်းက ရင်ထိတ်ကာ အော်ဟစ်သတိပေးလိုက်လေသည်။

ဝင်းပိုကလည်း ...

"လျှို့ဝှက်အဖွဲ့က လူတွေလက်ချက်ပဲ"

ဟု လွှတ်ခနဲ ပြောလိုက်လေသည်။

ယိကျန့်က ကပျာကယာ နောက်ဆုတ်ကာ ရှောင်တိမ်းလိုက်လေသည်။

ဝမ်းတီက ထွက်ပြေးသွားရန် ဟန်ပြင်လိုက်၏။

'ဝှစ် ဝှစ် ဝှစ်'

လက်နက်ပုန်းလေးများ ပစ်လွှင့်သွားပြီး အချို့က ယိကျန့်နှင့် ဝမ်းတီတို့အား ဖြတ်ကျော်သွားပြီး အချို့သော လက်နက်ပုန်းလေးများက ဝမ်းတီအား ထိမှန်သွားလေတော့သည်။

"အား"

လောဘသားကောင် ဝမ်းတီမှာ လက်နက်ပုန်းထိကာ မြေပေါ် လဲကျသွားလေတော့သည်။



လက်နက်ပုန်းလေးများ ထပ်မံပစ်သွင်းလာခြင်းမရှိတော့ပါ။

ယိကျန့်က လက်နက်ပုန်းလေးများကို လွတ်အောင်ရှောင်တိမ်းသွားနိုင်ခဲ့လေသည်။

သို့သော် ဝမ်းတီကား ရှောင်တိမ်းခြင်း မပြုနိုင်ဘဲ လက်နက်ပုန်း ထိမှန်ကာ မြေပေါ်လဲကျသွားပြီ ဖြစ်လေသည်။

ချူးလုစန်းက မြေပေါ်လဲကျနေသည့် ဝမ်းတီနှင့်ဝမ်းဝမ်းတို့ သားအဖ နှစ်ယောက်ကိုကြည့်ပြီး ရင်ထဲဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်နေတော့သည်။

ဝမ်းတီက နေလကျမ်းကို မက်မောခဲ့သည်။

နေလကျမ်းကို လေ့ကျင့်ပြီး သိုင်းလောကအား လွှမ်းမိုးရန် ကြံရွယ်ထားသည်။

သူ၏အတ္တလောဘက သူ့အား ဒုက္ခပေးသွားခြင်း ဖြစ်ပါတော့သည်။

ဝမ်းတီ၏မကောင်းသောလုပ်ရပ်များက အပြစ်မဲ့သော ဝမ်းဝမ်းကိုပါ ဒုက္ခရောက်သွားစေခဲ့တော့သည်။

ယိကျန့်က လက်နက်ပုန်းလေးများ ပစ်သွင်းလာရာဘက်သို့ မျက်နှာမူကာ အော်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဘာကြောင့် ထွက်မလာကြသေးတာလဲ"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ...

'ဟူး ဟူး ဟူး'

အဝတ်အစား လေတိုးသံများနှင့်အတူ အနက်ရောင် ဝတ်ထားသူများ ဟိုမှသည်မှ ထွက်ပေါ်လာကာ ချူးလုစန်း၊ ဝင်းပိုနှင့် ယိကျန့်တို့အား ဝိုင်းရံထားလိုက်ကြလေတော့သည်။

ဝင်းပိုက ...

"ဒါ ... လျို့ဝှက်အဖွဲ့က လူတွေပဲ"

ဟု ပြောလိုက်သည်။

ချူးလုစန်းက ...

"ဟုတ်တယ်၊ ဒေါ်ဒေါ် နောက်ဆုတ်လိုက်ပါ။ ကျွန်တော် သူတို့နဲ့ ရင်ဆိုင်လိုက်ပါ့မယ်"

ဝင်းပိုက ...

"သူတို့က ငါ့အဘိုးနဲ့ငါ့ယောက်ျားကို ဒုက္ခပေးထားကြတာ။ ငါ လက်ပိုက်ကြည့်မနေနိုင်ဘူး"

သူမအား ရင်ဆိုင်ခြင်းမပြုဖို့ တားဆီး၍ ရနိုင်တော့မည် မဟုတ်ပါချေ။

ယိကျန့်က ...

"နေလကျမ်းကိုဖျက်ဆီးဖို့ အခွင့်အရေးရလိုက်သလို လျို့



ဝှက်ဂိုဏ်းက လူတွေကို ဖော်ထုတ်ဆုံးမနိုင်ခွင့် ရလိုက်တာ ဝမ်းသာစရာပဲ"

ဟု ပြောလိုက်၏။

"ဟား ဟား ဟား"

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အနက်ရောင်ဝတ်ထားသူများကြားမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကိုမြင်လျှင် ချူးလုစန်း မျက်မှောင်ကုတ်သွား၏။

ထိုလူကို သူ ကောင်းစွာသိထားသည် မဟုတ်ပါလား။

ထိုလူမှာ သီးခြားသိုင်းသမားများအတွက် သိုင်းလောကရေးရာများ တာဝန်ယူဆောင်ရွက်ပေးနေသည့် စာပေရှူး ပိုင်မင်း ဖြစ်နေသည် မဟုတ်ပါလား။

ချူးလုစန်းက ...

"ခင်ဗျားက သီးခြားပညာရှင်တွေအတွက် အလုပ်လုပ်ပေးနေတာ မဟုတ်လား၊ ဘယ်လိုလုပ်ပြီး လျို့ဝှက်အဖွဲ့က လူတွေနဲ့ ပတ်သက်နေရတာလဲဗျာ"

"ဟား ဟား ဟား"

စာပေရှူး ပိုင်မင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အတွက် အကျိုးရှိမယ်ဆိုရင် ကျုပ်က ဘယ်သူနဲ့မဆို ပေါင်းသင်းဆက်ဆံသွားမှာပါ"

"ခင်ဗျား"

"တကယ်တော့ ကျုပ်ဟာ သီးခြားသိုင်းသမားတွေ အတွက် သိုင်းလောကရေးရာကိစ္စတွေ ဆောင်ရွက်ပေးတယ် ဆိုပေ မယ့် သူတို့ထက်အရင် ကျုပ်က လူတစ်ယောက်ရဲ့ အကျိုးတော် ဆောင် ဖြစ်ခဲ့တာပါ"

ချူးလုစန်းက ...

"ဘယ်သူများလဲဗျာ"

စာပေရှူး ပိုင်မင်းက ...

"လျှို့ဝှက်အဖွဲ့ရဲ့ ခေါင်းဆောင်ပေါ့ဗျာ"

"ဪ"

"ကျုပ်အပေါ်မှာ သူ့ရဲ့ကျေးဇူး အတော်များများရှိနေတာ"

ချူးလုစန်း သက်ပြင်းချလိုက်လေသည်။

စာပေရှူး ပိုင်မင်းက ...

"လျှို့ဝှက်အဖွဲ့ခေါင်းဆောင်က ဘယ်သူဘယ်ဝါဆိုတာ မင်း သိချင်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ချူးလုစန်းက ဝန်ခံလိုက်လေသည်။



ပိုင်မင်းက ...

"ဒါဖြင့် မင်းက လျှို့ဝှက်အဖွဲ့ထဲ ဝင်လိုက်တာ အကောင်း ဆုံးပဲ"

"ဘာဗျ"

"ဟဲ ဟဲ ... ငါက ခေါင်းဆောင်ကြီးကို ပြောပေးမယ်၊ သူက မင်းကို သဘောကျမှာ သေချာပါတယ်"

"ဟား ဟား ဟား"

ချူးလုစန်း လှောင်ပြောင်ရယ်မောလိုက်လေသည်။

ပိုင်မင်းက ...

"မင်း ဘာရယ်တာလဲ"

ချူးလုစန်းက ...

"ခင်ဗျားကို သဘောကျလို့ပါဗျာ"

ပိုင်မင်းက ...

"ဪ ... ကျုပ်ကို သဘောကျနေတာကိုး"

ချူးလုစန်းက ...

"ခင်ဗျားဟာ သူများထက်ပိုပြီး တတ်နိုင်တဲ့လူတစ်ယောက် ဖြစ်နေတာကိုး၊ ခင်ဗျားတို့ လျှို့ဝှက်အဖွဲ့ခေါင်းဆောင်ဆိုတာ ဆရာ ကြီး ဖူးရီကို ပြောတာမဟုတ်လား"

ပိုင်မင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါ အမှန်ပဲ"

"သူ့ကို သိုင်းလောကသားတွေက ပိုင်းဝန်းဟန့်တားကြမယ် ဆိုရင် သူ ဘာတတ်နိုင်မှာလဲဗျာ"

ပိုင်မင်းက ...

"မင်းမှားနေပြီ၊ သူ့ကို ဘယ်သူကမှ တတ်နိုင်ကြမှာ မဟုတ်ဘူးကွ"

"ခင်ဗျားမှားနေတာပါ၊ သူက သိုင်းလောကတစ်ခုလုံးကို တတ်နိုင်မှာတဲ့လား"

"မင်း မယုံဘူးလား"

ချူးလုစန်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်က ခင်ဗျားတို့ကို ဆုံးမပြီးတာနဲ့ ပြိုင်စံရှား ဖူးရီကို ဆုံးမလိုက်ပါ့မယ်ဗျာ"

စကားဆုံးလျှင် ပိုင်မင်းထံ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေ သည်။

"ကျုပ်လည်း ရှိပါသေးတယ်လေ"

ယိကျုန့်ကလည်း ခုန်ဝင်လာလေသည်။ ဝင်းပို မနေနိုင် တော့ဘဲ ...

"ကျွန်မယောကျ်ားအတွက် ရှင်တို့ကို ဆုံးမရမှာပေါ့"

သုံးယောက်သား လက်တွဲကာ တိုက်ပွဲဝင်လိုက်ကြ၏။



ပိုင်မင်းတို့ကလည်း ပြန်လည်တိုက်ခိုက်ကြရာ ပြင်းထန် သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

✲

ချူးလုစန်းနှင့် ယိကျုန့်တို့မှာ ထိပ်တန်းသိုင်းပညာ ရှိသူများ ဖြစ်နေပါသည်။

ဝင်းပိုနှင့်အတူ လက်တွဲကာ သုံးယောက်သား တက်ညီ လက်ညီ တိုက်ခိုက်လိုက်ကြလျှင် ...

'ဝုန်း'

"အောင်မယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟာစ်သံများ တစ်ခဲနက် ထွက်ပေါ်လာပြီး ပိုင်မင်းတို့လူစု တစ်ခဏအတွင်းမှာပင် ဖရိုဖရဲ ဖြစ်သွားကြလေတော့ သည်။

ပိုင်မင်း မျက်နှာပျက်သွားလေသည်။

"မင်းတို့က လျှို့ဝှက်အဖွဲ့အစည်းကို အံတုရဲတာ နည်းတဲ့ သတ္တိ မဟုတ်ဘူး၊ မင်းတို့သတိထားပြီး နေကြပေတော့"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးလျှင် မြေပေါ်ခြေဆောင့်ကာ ခုန်ထွက်သွားလေသည်။

ယိကျန့်က ...

"သူဟာ လျှို့ဝှက်အဖွဲ့မှာ အရေးပါတဲ့ လူတစ်ယောက်ဆိုတာ သေချာတယ်၊ အလွတ်ပေးလို့ မဖြစ်ဘူး"

ချူးလုစန်း သဘောတူလိုက်သည်။

"ဟုတ်တယ် ... ကျုပ်တို့လိုက်သွားကြတာပေါ့"

ထို့နောက် နှစ်ယောက်သား ကိုယ်ဖော့ပညာ အသုံးပြုကာ တစ်ဟုန်ထိုး လိုက်သွားကြလေတော့သည်။

✡

'ဟူး ဟူး ဟူး'

အဝတ်အနက်စားလေတိုးသံများ ထွက်ပေါ်နေ၏။

ပိုင်မင်းက ကိုယ်ဖော့ပညာ အသုံးပြုကာ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့လေသည်။

အတန်ကြာ ပြေးလွှားသွားမိသောအခါ ရေစီးသံ လှိုင်းပုတ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။



ပိုင်မင်းက ဆက်လက်ပြေးသွားလိုက်လျှင် ကမ်းစပ်တစ်နေရာသို့ ရောက်ရှိသွား၏။

ပိုင်မင်းသည် ကမ်းစပ်ရှိ ကျောက်တုံးကြီးတစ်တုံးအနီး၌ ထိုင်ချကာ အမောဖြေလိုက်လေသည်။

ပိုင်မင်း မောဟိုက်နေပြီး ကျောက်တုံးကြီးအနီး ထိုင်ချပြီးသည်နှင့် ...

'ဝေါ့'

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

ချူးလုစန်းတို့နှင့် ရင်ဆိုင်ခဲ့သော တိုက်ပွဲ၌ ဒဏ်ရာရရှိခဲ့သည် မဟုတ်ပါလား။

သူက ဆရာကြီးဖူးရီရှိနေသည့်မြို့ကလေးသို့ အဘယ်ကြောင့် မသွားဘဲ ကမ်းစပ်တစ်နေရာသို့ လာခဲ့ရပါသနည်း။

ထိုကမ်းစပ် တစ်နေရာသည် သီးခြားပညာရှင်များ နေထိုင်သည့် နေရာဖြစ်နေပါတော့သည်။

'ဟူး ဟူး'

အဝတ်အစား လေတိုးသံများနှင့်အတူ လူသုံးယောက် ပြေးလွှားရောက်ရှိလာကြလေသည်။

ထိုလူသုံးယောက်ကား ချူးလုစန်း၊ ဝင်းပိုနှင့် ယိကျန့်တို့ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်မင်း မျက်နှာပျက်သွား၏။

ထိုင်ရာမှထကာ ထွက်ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ချူးလုစန်းတို့က လမ်း ပိတ်ထားကြခြင်းကြောင့် ထွက်ပြေး၍ မရတော့ပေ။

ချူးလုစန်းက ...

"ခင်ဗျား ဘာကြောင့် သည်နေရာကို လာခဲ့သလဲဆိုတာ ကျုပ် စဉ်းစားလို့ မရဘူး"

ပိုင်မင်းက အဖြေမပေးဘဲ မျက်နှာလွှဲထားလိုက်လေသည်။

ထိုစဉ် တိုက်ခိုက်သံများ လေနှင့်အတူ လွင့်မျောလာသည်ကို ကြားလိုက်ရလေသည်။

ချူးလုစန်း မျက်နှာပျက်သွားလေသည်။

"လက်စသတ်တော့ လျှို့ဝှက်အဖွဲ့က သီးခြားသိုင်းပညာရှင်တွေကိုပါ တိုက်ခိုက်ဖို့ ကြိုးစားနေကြတာကိုး"

သီးခြားသိုင်းပညာရှင်များကိုသာ စည်းရုံးသိမ်းသွင်းနိုင်မည် ဆိုပါလျှင် လျှို့ဝှက်အဖွဲ့အစည်းမှာ အင်အားအလွန် တောင့်တင်းသွားမည်ဖြစ်ပြီး သိုင်းလောကအား လွှမ်းမိုးရန် ပို၍ အခွင့်သာသွားမည် ဖြစ်လေသည်။

သို့သော် ... သီးခြားပညာရှင်များသည် လျှို့ဝှက်အဖွဲ့၏



စည်းရုံးသိမ်းသွင်းခြင်းကို လက်မခံသဖြင့် တိုက်ပွဲများ ဖြစ်ပေါ်နေကြောင်း ထွက်ပေါ်လာသော တိုက်ခိုက်သံများက သက်သေခံနေပါတော့သည်။

ချူးလုစန်းက ...

"လျှို့ဝှက်အဖွဲ့က သီးခြားပညာရှင်တွေကို တိုက်ခိုက်နေကြပြီ ဟုတ်လား"

ပိုင်မင်း ဘာမှမပြောပါ။ ချူးလုစန်းလည်း ပိုင်မင်းကို အမှုမထားပါချေ။

"ကျုပ်တို့ မြန်မြန်သွားမှဖြစ်မယ်"

ဟုပြောကာ ပြေးလွှားသွားလေသည်။ ယိကျန့်နှင့် ဝင်းပိုတို့လည်း လိုက်သွားကြ၏။

သစ်ပင်ချုံနွယ်များ ကျောက်တုံးကျောက်ခဲ များကို ကွေ့ပတ်ကာ ပြေးသွားကြပြီးလျှင် ကမ်းစပ်သဲသောင်ပြင်၌ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်နေသည်ကို တွေ့လိုက်ရလေတော့သည်။

✡

www.burmeseclassic.com

www.burmeseclassic.com



သီးခြားသိုင်းသမားများ ...

သီးခြားသိုင်းသမားများ နေထိုင်သည့် နေရာသို့ လျှို့ဝှက်အဖွဲ့က ကျူးကျော်ထိုးဖောက်ကာ တိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

ကမ်းစပ်အတွင်း လျှို့ဝှက်အဖွဲ့မှ အနက်ရောင်ဝတ်ထားသူများ ပြည့်နှက်နေ၏။

သီးခြားသိုင်းသမားများသည် ထိပ်တန်းသိုင်းပညာရှိကြပြီး လျှို့ဝှက်အဖွဲ့ကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်သူများ မဟုတ်ပါလား။

ချူးလုစန်းက ...

"လျှို့ဝှက်အဖွဲ့က သိုင်းလောကကို ဒုက္ခပေးနေပြီ၊ သိုင်းဆရာ ဖူးရီဟာ သူ့အကြောင်း ပေါ်ပေါက်သွားတော့ မထူးတော့ဘူးဆိုပြီး တိုက်ပွဲတွေ ဖန်တီးနေတာပဲ"

ယိကျန့်က ...

"ဖူးရီကို အရေးယူရမယ်၊ သူ့ကိုအရေးယူလိုက်ရင် ပြဿနာတွေအားလုံး ပြီးဆုံးသွားပြီး ငြိမ်းချမ်းသွားမှာပဲ"

ချူးလုစန်းက ...

"သူက အရေးယူတာကို လက်ခံမယ့်လူစားမျိုး မဟုတ်ပါဘူးဗျာ"



ယိကျန့်က ...

"ဒါဆို သူ့ကို တိုက်ခိုက်ဖမ်းဆီးရမှာပေါ့"

ချူးလုစန်းက ...

"သိပ်တော့မလွယ်ဘူး၊ ဖူးရီရဲ့သိုင်းပညာဟာ ကြောက်စရာကောင်းတဲ့အဆင့် ရောက်နေပြီဗျ"

ထိုအချိန်မှာပင် ...

'ဝုန်း'

"အား"

"အောင်မယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

ချူးလုစန်းတို့ ကြည့်လိုက်ကြလျှင် အနက်ရောင်ဝတ်ထားသူများ လဲကျသွားကြသကဲ့သို့ သိုင်းသမားအချို့လည်း အထိနာသွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ချူးလုစန်းသည် မြေပေါ်လဲကျနေသော သီးခြားသိုင်းသမားနှစ်ယောက်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွား၏။

တစ်ယောက်က ရှေ့ပြေးဧည့်ကြို ဂူးဟွားဖြစ်သည်။

ကျန်တစ်ယောက်က မုချီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူးဟွားနှင်မုရှိုတို့မှာ လျှို့ဝှက်အဖွဲ့၏လက်ချက်ဖြင့် အသက်ပျောက်သွားကြပြီ ဖြစ်လေသည်။

ထို့အပြင် တတိယမျက်လုံးနှင့် တစ်ဖွတ်ထိုးဘုန်းကြီးတို့လည်း ဒဏ်ရာရထားကြပြီ ဖြစ်လေသည်။

ခွန်အားအပြည့်ဖြင့် ရင်ဆိုင်နိုင်သူဟူ၍ ငွေမှုတ်ဆိတ် တစ်ယောက်သာ ရှိတော့သည်။

ငွေမှုတ်ဆိတ်က အနီရောင်ဝတ်ထားသည့် အဘိုးအိုတစ်ယောက်နှင့် ရင်ဆိုင်နေခြင်း ဖြစ်လေသည်။

ထိုအနီရောင်ဝတ်ထားသော အဘိုးအိုကား လျှို့ဝှက်အဖွဲ့ခေါင်းဆောင် ဖူးရီ ဖြစ်ပါတော့သည်။

ဖူးရီသည် သူ၏လက်အောက်တွင် စည်းရုံးသိမ်းသွင်းထားသော ထိပ်တန်းသိုင်းသမား အများအပြား ရှိနေပါသော်လည်း သီးခြားပညာရှင်များမှာ ခေသူများမဟုတ်ကြသဖြင့် သူကိုယ်တိုင်လာခဲ့ခြင်း ဖြစ်လေသည်။

တိုက်ပွဲများ ပြင်းထန်ကာ လျှို့ဝှက် အဖွဲ့ဝင်အများအပြား သေဆုံးခဲ့ရသလို သီးခြားပညာရှင်များလည်း တဖြည်းဖြည်း အထိနာသွားတော့သည်။

ချူးလုစန်း အကဲခတ်နေစဉ်မှာပင် ...

'ဝုန်း'



"အား"

ငွေမှုတ်ဆိတ်မှာ ဖူးရီ၏ လက်ချက်မိကာ အဝေးသို့ လွင့်စဉ်သွားသည်ကို တွေ့လိုက်ရတော့သည်။

"ဟာ"

ချူးလုစန်း ရင်ထိတ်သွားသည်။ လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ ...

"ကျုပ်လည်း ရှိပါသေးတယ်ဗျာ"

အော်ငေါက်ရင်း ဖူးရီထံသို့ ခုန်ဝင်သွားလိုက်လေတော့သည်။

ဖူးရီက ...

"သွားစမ်း"

လက်ပြန်ဖွေ့ယမ်းလိုက်၏။

ပြင်းထန်သော လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာကာ ချူးလုစန်းထံ တိုးဝင်သွားလေသည်။

ချူးလုစန်းက ...

"ယား"

ဩသံပေးကာ ခန္ဓာကိုယ် တွန့်လိမ်ပြီး လေထဲ ခုန်တက်လိုက်သည်။

တစ်ဆက်တည်း ခြေနှစ်ချောင်းဖြင့် ကန်ကျောက်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်လိုက်လေသည်။

ထိုအချိန်တွင် …

"စားကြည့်ထား"

ယိကျန့်ကလည်း ငွေရောင်ဓားကို အသုံးပြုကာ ဝင်ရောက်တိုက်ခိုက်လာလေသည်။

ဖူးရီ ရင်ထိတ်သွား၏။

ယိကျန့်ဘက်သို့လှည့်ကာ ရင်ဆိုင်နေစဉ်မှာပင် ချူးလုစန်း၏ခြေထောက်ကန်ချက်က သူ၏ဝဲဘက်ပခုံးကို ကန်ကျောက်မိသွားတော့သည်။

'ဝုန်း'

ဖူးရီး ဒယီးဒယိုင် နောက်ဆုတ်လိုက်ရလေသည်။

ဖူးရီ ဒေါသချောင်းချောင်း ထွက်သွားလေသည်။

"သေပေတော့"

မြေပေါ် ခြေဆောင့်ကာ ချူးလုစန်းထံသို့ တစ်ဟုန်ထိုး ခုန်ဝင်သွားလေသည်။

"ကျုပ်ရှိသေးတာပဲဗျာ"

ယိကျန့်က ငွေရောင်ဓားကို ဝှေ့ယမ်းကာ တားဆီးလိုက်ပြန်သည်။

"မင်း သေချင်ပြီထင်တယ်"



ဖူးရီက ယိကျန့်ဘက် ချက်ချင်းလှည့်ကာ တိုက်ခိုက်လိုက်လေသည်။

ထိုအချိန်မှာပင် …

"ဟိတ်"

"ယား"

ချူးလုစန်းနှင့် ဝင်းပိုတို့က ဝဲယာတစ်ဖက်တစ်ချက်မှ တိုက်ခိုက်လာကြရာ သုံးဦး အခက်ကြုံသွားတော့သည်။

ချူးလုစန်းတို့ သုံးယောက်စလုံး သိုင်းပညာခေကြသည် မဟုတ်ပါ။

သုံးယောက် သိုင်းပညာသုံးမျိုး ဖြစ်နေသည်။

မတူညီသော သိုင်းပညာရပ် သုံးမျိုး ဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်လိုက်ကြသကဲ့သို့ ရှိနေကြသည်ဖြစ်ရကား မမျှော်လင့်ဘဲ ချူးလုစန်းတို့သုံးယောက်၏မတူညီသော သိုင်းပညာသုံးမျိုးသည် အလွန်ထောင့်စေ့ပြီး အစွမ်းထက်သော သိုင်းပညာတစ်ရပ်ပမာ ဖြစ်လာလေတော့သည်။

ဖူးရီက ချူးလုစန်းတို့အား အမှုထားသည် မဟုတ်ပါ။

သို့သော် ချူးလုစန်းတို့၏တိုက်ကွက်က သူ့အား ခြိမ်းခြောက်လာသဖြင့် ရင်ထိတ်သွားတော့သည်။

သီးခြားသိုင်းသမားကြီးများကိုပင် သူက အလွယ်တကူ

www.burmeseclassic.com

www.burmeseclassic.com



အနိုင်ယူခဲ့သည်။

ချူးလုစန်းတို့သုံးယောက်နှင့်ကျမှ အခက်ကြုံရခြင်းကြောင့် စံပြင်းဒေါသထွက်လာ၏။

ချူးလုစန်းတို့ ကံကောင်းသွားကြခြင်း ဖြစ်သည်။

မမျှော်လင့်ဘဲ သုံးယောက်ပေါင်းစည်းမိကာ သူတို့၏ သိုင်းပညာသုံးမျိုးက တစ်ချိန်တည်း တစ်ပြိုင်တည်း ထုတ်ဖော် ရာ၌ ပေါင်းစပ်ထားသော သိုင်းပညာတစ်ရပ်ကဲ့သို့ ထွက်ပေါ်လာပြီး ဖူးရီကို ဒုက္ခပေးနိုင်ခဲ့ခြင်း ဖြစ်ပေတော့သည်။

ထို့အပြင် ဖူးရီက ဒေါသတကြီး ဖြစ်လာခြင်းကြောင့် သူ၏ သိုင်းကွက်များ အဆီအငေါ် မတည့်တော့ဘဲ ဖရိုဖရဲ ဖြစ်လာလေတော့သည်။

"ဟိတ်"

"ယား"

"သေပေတော့"

ချူးလုစန်းတို့ ဩသံပေးကာ တိုက်ခိုက်လိုက်ကြလျှင် ...

'ဝုန်း'

"အား"

ဖူးရီ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ဖူးရီခံလိုက်ရသည်ကိုမြင်လျှင် လျှို့ဝှက်အဖွဲ့မှ လူများ



ကြောက်ရွံ့ထိတ်လန့်ကာ ထွက်ပြေးသွားကြတော့သည်။

မမျှော်လင့်ဘဲ ဖူးရီကို အနိုင်ယူနိုင်လိုက်သဖြင့် ချူးလုစန်းတို့လည်း ဝမ်းသာအားရ ဖြစ်သွားကြလေတော့သည်။

✿

နန်းတွင်းသိုင်းသခင်မအား ယိကျန့်က ဖူးရီနှင့်အပေါင်းပါများအား ဖမ်းဆီးကာ အရေးယူအပြစ်ပေးနိုင်ရန် စီစဉ်ခဲ့လေသည်။

သိုင်းလောကအား ဒုက္ခပေးနေသည့် လျှို့ဝှက်အဖွဲ့ကား ပျက်စီးသွားပြီဖြစ်ရာ သိုင်းလောကလည်း အေးချမ်းသာယာသွားတော့သည်။ ယိကျန့်က ...

"သိုင်းလောကမှာ နောက်ထပ်ပြဿနာတွေ ပေါ်ပေါက်မလာရလေအောင် နေလကျမ်းကိုလည်း ဖျက်ဆီးပစ်လိုက်တာ အကောင်းဆုံးပါပဲ"

ဟု ဗိုင်ရှင်ဝင်းပိုကို မှာကြားသွားလေသည်။ ဝင်းလိုက ...

"စိတ်ချပါ ... ကျွန်မ ဖျက်ဆီးလိုက်ပါ့မယ်"

ဟု ကတိပေးလိုက်၏။

သို့သော် သူမသည် သိုင်းကျမ်းကို မဖျက်ဆီးဘဲ ချူးလု

www.burmeseclassic.com

www.burmeseclassic.com



စန်းကို လက်ဆောင်ပေးလိုက်လေသည်။

"နေလကျမ်းကို လေ့ကျင့်အောင်မြင်ခဲ့ရင် သိုင်းလောက အကျိုး အများအကျိုးကို ပိုပြီး ဆောင်ရွက်နိုင်လိမ့်မယ်၊ ဒါကြောင့် မင်းကို လက်ဆောင်ပေးလိုက်မယ်၊ မင်းယူသွားပေတော့"

ချူးလုစန်းက ငြင်းသော်လည်း ဝင်းပိုက အတင်းပေးနေသဖြင့် မတတ်သာဘဲ လက်ခံလိုက်ရတော့သည်။

ဝမ်းတိနှင့်နေလ ကျမ်းကိုလည်းကောင်း၊ လျှို့ဝှက်အဖွဲ့ကို ဖော်ထုတ်ရာ၌ ချူးလုစန်းကို ငါးစာအဖြစ် လည်းကောင်း၊ နယ်ရပ်လေးတစ်ခုအတွက်လည်းကောင်း အသုံးပြုခဲ့ကြသူများက ယခုတော့ ချူးလုစန်းကို သူရဲကောင်းတစ်ဦးအဖြစ် သတ်မှတ်လိုက်ကြပြီ ဖြစ်လေသည်။

ချူးလုစန်းသည် ကျောက်ဖြူရဲတိုက်ပိုင်ရှင် ဝင်းပိုကို နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

✲

လမ်းပေါ်၌ အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေကြ၏။



ချူးလုစန်းက ငေးမောကြည့်နေပြီးမှ ...

"မရဏာမီးပုံးကို လိုက်ရှာရမယ်"

ဟု ရေရွတ်လိုက်လေသည်။

မရဏာမီးပုံး ကြူးထိုက်ယီနှင့် ကြူးယွင်တို့သားအဖက သူ့အား ကူညီခဲ့ကြသည် မဟုတ်ပါလား။

ဝင်းပိုထံမှရလာသော နေလကျမ်းကို ကြူးထိုက်ယီနှင့် ကြူးယွင်တို့အား တစ်ဆင့်ပြန်လည် လက်ဆောင်ပေးရန် ချူးလုစန်း စိတ်ကူးထားလေသည်။

ချူးလုစန်းက မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့၏။

တစ်နေရာသို့အရောက်တွင် ခြေလှမ်း တုံ့ခနဲရပ်တန့်သွားလေသည်။

သူက အာမခံဌာနတစ်ခု၏ဆိုင်းဘုတ်ကို တွေ့မြင်လိုက်ခြင်းကြောင့် ဖြစ်သည်။ ထိုဆိုင်းဘုတ်၌ ...

"သံမဏိ အာမခံဌာန"

ဟု ရေးသားထားလေသည်။

ဝမ်းတိ၏ စိန်ရွှေအာမခံဌာနကို ဝယ်ယူခဲ့ကြပြီး သံမဏိ အာမခံဌာနဟု ပြောင်းလဲဖွင့်လှစ်ထားကြခြင်း ဖြစ်လေသည်။

ချူးလုစန်းက ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ အာမခံဌာနထဲသို့ လှမ်းဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အာမခံဌာနထဲသို့ရောက်လျှင် ပိုင်ရှင်ထင်းကျောင်းနှင့် ဆိုက်ဆိုက်မြိုက်မြိုက် ဆုံ တွေ့လိုက်ရလေသည်။

ချူးလုစန်းက ...

"ကျုပ်က ခင်ဗျား‌ရဲ့ သံမဏိအာမခံဌာနဆိုင်းဘုတ်ကိုဖြုတ်ပြီး စိန်ရွှေအာမခံဌာန ဆိုင်းဘုတ်ပြန်တင်လိုက်မယ်ဆိုရင် ခင်ဗျား ဘာပြောမလဲ"

ဟု မေးလိုက်လေသည်။

ထင်းကျောင်းက ...

"ဒါဟာ နဂိုက စိန်ရွှေအာမခံဌာနပါပဲ၊ ဘာမှ ပြောစရာ မရှိပါဘူး"

ချက်ချင်းပင် အဖွဲ့သားများကို ခေါ်ကာ သံမဏိအာမခံဌာန ဆိုင်းဘုတ်ကို ဖြုတ်ကာ စိန်ရွှေအာမခံဌာန ဆိုင်းဘုတ် ပြန်လည် တပ်ဆင်ပေးလိုက်လေသည်။

ချူးလုစန်း ကျေနပ်သွား၏။

"စိန်ရွှေအာမခံဌာနကို ခင်ဗျားပဲ ဆက်ပြီး တာဝန်ယူလိုက်ပါတော့ဗျာ"

ထင်းကျောင်းကို နှုတ်ဆက်ပြီး အာမခံဌာနထဲမှ ပြန်ထွက်သွားလေတော့သည်။

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com